www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၁၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၆၁၀၂၁၁
ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♠ ဦးကျော်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ ♠ ၅၀၀ အုပ်
တန်ဖိုး ♠ ၁၀၀ ကျပ်
ဖြန့်ချိရေး ♠ မိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

'ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း' (CIP)

၈၉၅·၈၃
သင်မြတ်နိုး
နှလုံးသားရဲ့သံစဉ်ချို/ သင်မြတ်နိုး ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၇၂) စာ၊ ၁၂ စင်တီမီတာ x ၁၇·၇ စင်တီမီတာ
(၁) နှလုံးသားရဲ့သံစဉ်ချို


BURMESE CLASSIC .com

(၁)

ငွေခရ အလုပ်တွေအများကြီးလုပ်ချင်သည်။ ပိုက်ဆံရှာချင်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဆေးကျောင်းတက်ချင်လို့ပါ။ အခြေခံပညာအထက်တန်းမှာ ငွေခရက ဂုဏ်ထူး (၄)ခုနဲ့ အောင်ထားပြီး ဂုဏ်ထူးမထွက်တဲ့ဘာသာတွေကလည်း ဂုဏ်ထူးနားကပ်နေတော့ ငွေခရအမှတ်က ဆေးတက္ကသိုလ်ဝင်ဖို့ သေချာနေသည်။ ငွေခရ မေမေက ကုန်စုံဆိုင်လေးဖွင့်ထားပြီး ဆေးတက္ကသိုလ်တက်နိုင်သည်အထိ ငွေကြေးထောက်ပံ့မှု မပြုနိုင်ပါ။ သားအမိနှစ်ယောက်အတွက်ပဲ စားဝတ်နေရေး ဖူလုံနိုင်ခဲ့သည်။ ငွေခရက ဆရာဝန်ပဲ ဖြစ်ချင်သည်။ ဒါကြောင့်လည်း အခြေခံပညာအထက်တန်းစာမေးပွဲမှာ ရည်မှန်းချက်ကြီးကြီးနှင့် ကြိုးစားခဲ့တာပါ။ မေမေက ပညာရေးတော့ အားပေးပါသည်။ ကျူးရှင်း



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာပြီး ငွေခရအတွက် ဖြည့်စွမ်းပေးခဲ့သည်။ ငွေခရ ဂုဏ်ထူးတွေနဲ့အောင်ပေမယ့်လည်း မေမေ အပြည့်အဝမပျော်ရွှင်နိုင်ဘဲ ကျန်းမာရေးချို့တဲ့လာသည်။ သမီးကို ဆရာဝန်မကြီးဖြစ်စေချင်ပေမယ့်လည်း ငွေကြေးက မပြည့်စုံ။ မေမေက ကျောင်းဆက်မထားနိုင်တော့ဘူးထင်တယ် ငွေခရရယ်။ မေမေ စိတ်မကောင်းလိုက်တာဟု ပြောပြီး ငိုသည်။

'မေမေ ဘာမှစိတ်မပူနဲ့၊ ခရ ကြိုးစားပြီးငွေရှာမယ်၊ အချိန်တွေရှိပါသေးတယ် မေမေရယ်'

'မဟုတ်မဟတ်တွေနဲ့တော့ ငွေမရှာပါနဲ့နော်၊ ငွေခရ ဆရာဝန်မဖြစ်လည်း ဘာဖြစ်လဲ၊ စာပေးစာယူပဲတက်ပြီးတော့ ကုမ္ပဏီတွေမှာဝင်လုပ်၊ သမီးငွေခရက ဉာဏ်ရည်ထက်မြက်တာပဲ၊ တိုးတက်ကြီးပွားလာမှာပါ၊ ဖြည်းဖြည်းချင်းပဲ ကြိုးစား'

မေမေအကြောက်ဆုံးကတော့ ငွေခရ ဆေးကျောင်းတက်ချင်တိုင်း ပိုက်ဆံကို မရိုးမသားရှာဖွေလိုက်မှာပင်။ သမီးငွေခရက အရမ်းလှပြီး တန်ဖိုးကြီးတဲ့ မိန်းကလေးတဲ့။ ကိုယ်ကျင့်တရားကို အစက်လေးတစ်စက်လောက်တောင် မစွန်းထင်းစေချင်တာတဲ့။

မေမေက ငွေခရကို ငယ်စဉ်လေးကတည်းက မျက်စိ





အောက်ကနေ အပျောက်မခံဘဲ အရိပ်တကြည့်ကြည့်။ ဖြူဖြူစင်စင် သမီးပျိုလေးအဖြစ် ပြုစုစောင့်ရှောက်လာခဲ့သည်။

'ငွေခရနော်… မေမေ မကြိုက်ဆုံးက ပိုက်ဆံကို လောဘတကြီး ရှာချင်နေတာပဲ၊ ကိုယ့်ဘဝကို နားလည်စမ်းပါ၊ သမီး သင်တန်းတွေတက်၊ မေမေ့ဆိုင်လေးကရတဲ့ဝင်ငွေလေးနဲ့ပဲ နိုင်နင်းတဲ့ပညာပဲ ဆက်သင်ရမယ်'

မေမေ့ရှေ့မှာတော့ ငွေခရ ခေါင်းလေးညိတ်ပြီး လက်ခံလာခဲ့ပေမယ့် တကယ်တမ်းကျတော့ ဆေးကျောင်းပဲတက်ချင်သည်။ ပိုက်ဆံရှာချင်သည်။ မေမေ စိတ်ပူနေသလိုတော့ ငွေခရက ပိုက်ဆံရှာမလား။ ဝေးသေးတယ်။ ကိုယ့်ခွန်ကိုယ့်အားနဲ့ပဲ ပိုက်ဆံရှာချင်တာပါ။ မေမေက အထင်သေးလို့။ ငွေခရကတော့ ပိုက်ဆံရတဲ့အလုပ်ဆိုရင် ရိုးသားဖြူစင်တဲ့အလုပ်တွေအားလုံး လုပ်မယ်။ မေမေလည်း ကျန်းမာရေးမကောင်းတော့ပါဘူး။ စာမေးပွဲအောင်စာရင်းထွက်ကာစဆိုတော့ အချိန်တွေရပါသေးတယ်။ ဆယ်တန်းကျောင်းသားတွေကို ဂိုက်ပြန်လုပ်လည်း ရတာပဲ။ ငွေခရ ခေါင်းထဲမှာ ငွေရနိုင်မည့်အလုပ်တွေပဲ စဉ်းစားနေသည်။

'ရ'

'ဟင်…'



www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာတွေဝေးငိုင်ပြီး စဉ်းစားလာတာလဲဟဲ့၊ တကယ့်ကို ငှူငှူ‌ဝေါင်ဝေါင်နဲ့၊ ကားဝင်တိုက်ဦးမယ်'

'ဟယ်… ဖြူစင်'

သူငယ်ချင်းဖြူစင်ကို တွေ့လိုက်သဖြင့် ငွေခရု ဝိုပြီး အားတက်သွားရသည်။ ဖြူစင်လည်း အလုပ်မျိုးစုံလုပ်ပြီး ငွေရှာနေရရှာ၏။ ငွေခရုထက်တောင် ချို့တဲ့နေသေးသည်။ မိသားစုကလည်း များသေးသည်။ အစ်ကိုတွေက အလုပ်မလုပ်ဘဲ အရက်သောက် လောင်းကစားတွေလုပ်နဲ့ စိတ်ရှုပ်စရာပါ။ နာမည်ကဖြူစင်။ လူကတော့ စုတ်စုတ်ချာချာ။ မည်းညစ်ညစ်။ ငွေခရုနှင့် တစ်ရပ်ကွက်တည်းနေတာပါ။ ဖြူစင်က ကိုးတန်းနှင့် ကျောင်းထွက်ထားရသူ ဖြစ်၏။

'နင် ဘယ်သွားမလို့လဲ ဖြူစင်'

'လက်မှတ်သွားတိုးမလို့'

'ဘာလက်မှတ်လဲ'

'ရုပ်ရှင်လက်မှတ်'

'ဟင်…'

ဖြူစင်က နာမည်ကြီးရုပ်ရှင်တွေမှာ လက်မှတ်တွေတိုးဝယ်ပြီး မှောင်ခိုရောင်းချနေသူဟု ငွေခရု သိထားသည်။





'အခု သမ္မတမှာ ရုံတင်နေတဲ့ကားက အရမ်းရယ်ရတယ်ဟ၊ လူတွေကြိတ်ကြိတ်တိုးပဲ၊ တို့အတွက် အမြတ်ကျန်တယ်'

'ဟုတ်လား'

အမြတ်ကျန်တယ်ဆိုတော့ ငွေခရု နည်းနည်းစိတ်ဝင်စားသွားကာ မျက်လုံးတွေပါ ပြူးကျယ်သွားပြီး ဖြူစင်ကို ကြည့်သည်။

'ဒီတစ်ပတ် အရမ်းထောတယ်ဟ၊ လူတွေအရမ်းများတော့ လက်မှတ်မှောင်ခိုရောင်းရတာ အရမ်းကျန်တယ်လေ'

'ဘယ်လောက်တောင်ကျန်လို့လဲဟယ်'

'တစ်စောင်သုံးရာလောက်ကျန်တာဟ၊ အစောင်တွေကအများကြီးရောင်းရတာ၊ ထောနေတယ်'

ငွေခရုရော ဖြူစင်နှင့်အတူတူ ရုပ်ရှင်လက်မှတ် မှောင်ခိုလိုက်ရောင်းရင် ကောင်းမလားပဲ။ အရင်းလည်း ရှိသည်။ ငွေခရုကုတ်ခြစ်စုဆောင်းထားသည့် ပိုက်ဆံသုံးသောင်းရှိသည်။ အဲဒီငွေကို အရင်းလုပ်ပြီး လက်မှတ်လိုက်ပြီး မှောင်ခိုရောင်းရင် အမြတ်က သေချာနေသည်။ မေမေသိသွားရင်တော့ ငွေခရုအသေပဲ။ အလုပ်ရှာမည်ဆိုပြီး အမေ့ကို ပြောထွက်လာခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း အရေးကြီးတာက ငွေရဖို့ပဲ။ ပြောမယ့်သာ ပြောတာ။ ကိုယ်ကျင့်တရားပျက်ပြားတဲ့အလုပ်မှ မဟုတ်တာဘဲ။ မေမေ မသိနိုင်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့။ ငွေခရ လုပ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာသည်။

'ဖြူစင်'

'ပြော··· သူငယ်ချင်း'

'ရလည်း လိုက်ပြီးလက်မှတ်တိုးရောင်းရင် ကောင်းမလားပဲ'

'အမလေး··· ရှရယ်၊ နင့်အမေသာသိသွားရင်လေ အကြီးအကျယ် ပြဿနာတက်မှာ၊ နင့်အမေက မရှိသေးကြီး၊ သူ့သမီးကို ဖြူစင်တို့နဲ့ပေါင်းတာတောင် ကြိုက်လို့လား၊ တော်ပါတော့'

'အမေမှ မသိနိုင်တာပဲ၊ အခုတလော မေမေ သိပ်နေမကောင်းဘူးဟ၊ ဈေးဆိုင်တောင် မဖွင့်ဘူး၊ အိပ်ရာထဲမှာ လဲနေတယ်'

'နင်ကရော. ဘာဖြစ်လို့ ဒီအလုပ်လုပ်ဖို့ စိတ်ကူးရတာလဲ ရှရာ'

ဘာပဲဖြစ်ဖြစ် ဖြူစင်ကတော့ ရှကို ကြွကြွရွရွ လှလှပပ





လေးဖြင့် ဆေးကျောင်းသူအဖြစ်ပဲ မြင်တွေ့ချင်သည်။ ရှတ ဘယ်သူ့နှင့်မှမတူဘဲ ဆန့်ကျင်ဘက် တစ်သွေးတစ်မွေး။ ရှအမေ ဒေါ်ငွေငွေသော်က ပိုးမွေးသလို မွေးထားတာပါ။ ဖြူစင်တို့က အကြောင်းသိ။ ရှမေမေက သမီးရှနှင့်ပတ်သက်လာလျှင် ကြီးကြီးကျယ်ကျယ်။ အဖြူစင်ဆုံးသမီးလေးပဲ ဖြစ်စေရမယ်တဲ့။ ရှက ပိုက်ဆံစုနေတာတော့ ဖြူစင်လည်း သိ၏။ ကူညီနိုင်တာလည်း မရှိ။ ဖြူစင်ကိုယ်တိုင်က ရှကို ဖြူစင်တို့လုပ်သည့် လက်မှတ်မှောင်ခိုအလုပ်တော့ မလုပ်စေချင်ပေ။

'မလုပ်ပါနဲ့ ရှရယ်၊ နင်နဲ့ မဖြစ်ပါဘူး၊ ဖြူစင်တို့အလုပ်က အရှမ်းကြမ်းပါတယ်'

'ကြမ်းကြမ်းဟာ၊ ဒီလို အမြတ်ရမယ့်အလုပ်တွေလုပ်မှ ကျောင်းတက်ဖို့အမီ ငွေစုမိမှာ၊ ကုမ္ပဏီမှာသွားလုပ်ရင် လခက ဘယ်လောက်ရမှာလဲ ဖြူစင်၊ ဂိုက်လုပ်ဖို့ကျတော့လည်း ကျောင်းသားတွေက တစ်ဝက်တစ်ပျက်နဲ့၊ ကျောင်းပြန်ဖွင့်မှ ရမှာ၊ လောလောဆယ်တော့ လုပ်အားနဲ့ပဲ ငွေရှာရမှာပဲ'

'ရှရယ်'

'နင်တို့ ငါတို့က ဘဝတူတွေပါ ဖြူစင်ရာ၊ ရှက မမေ့ ကြောင့်ပါ၊ မေမေက ရှကို ရွှေလိုဥပြီးမွေးလာတာလေ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မေမေ့ကျန်းမာရေးက ရုကို ရွေ့လို့မှဥမထားနိုင်တော့တာ'

'နင့်အမေ အန်တီသော် သိသွားရင် အရမ်းစိတ်မကောင်းဖြစ်ရမှာပဲ၊ ဖြူစင့်ကို အပြစ်တင်မှာ'

'မေမေ မသိနိုင်ပါဘူး၊ မကောင်းတာလုပ်တာမှ မဟုတ်တာ၊ ရုကတော့လေ ဘယ်အလုပ်ကိုမှ အထင်မသေးဘူး၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ'

'တစ်ခါတလေ သက်ဆိုင်ရာတွေက လာဖမ်းရင် ပြေးရတာနော် ရု၊ လွတ်ရာလွတ်ကြောင်းကို ကိုယ့်ဟာကိုယ်ပြေးရတာဖြစ်ပါ့မလားဟယ်၊ နင့်ပုံစံနဲ့'

'ရုလည်း တစ်နေ့တစ်နေ့ အလုပ်မရှိရင် စိတ်ညစ်တယ်၊ အလုပ်တွေလိုက်မလျှောက်ချင်ဘူး ဖြူစင်၊ တစ်လမှ ငါးသောင်းလောက်ပဲရမှာ၊ ရုက ဆရာဝန်ပဲဖြစ်ချင်တာ'

'နင် စုဆောင်းထားတဲ့ ပိုက်ဆံနဲ့ရော ဖြစ်မလား ရုရ'

'အခု ရသလောက်စုမယ်ဟာ၊ နောက်မှ Guide လုပ်မယ်၊ စာသင်မယ်၊ ဆရာဝန်တစ်ယောက်ဖြစ်အောင်တော့ မဖြစ်မနေ ကြိုးစားချင်တယ်'

'ရုရယ်'





ရုကိုတော့ ဖြူစင်လည်း ကူညီချင်သည်။ ရုက အရမ်းလှသည်။ နှုတ်ခမ်းလေး ထူထူအမ်းအမ်း၊ နီစွေးစွေးလေးက ရုမျက်နှာမှာ ဆွဲဆောင်နိုင်ဆုံးပဲ။ နှာတံလေးတွေလည်း စင်းစင်းလေး။ အသားအရေက ဝင်းအိစက်နေသည်။ ရုအမေ အန်တီသော်ကတော့ သူ့သမီးကို ရွေ့မှန်စားပြီးမွေးထားတာတဲ့။ ရုငယ်ငယ်လေးကတည်းက ရုမိဘတွေ ပိုက်ဆံချမ်းသာသည်။ ဖြူစင်တို့လိုလူမျိုးတွေနှင့် သူငယ်ချင်းအပေါင်းပင် မလုပ်စေရ။ ဒါပေမဲ့လည်း ရုဖေဖေ ဆုံးသွားတော့ ရုမေမေက စီးပွားရေးမလုပ်တတ်၍ တဖြည်းဖြည်းနှင့် စီးပွားကျကာ ဆင်းရဲသွားခြင်းဖြစ်သည်။

'ဖြူစင်'

'ဟင်...'

'ရုကို ဘာဖြစ်လို့စိုက်ပြီးကြည့်နေရတာလဲဟ၊ ဘာလဲ သနားလို့လား၊ လုံးဝပဲနော် ဖြူစင်၊ ဘာမှမဖြစ်ဘူး၊ ရု လိုက်ခဲ့မယ်နော်'

ရု စဉ်းစားသည်။ အမြတ်ကျန်တာပဲ။ သမ္မတမှာတင်တဲ့ဘားက အရမ်းနာမည်ကြီးနေ၏။ လူကြိတ်ကြိတ်တိုးပဲ။ ရုလည်းသိသည်။ ရုပုံစံက တကယ့်ကို နှဖတ်နေတာလား။ ဘာပဲဖြစ်ဖြစ် ဖြူစင်နှင့်အတူတူ ရု သမ္မတရုပ်ရှင်ရုံကို လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှ တွေ့လား၊ လူတွေကြိတ်ကြိတ်တိုးနေတာ၊ လက်မှတ်က တို့ယူပြီးသားပဲ၊ လက်မှတ်တွေ သွားလဲရအောင်'

ဖြူစင်က Booking လုပ်ထားသည့်စာရွက်တွေနှင့် ရုပ်ရှင်ကြည့်ဖို့လက်မှတ်သွားလဲဖို့ သူမလက်လေးကိုဆွဲကာ လက်မှတ်ရောင်းဌာနကို သွားသည်။

'လူတွေများလိုက်တာဟာ၊ ဟဲ့… ဖြူစင်၊ လက်မှတ်တွေက ကုန်နေပြီပဲ၊ ရှအတွက်ရော'

'လောလောဆယ်တော့ လေ့လာတဲ့အနေနဲ့ အခြေအနေကို ကြည့်ဦးလေ ရှ၊ နင်ရောင်းဖို့အတွက် ဖြူစင် လက်မှတ်တချို့ ခွဲပေးမယ်၊ လိုက်ရောင်းကြည့်လေ၊ သတ္တိရှိလို့လား ရှရယ်'

'ရှိပါတယ်၊ ဒါ ဘာဖြစ်လဲ၊ ရှ ရောင်းရဲပါတယ်၊ ဒါပေမဲ့ နင့်အမြတ်တွေ ရှကိုခွဲပေးနေရမလိုဖြစ်နေပြီ၊ ဒီနေ့တော့ နင့်ကိုပဲ ကူရောင်းပေးမယ်လေ ဖြူစင်'

'ရပါတယ်ဟာ၊ နင်နဲ့ ငါက ငယ်သူငယ်ချင်းတွေပဲဟာ၊ ပြောစရာမလိုပါဘူး'

'နင်က ရှထက်တောင် ဆင်းရဲဒုက္ခရောက်နေတာပါ၊ မိသားစုကလည်း များတယ်၊ နင့်အမြတ်တော့ မယူချင်ဘူး'

ဖြူစင်အမြတ်ထဲကတော့ ရှ ခွဲမယူချင်ပါဘူး။ ဖြူစင့်





ဘဝက အရမ်းကြမ်းတမ်းလွန်းနေသည်။ ထိုအချိန်တွင် ဖြူစင့်အသိတစ်ယောက်က လာမှတ်တွေလာပေးသဖြင့် ရှမှာရှိနေသည့်ပိုက်ဆံဖြင့် ဝယ်လိုက်၏။ ရှ အရင်းအနှီးလုပ်လိုက်တာပါ။ မေမေသာ သိသွားရင်တော့ ရှ အသေပဲ။ မတတ်နိုင်ဘူးလေ။ ပိုက်ဆံရှာချင်သူကိုး။ ဖြူစင်က လက်မှတ်တွေလိုက်ရောင်းတော့လေဆိုတော့ ရှ ယောင်ချာချာနှင့် ရှက်မိသလိုလို မလွယ်ပါလား။ ရှ မရောင်းရဲ။

ဖြူစင်ကတော့ သွက်သွက်လက်လက်နှင့် လက်မှတ်တွေရောင်းနေသည်။

'ရောင်းလေ ရှ၊ ပါးစပ်ကလည်း ဖြူစင်တို့အော်သလိုလိုက်အော်လေ၊ ကဲပါ… ရှ မရောင်းနဲ့တော့၊ ဖြူစင်ပဲ ရောင်းပေးမယ်'

'ရပါတယ်… ရှ ရောင်းပါ့မယ်၊ အရေးကြီးတာက အမြတ်ရဖို့ပဲ'

ရှ လက်မှတ်တွေကိုင်ပြီး လိုက်ရောင်းဖို့ပြင်နေတုန်းရှိသေးသည်။ ဖြူစင်က ရောက်လာပြီး ရှ ပြေးတော့။ လိုက်ဖမ်းနေပြီ။ ပြေးလေ ပြေးတဲ့။ ဖြူစင်လည်း ပြေးလိုက်တာ လှစ်ခနဲပျောက်သွားသည်။ ရှလည်း ဘာမှစဉ်းစားမနေတော့ဘဲ ခြေဦး



www.burmeseclassic.com

www.burmeseclassic.com



တည့်ရာပြေးခဲ့၏။ အမလေး… ရနောက်မှာက ရဲတစ်ယောက် အပြေးလိုက်လာနေသည်။ ဘုရားရေ… ရကို ဦးတည်လိုက်နေတာပဲ။ ရစိတ်ထဲကနေ ဘုရားတလိုက်ပြီး သုတ်ခြေတင်ပြီး ပြေးတော့သည်။

❧ ❧ ❧



(၂)

ပြေးရင်းနှင့် ရ ဘာမှစဉ်းစားမနေတော့ဘဲ လူတစ်ယောက်ကားမောင်းတဲ့နေရာတွင် ထိုင်နေပြီး တံခါးဖွင့်ထားတဲ့ ကားအကောင်းစားကြီးရဲ့ ရှေ့ခန်းမှာ ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်သည်။ ရနောက်ကိုလိုက်နေတဲ့ရဲတွေ မျက်စိလည်ပြီး ရကို ကျော်ဖြတ်သွား၏။

ရဲတွေပျောက်သွားမှပင် ရ မွန်းကျပ်နေသည့်စိတ်ကို လျှော့ချပစ်လိုက်ကာ သက်ပြင်းမှုတ်ထုတ်ပစ်ရသည်။

'ဟူး… တော်ပါသေးရဲ့'

'ဟေ့… မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကားထဲ ဝင်ထိုင်ရတာလဲ အမိ'

'ဟင်…'

မာမာထန်ထန် ဩဇာပြည့်ပြည့် ခက်ဆတ်ဆတ်အသံကြောင့် ရအနေအထားကို သတိရသွားပြီး ထိုအသံလာရာဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ရ လှည့်ကြည့်မိသွားသည်။ ဟွန်း… မျက်နှာကြီးက တည်တင်း နေတာပဲ။

ရကလည်း လွတ်မြောက်စေရန် ထိုကားထဲဝင်ထိုင်ပစ် မိပေမယ့် အထင်သေးတဲ့ မျက်ဝန်းတွေနှင့် စိမ်းစိမ်းတောက် တောက်ကြည့်နေတာတော့ မနှစ်သက်သဖြင့် မျက်နှာထားတင်း တင်းဖြင့် တုံ့ပြန်ကြည့်ပစ်လိုက်၏။ အပြင်တော့ မထွက်ရဲသေးဘဲ ခပ်တည်တည်နှင့် ဆက်ထိုင်နေရသည်။

'ဪ… မင်းက လက်မှတ်တွေမှောင်ခိုရောင်းတဲ့ ကောင်မလေးပဲ၊ အတော်ပဲ… ရဲလက်အပ်ရမယ်၊ ငါက လက်မှတ်မှောင်ခိုရောင်းတဲ့လူတွေကို အမြင်ကတ်တတ်တယ် ငါ့ဆီလာပြီး အကူအညီတောင်းလို့ကတော့ ရဲလက်အပ်ပြီးသား ပဲ'

'ဟင်… ရှင်… ရှင်…'

ရ ကြောက်ကြောက်လန့်လန့်နှင့် ကားပေါ်ကဆ ဆင်းပြေးတော့မည် ပြင်လိုက်တော့ ကားတံခါးက lock ကျသွား သည့်အသံ ကျောက်ခနဲကြားလိုက်ရသည်။ သူ lock ပိတ်ပစ်လိုက် တာပဲ။ ဘုရားရေ… ရကို ရဲလက်အပ်တော့မယ်ထင်တယ် စိတ်ပုပ်တဲ့လူကြီး။ ရကလည်း ကံဆိုးချင်တော့ ဒီလူကြီးကား





ထဲကိုမှ ဝင်မိသည်။ ပြန်ထွက်သွားဖို့အတွက် ခက်သွား၏။ သူ့ကို ကြည့်လိုက်တော့ ကားစက်ကိုပင် နှိုးနေသည်။

'ဒီမှာ ရှင် ဘာလုပ်တာလဲ၊ မရှိဆင်းရဲသားတွေ အမြတ် ငွေလေးရလို့ရငြား လက်မှတ်တိုးရောင်းတာ ရှင်က ဘာဖြစ်နေ တာလဲ၊ ကိုယ်ချင်းစာတရားမရှိဘူး၊ အင်းလေ… ဘယ်ရှိမလဲ၊ ရှင်တို့က သူဌေးတွေပဲ၊ ဒီမှာ ရှင်တို့အိတ်ထဲက စိုက်ပေးရတာ လည်း မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ ကြားထဲကနေ မနာလိုဝန်တို ဖြစ်နေရတာလဲ'

သူက ဘာမှတုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ရကို အဖက်မတန် သလိုလို ကားကိုပဲမောင်းထွက်သည်။

'ဒီမှာ ရှင် ဘယ်ကိုမောင်းမှာလဲ'

'ရဲစခန်း'

'ဘာ…'

'မင်းကို မြန်မာလိုပြောနေတာ နားမလည်ဘူးထင်တယ်၊ ရဲစခန်း… ရဲစခန်း'

'ဒီမှာ တောင်းပန်ပါတယ်၊ ကျွန်မအမေ့ကို ဆေးကုဖို့ ငွေလိုသွားလို့ပါ၊ တစ်ခါမှလည်း ဒီအလုပ်မလုပ်ဖူးပါဘူးနော် ဒီတစ်ကြိမ်ပဲ လုပ်မိတာပါ၊ နောက်ထပ် မလုပ်တော့ပါဘူး၊ နော်ရှင်



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်တွေ ရဲကသိမ်းသွားရင် ကျွန်မ အရင်းပြုတ်မှာ၊ ရဲစခန်းကို မပို့ပါနဲ့ရှင်'

'ပို့မယ်'

'မရှိလို့လုပ်စားတာပဲရှင်၊ ကျွန်မတို့ ခိုးဝှက်စားသောက်တာမှ မဟုတ်တာ'

'အမြတ်ကြီးစားလေ'

'ဝယ်တဲ့သူတွေက သူဌေးတွေပါ၊ ရှင်က ဘာဖြစ်လို့ ကြားထဲကနေ ဝင်ပြီးကပ်စေးနှဲနေရတာလဲ၊ ဆင်းရဲသားတွေက ရုပ်ရှင်ကားတွေ ဘယ်လောက်ပဲကောင်းကောင်း မျှော်ခိုကနေ မဝယ်ကြပါဘူး၊ ဝယ်ကြည့်နိုင်တဲ့လူတွေပဲ ဝယ်ကြည့်ကြတာပါ'

'အမြတ်ကြီးစားကို အမြင်ကတ်လို့'

'ရှင်ရူးနေလား၊ မဖြစ်စလောက်လေးကို၊ အကြီးအကျယ် အမြတ်ကြီးတဲ့လူတွေကို ရှာဖွေပြီး သုတ်သင်ရှင်းလင်းပါလား၊ အစိပ္ပာယ်မရှိလိုက်တာ၊ မောင်း… ကြိုက်တဲ့နေရာကို မောင်း၊ လူ့ခွစာကြီး'

ပြောမယ့်သာ ပြောရတာ။ ရတော့ စုထားတဲ့ပိုက်ဆံလေးတောင် ပြုတ်ပါပြီ။ အရင်းထဲ ပါသွားသည်။ ဖြူစင်က





မလုပ်ပါနဲ့လို့တော့ ပြောသားပဲ။ ရကိုက အတင်းလုပ်တာ။ အမြတ်မရဘဲ စုထားတဲ့အရင်းလေးပါ ကုန်ပြီ။ ဒီလူကလည်း တောင်းပန်လို့မရဘူး။ ရဲစခန်းကို မောင်းနေတာတဲ့။ ရ ဘယ်လိုလုပ်ရမလဲ။ သူ့ကားရဲ့တံခါးကိုလည်း ရ မသိမသာဖွင့်ကြည့်တာ မဖွင့်တတ်ပေ။ ခေါ်ချွေးတွေပြန်လာ၏။ မေမေသာသိသွားရင် မလွယ်ဘူး။

ရ သေမှာလား။ မေမေ သေမလားပဲ။ ဒီလူကြီးကလည်းလေ ရုပ်တည်ကြီးနဲ့ ကားကိုပဲမောင်းနေသည်။

'ကျွန်မ တောင်းပန်ပါတယ် ဦးလေးကြီးရယ်၊ ရဲစခန်းရောက်သွားလို့ ပြဿနာဖြစ်ရင် မေမေသိသွားလို့ အရမ်းစိတ်ဆိုးမှာပါ၊ မေမေက မကြိုက်ဘူး၊ ရက ရှည်ကြောပြီး အမြတ်လိုချင်တာနဲ့ လုပ်မိတာပါ'

'မင်းနာမည် ဘယ်သူလဲ'

'ငွေခရုပါ'

'ငွေခရု'

'ဟုတ်ကဲ့'

ဒီလူကြီးကို တရိုတသေဆက်ဆံမှ ဖြစ်မယ်။ ရှေ့ခန်းစွာပြီး ကလန်ကဆန်နဲ့ဘုတောနေမယ်ဆိုရင် ရဲလက်အပ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လုပ်မယ့်ပုံစံကြီး။ လုံးဝကို ကိုယ်ချင်းစာတရားမရှိတာ ကြည့်ပါလား။

မျက်နှာကြောကြီးက တင်းလို့။ လူကိုများ အဖက်မတန် သလို စိမ်းစိမ်းတောက်တောက်ကြီး ကြည့်နေသေးသည်။ ရ စိတ်ရင်းအတိုင်းဆို ရန်စွာပစ်လိုက်ချင်ပေမယ့် အရင်းပြုတ်တဲ့ အပြင် အချုပ်ထဲရောက်လို့ မဖြစ်သေးပါဘူး။ ပြဿနာဖြစ်တာ မေမေ သိသွားရင် အရမ်းစိတ်ဆိုးမှာ။ မေမေက ဘယ်လောက်ပဲ ဆင်းရဲနွမ်းပါးနေပါစေ ရက မင်းသမီးလေးပဲ။ အထွတ်အထိပ် ထားသည်။

'ဟို… ဦးလေးကြီး… ကားရပ်ပေးပါနော်'

'မင်းအသက် ဘယ်လောက်လဲ'

'မသိဘူး'

'ဘာပြောတယ်'

'ဟို… ရကလေ ကိုယ့်အသက်ကို ထုတ်ပြောလေ့မရှိ ပါဘူး ဦးလေးကြီး၊ သေမင်းကြားသွားမှာ စိုးရိမ်လို့ပါ'

'ဘာ…'

ဘာဖြစ်လို့ ပြောပြရမှာလဲ။

တော်တော်စပ်စုတယ်။





ရှအသက်ကို ပြောလိုက်ရင် ဘာတွေအပြစ်တင်ဦးမလဲ မသိပါဘူး။

ရလည်း ပါးစပ်ထဲတွေ့ရာ ပြောပစ်လိုက်တာ။ ရအသက် က ငယ်နေသေးတော့ ဒီလူကြီး မလောက်လေးမလောက်စားဆို ပြီး ပိုနိမ့်ချဆက်ဆံမှာ။ မပြောဘူး။ ရအသက် ဘယ်လောက်ပဲ ဖြစ်ဖြစ် ရှင်နဲ့ ဘာဆိုင်လို့လဲ။ ဒေါသက ဖြစ်ချင်လာသည်။

'ကောင်းပြီလေ… မင်းအသက် မပြောရင် ငါ့အသက် ပြောမယ်၊ ငါ့အသက်က နှစ်ဆယ့်ငါးနှစ်'

ဒုက္ခပါပဲ။ ပေရှည်နေလိုက်တာ။ လူဝင်မှုကြီးကြပ်ရေး သလား မသိပါဘူး။ အသက်တွေ စစ်ဆေးနေသည်။ ရ ကားပေါ် အနေ ဆင်းချင်တာပါ။ ပြန်ချင်ပြီ။ မေမေ စောင့်နေတော့မယ်။ ရုပ်ရှင်လက်မှတ်တွေကိုလည်း ဖြုစင့်ဆီ အချိန်မီပြန်ပေးချင်နေ သည်။ ကြာရင် အရင်းပြုတ်တော့မည်။

ဘုရားရေ… ရုပ်ရှင် ပြသမယ့်အချိန်တောင် ကပ်နေပြီ။ ရ ချွေးတွေသီးထလာသည်။

'မင်းနဲ့ ငါ အသက်ချင်းဘယ်လောက်ကွာလဲ'

'ရှင်… အဲ… ဆယ့်ရှစ်နှစ်နဲ့ နှစ်ဆယ့်ငါးနှစ်ဆိုတော့ အသက်ကွာခြားချက်က'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအသက် ဆယ့်ရှစ်နှစ်ပေါ့'

'ရှင်...'

သူမ ခပ်ကြောင်ကြောင်နှင့် သူ့ကို မော့ကြည့်သည်။ ဟုတ်တယ်။ သူ့မျက်နှာက နုဖတ်နေ၏။ ရထက် (၇)နှစ်ပဲ ကွာတာပါ။ လူကြီးတစ်ယောက်လို မျက်နှာကြီးတည်ထားပေ မယ့် မျက်နှာက နုပျိုသန့်စင်နေကာ နှုတ်ခမ်းသားတွေက စိုရဲနေ သည်။ နှာတံက စင်းဖြောင့်နေပြီး တော်တော်ဆွဲဆောင်မှုရှိတာ ပဲလို့ တွေးနေမိသည်။

'မင်း ဘာဖြစ်လို့ ဦးလေးကြီးလို့ ခေါ်ရတာလဲ၊ တမင် ငါ့ကို အဘိုးကြီးပါလို့ အရွဲ့တိုက်ခေါ်တာ မဟုတ်လား'

'အဲ... မဟုတ်ပါဘူး ဦးလေးကြီး၊ အဲ... ဟိုလေ... ရိုသေသမှုနဲ့ပါ၊ မျက်နှာကြီးက တင်းနေလို့ လူကြီးတစ်ယောက် ပုံစံဖြစ်နေတယ်၊ လေးစားတာလည်း ပါပါတယ်'

'မင်းက မြှောက်ပင့်ပြီး လေးစားတယ်ပြောလည်း ငါက တော့ အချုပ်ထဲပို့မှာပဲ'

'နေပါဦး... အကျိုးမရှိတဲ့အလုပ်တွေကို ဘာဖြစ်လို့ လုပ်ချင်ရတာလဲ၊ ကျွန်မ အချုပ်ထဲရောက်တော့ ရှင့်ကို ဘယ်သူ က သူရဲကောင်းတံဆိပ် ချီးမြှင့်မြှောက်စားမှာမို့လို့လဲ၊ အစိုးရယ်





မရှိတာ၊ အလုပ်တွေအရမ်းအားနေလား၊ အလုပ်မရှိ အကိုင်မရှိ ၁၀၉၊ ၁၁၀ လား'

'မင်း... မင်း...'

'ကားရပ်ပေးပါ၊ ကျွန်မ နောက်မလုပ်တော့ဘူးလို့ ပြော ထားပြီးပြီပဲ၊ ငွေလိုနေလို့ပါဆို၊ ကျွန်မအမေ ဆေးဖိုးလေ၊ ရှင် မယုံရင် လိုက်ကြည့်၊ ကျွန်မအမေ အိပ်ရာထဲမှာ လဲနေတယ်၊ ကျွန်မ ရုပ်ရှင်လက်မှတ်ကို ပြန်ပေးချင်တယ်၊ ရုပ်ရှင်ပြသချိန် ကျော်သွားရင် ဒုက္ခရောက်မှာ'

သူ ငွေခရူဆိုတဲ့ ကောင်မလေးကို ကြည့်မိသည်။ ရုပ်ကလေးလှလှချောချောလေးနှင့် ခပ်နွမ်းနွမ်းပုံစံလေးက မာနု တွေ အစိုင်အခဲနဲ့ပါလား။ မျက်ဝန်းတွေက တောက်ပမာထန်နေ ၏။ အသားအရေလေးက ဝင်းဝင်းဖန့်ဖန့်၊ ဖြူဖြူအိအိ။ ဘာဖြစ် လို့များ လက်မှတ်မှောင်ခိုရောင်းတဲ့ ကောင်မလေးဖြစ်နေရတာ လဲ။ အမေ့အတွက် ဆေးဖိုးရှာတာပါတဲ့။ တစ်ကြိမ်တစ်ခါပဲ လုပ်ဖူးတဲ့ပုံစံ၊ အတော်လေး ကြောက်နေသည်။ သူ နောက်နေတာ ပါ။ မာနတကြီးနှင့်ရန်တွေ့နေသည့်ကောင်မလေးကို အမြင်ကတ် လာပြီး စနေမိ၏။ အမေ့အတွက် ဆေးဖိုးရှာတာဆိုတော့လည်း သူ စိတ်မကောင်းဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေခရ'

'ပြော'

'မင်းလေသံက မာလွန်းနေတယ်'

'ဒုက္ခပါပဲ၊ ကျွန်မ တောင်းပန်ပါတယ်၊ ပြောပါရှင်'

'ငါ့နာမည်က ဩရသပါ'

'ဟင်…'

'သားကြီးလေ ဩရသ၊ ဒယ်ဒီ မာမီတို့ရဲ့ သားကြီးပဲ'

သူ သားကြီးဖြစ်တာတွေဘာတွေ ရှ စိတ်မဝင်စားနိုင်။ ရုပ်ရှင်က ပြတော့မည်။ အချိန်မီရောင်းမှပါ။ ရှ အရင်းပြုတ်တော့မည်။ ရှုံ့ကြောင့်ပဲ။ အရေးထဲ ပေရှည်နေသည်။ ကားရပ်ပေးစမ်းပါ။ ဒါတောင် ရှ Taxi နှင့်သွားရမည်။ ဘယ်ရောက်နေမှန်းပင် မသိ။ စုဆောင်းထားတဲ့ပိုက်ဆံလေး ပြန်ရမှဖြစ်မည်။ ဖြူစင်က ရဲတွေလိုက်ဖမ်းတုန်း ပြေးပြီးတော့ ပြန်ရောင်းကြရတာပဲတဲ့။ ရှ ငိုမဲ့မဲ့လေးဖြစ်နေသည်။

'ငွေခရ'

'ဟင်…'

'မင်း အရင်းပြုတ်မှာ စိုးရိမ်နေတယ် မဟုတ်လား၊ ဟား… ဟား… ဟား…'





အရေးထဲ သူများဒုက္ခရောက်နေတာကို ရယ်မောနေသေးသည်။ လူစိတ်မရှိလိုက်တာ။ သူ ရိုက်ပစ်ချင်လိုက်တာနော်။ ရှ နာရီကြည့်မလို့၊ ဘယ်နှနာရီထိုးနေပြီလဲ မသိ။ သူ့ကားရှေ့မှာ နာရီရှာသည်။

'မင်း ဘာရှာနေတာလဲ'

'နာရီ'

'ဘာလုပ်ဖို့လဲ'

'ရုပ်ရှင်ချိန်လေ ကျွန်မ အမီသွားမှဖြစ်မယ်၊ ရုပ်ရှင်ချိန်ကျော်သွားရင် လက်မှတ်တွေလွှင့်ပစ်လိုက်ရမှာရှင့်'

'ဟား… ဟား… ဟား… ရုပ်ရှင်ပြချိန်က လွန်သွားပြီလေ ငွေခရ'

'ဟင်…'

အမလေး… သေပါပြီ။ သူ ပေရှည်နေလို့ အကျင့်ယုတ်လိုက်တာ။ ပြီးတော့ တဟားဟားအော်ရယ်နေသေးသည်။ ရှ အရင်းပြုတ်သွားပါပြီ။ ခြစ်ခြစ်ကုတ်ကုတ် မစားရက် မသောက်ရက် စုဆောင်းထားခဲ့တဲ့ ပိုက်ဆံတွေပါ။ နင် ရှည်ကြောတာပဲ ငွေခရ။

ကိုယ်နားမလည်တဲ့အလုပ်ကို ဝင်လုပ်ချင်တာ အမြတ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ထင်တာနဲ့ အန္တရာယ်ကို မမြင်တော့ဘူး။ မေမေသိသွားရင် အဆူခံရဦးမည်။ ရှုနှုတ်ခမ်းလေးက စူထော်သွားသည်။

'ရှင် ကျွန်မကို ရဲစခန်းပို့ချင်လည်း ပို့တော့ ကားရပ်ပေးပါ၊ လူတစ်ယောက် ဒုက္ခရောက်နေတာကိုကြည့်ပြီး တော်တော်ပျော်နေတယ်ထင်တယ်၊ ကိုယ်ချင်းစာတရား မရှိလိုက်တာ'

ဩရသက သူ့ကားလေးကို လမ်းဘေးမှာထိုးရပ်သည်။ ငွေခရုရဲ့ စိတ်ညစ်နေသည့် မျက်နှာလေးရှုံ့မဲ့မဲ့လေးက ရယ်ချင်စရာ။ ပိုက်ဆံကို နှမြောနေပုံပဲ။ လက်မှတ်တွေကို ဆုပ်ကိုင်ထားတဲ့ လက်ဖြူဖြူဝင်းအိအိလေးတွေက တုန်ယင်နေသည်။

'အဲဒီလက်မှတ်တွေ ကိုယ့်ကိုပေး'

'ရော့...'

ယူလေ။ ဘာမှအသုံးမကျတော့တဲ့ စက္ကူစုတ်တွေပဲ။ မယူတော့ပါဘူး။ ပြန်ရုံပဲရှိတယ်။ အမလေး... နှမြောလိုက်တာနော်။ ရှိစုမဲ့စုလေးတွေ ကုန်ပါပြီ။ ဖြူစင်က တားသေးတာပဲ။ ရှုက လောဘကြီးတာ။ ခံပေါ့။ လက်မှတ်တွေ သူ့လက်ထဲ ထည့်ပေးလိုက်ပြီး သူ့ကို ကျောခိုင်းထွက်ခွာဖို့ ပြင်သည်။

'ငွေခရု... ရော့... မင်းလက်မှတ်ဖိုး ပိုက်ဆံ'

'ဟင်...'





'ကိုယ်ဝယ်လိုက်တာ၊ မင်းကို စိတ်ညစ်အောင် စလိုက်ရလို့ ငါ အရမ်းပျော်တယ်၊ ဟာသရုပ်ရှင်တစ်ကား ကြည့်လိုက်ရသလိုပဲ၊ မင်းအမေအတွက် ဆေးကုသစရိတ်၊ နောက်ဆို ပိုက်ဆံမှာတာ ကြည့်ရှာနော်၊ သွားပြီ'

သူမလက်ထဲသို့ ပိုက်ဆံတစ်အုပ် ထည့်ပေးပြီး ကားကို ဆေါခနဲမောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

'ဟင်…'

ပိုက်ဆံအုပ်ကို ကြည့်လိုက်တော့ တစ်ထောင်တန်အုပ်။ အမလေး… တစ်သိန်းတောင်။ သူမအရင်းက သုံးသောင်းလောက်ပဲရှိတာပါ။ အခု သူ ပြန်ပေးသွားတာက တစ်သိန်း။ အမြတ်ကလည်း ကြမ်းလိုက်တာ။ ရုပ်ရှင်လက်မှတ်တွေ အကုန်ရောင်းရရင်တောင် အမြတ်က ဒီလောက်ကျန်မှာ မဟုတ်။ ရှု လက်ချောင်းလေးတွေက တစ်သိန်းအုပ်ကို ဆုပ်ကိုင်ထားရင်း တုန်တုန်ယင်ယင်ဖြစ်နေသည်။

'ဘာသဘောလဲ၊ လူကို အထင်သေးပြီး ပိုက်ဆံမက်တဲ့ ကောင်မလေးဆိုပြီး အကြောကြီးနဲ့ပေးသွားတာပဲ'

ပိုက်ဆံတွေကို မြင်လိုက်ရတော့ ရှုတ်တရက်ဝမ်းသာသွားပေမယ့် သေသေချာချာပြန်စဉ်းစားကြည့်တော့လည်း ရှု





ရှက်သွားရသည်။ ရှု တကယ်ပဲ သိက္ခာမရှိ အရှက်ကင်းမဲ့လွန်းသွားရသည်ဟု တွေးမိသွားပြီ။ မျက်နှာပူလိုက်တာ။ သေချင်တာပဲ။ ဘာမဟုတ်တဲ့ပိုက်ဆံလေးနဲ့ ငမ်းငမ်းတက်နေတဲ့ ကောင်မလေးဆိုပြီး သူ အထင်သေးသွားပြီလား။ ဟွန်း… သူ အထင်သေးတော့ရော ဘာဖြစ်လဲ။ နောက်ထပ်ပတ်သက်စရာ အကြောင်းမှမရှိတော့တာပဲ။ စိတ်ပျက်လိုက်တာ။ ရှု ဘာတွေလျှောက်လုပ်မိတာလဲလို့ နေ့စေ့လေးတွေးမိလေ ရှက်ရသည်။

'ရှု'

'ဟင်… ဖြူစင်'

'အမလေး… ရှု ဘယ်ရောက်နေတာလဲ'

'ဖြူစင်ရော ဘာမှမဖြစ်ဘူးနော်'

'ဒီလိုပဲ ပြေးလွှားနေရတာပဲ၊ ဘဝဆိုတာ ကြမ်းတမ်းတယ် ရှု၊ ရုန်းကန်နေကြရတာပဲ၊ ရှုရော ဘာတွေဖြစ်လဲ၊ လက်မှတ်တွေရော၊ ဖြူစင် စိတ်မကောင်းလိုက်တာ၊ ပွဲချိန်က လွန်သွားပြီ၊ ရှု အရင်းပြုတ်ပြီ'

'မပြုတ်ပါဘူး'

'ဟင်…'

'ရှုလက်မှတ်တွေအားလုံးကို ဝယ်လိုက်တဲ့လူရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'ထားလိုက်ပါတော့'

ဩရသဆိုတဲ့လူနဲ့ တွေ့ခဲ့တဲ့အကြောင်းတွေကို ပြန်မပြောချင်။ မေ့ပစ်လိုက်တာပဲ ကောင်းသည်။ တွေးမိတိုင်း ရှက်စရာကောင်းလွန်းနေသည်။ မေမေက အဲဒီအမူအကျင့်တွေကို မကြိုက်ပါဘူး။ လိုချင်ရမ္မက်ကြီးတာမျိုး၊ လောဘကြီးချင်တာမျိုး မေမေက လုံးဝမနှစ်သက်ပေ။ ရှုကိုလည်း စည်းကမ်းတကျကြီးပြင်းစေပြီး ရိုးသားစွာရှင်သန်စေလိုသည်။

'ရှု ပြန်တော့မယ်'

'ရှု'

'ဟင်…'

'နင်ဖြစ်ချင်တာတွေဟာ တစ်နေ့ကျရင် သူ့ဟာသူဖြစ်လာမှာပါဟာ၊ နင် လုံးဝစိတ်ဓာတ်မကျပါနဲ့'

'အင်းပါ…'

မေမေက ဖြူစင်နှင့်ပေါင်းတာ မကြိုက်ပေ။ စရိုက်တွေတဲ့။ ဖြူစင်ကတော့ ရှုအပေါ် စေတနာထားသည်။

'ရှုအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဖြူစင်ရာ၊ သင်ခန်းစာပဲလေ၊ ရှု ပြန်တော့မယ်'





'ရှု နင့်အရင်းတွေ ပြန်ရအောင် ဖြူစင် ပြန်လုပ်ပေးပါ့မယ်နော်'

'ရပါတယ်… ရှု မဆုံးရှုံးပါဘူး၊ ပိုတောင်ရလိုက်ပါသေးတယ်'

'ရှု'

'ထားလိုက်တော့… သွားပြီနော်'

ဖြူစင့်ကို နှုတ်ဆက်ပြီး ရှု အငှားကားကိုငှားလိုက်တော့ဖြူစင် မျက်လုံးပြူးလေးနှင့် ကြည့်နေသဖြင့် ရှု လျှာလေးတစ်လစ်ထုတ်ပြလိုက်သည်။ ဖြူစင်ကတော့ ဘယ်လိုထင်မလဲ မသိဘူး။ ပိုက်ဆံတွေနမြောပေမယ့်လည်း ဘတ်စ်ကားစီးပြီး မပြန်တတ်တော့။ ရှုလက်ထဲ တစ်သိန်းအုပ်ရှိနေပေမယ့် စိတ်က တကယ်ပဲသန့်။ ဘာပဲဖြစ်ဖြစ် စုဆောင်းထားရမှာပဲလေ။ အိမ်ရောက်တော့မေမေက ဖျားနေသည်။

'ဟင်… မေမေ့တစ်ကိုယ်လုံး ပူခြစ်တောက်နေတာပါလား၊ ဆေးခန်းသွားပြရအောင် မေမေ'

'မပြပါဘူး၊ မေမေ ဘာမှမဖြစ်ပါဘူး၊ အအေးပတ်လို့ဆေးသောက်ထားပြီးပါပြီ'

ဒေါ်ငွေငွေသော် ပိုက်ဆံကို မြိုးခြံချွေတာလိုသည်။ သမီး



www.burmeseclassic.com

www.burmeseclassic.com



ငွေခရုရဲ့ ပြင်းပြတဲ့ဆန္ဒတွေကို သိနေ၍လည်း ပိုက်ဆံစုချင်နေ၏။ ဆေးခန်းမပြပါဘူး။ ဆေးသောက်ထားသည်။ အဖျားက သိပ်မကျချင်ဘူး။ သမီးငွေခရုကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။

'ရု… နားတော့၊ သမီး အလုပ်အတွက် မေမေ ရှာထားတာရှိတယ်၊ အတော်ပဲကွယ်၊ မေမေ့ငယ်သူငယ်ချင်း ဝေဝေက သမီးအတွက် အလုပ်လာပြောတယ်'

'ဘာအလုပ်လဲ မေမေ'

'သူ့မြေးလေးကို စာသင်ပေးရမှာ'

'ဘယ်နှနှစ်လဲ'

'လေးနှစ်'

'ဟာ… မေမေကလည်း ရုက ဆယ်တန်းတွေ ဘာတွေပဲ ဂိုက်လုပ်ချင်တာ၊ ကလေးလေးတော့ မသင်ချင်ပါဘူး'

လေးနှစ်တဲ့။ ကလေးထိန်းရမှာ ရု အကြောက်ဆုံးပဲ။ စိတ်ဓာတ်တောင် ကျသွားရသည်။ ဒါပေမဲ့လည်း လောလော ဆယ်တော့ ရသမျှပိုက်ဆံရှာဖွေစုဆောင်းထားရမှာပဲလေ။ မလုပ်ချင်တာတွေ လုပ်ချင်တာတွေ စဉ်းစားနေလို့မှ မရတာပဲ။

'ကလေးနာမည်က ကောင်းစစ်ဦးတဲ့၊ သူ့အဖေကနာမည်က သွန်းစစ်ဦးတဲ့၊ ကလေးမှာ အမေမရှိတော့ဘူးလေ၊ သေသွားပြီ'





'ဟင်…'

'ကလေးက သနားစရာလေးပါ သမီးရယ်၊ ကလေးမွေးပြီးပြီးချင်းပဲ ဆုံးသွားရှာတယ်'

'ဟုတ်လား'

'မေမေ့သူငယ်ချင်း ဝေက အကူအညီတောင်းတာပါ၊ သူ့မြေးက ဆိုးတယ်၊ ဆရာမတွေ လက်လျှော့ထားရတာတဲ့'

'အမလေး… သေပါပြီ'

'ငယ်သူငယ်ချင်းမို့ မေမေက လက်ခံလိုက်ရတယ်လေ ငြင်းလို့မကောင်းဘူး၊ သူတို့က အရမ်းချမ်းသာကြတယ်၊ နောက်ဆုံး ဝေက ရုကို ဆေးကျောင်းတက်ဖို့ ထောက်ပံ့ပေးမယ်တဲ့၊ ဘယ်လောက်ကောင်းလဲ'

ကလေးထိန်းရမှာ လွယ်ပါ့မလား။ ရု ပိုက်ဆံရှာရတာ ခက်ခဲမှန်းသိ၏။ ကျောင်းဆက်တက်ဖို့ စိတ်ဓာတ်ကျနေတာပါ။ လွယ်ပါလား။ ဟူး… ကျောင်းဆက်တက်ခွင့်အတွက် ကလေးဆိုးတစ်ယောက်ကို ထိန်းကျောင်းစာသင်ပေးရမည်တဲ့။ ရုအတွက် ဘဝကြမ္မာက အဆင်ပြေပြေ ချောချောမွေ့မွေ့မရှိပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလွယ်ကူဘူး။ မေမေ့ကို သူငယ်ချင်းက ဆေးဖိုးပေးထားတယ်တဲ့။ နှမြောလို့တဲ့။ သမီးစုငွေအဖြစ် ထားလိုက်တဲ့။ မေမေက ခေါင်းအုံးအောက်မှ ပိုက်ဆံတစ်သိန်းအုပ်လေး ထုတ်ပေးသည်။ ဒီနေ့ ရဝင်ငွေ နှစ်သိန်းရှိနေပြီ။ ငွေရကံတော့ ရှိသားပဲ။ ရတဲ့ငွေတွေကလည်း တကယ့်ကို အောင့်သက်သက်။ မေမေ စိတ်ချမ်းသာအောင် ရှု လက်ခံပြီး သိမ်းထားလိုက်သည်။

'ရှုက ဆေးကျောင်းတက်ချင်တာ မဟုတ်လား၊ ငွေစုနေတယ်လေ၊ စုထား… မေမေ့အတွက် အရေးမကြီးပါဘူး၊ ရှုလေး တက်ချင်တဲ့ ဆေးကျောင်းက နှစ်တွေအများကြီး ပိုက်ဆံလိုတယ်'

'မေမေ ဆေးခန်းပြပါ၊ အခုတလော တရှောင်ရှောင်နဲ့လေ၊ ရှု စိတ်ပူတယ်၊ ရှုအတွက် မပူပါနဲ့နော်၊ ပိုက်ဆံမရှိလည်း ရှု မတက်ပါဘူး'

'အခုတော့ ပိုက်ဆံက အဆင်ပြေပြီပဲ၊ သမီးရယ်၊ ဝေက ချမ်းသာတယ်၊ ရှုကို ဆရာဝန်ဖြစ်တဲ့အထိ ကျောင်းဆက်ထားပေးနိုင်ပါတယ်'

ရှု ကလေးထိန်းရမှာ စိတ်ညစ်သည်။ ငွေကြေးချမ်းသာကြတဲ့ ကလေးတွေက အရမ်းဆိုးတာပဲ။ မိဘတွေက အလိုလိုက်ထားတတ်ကြတာလေ။ ဒါပေမဲ့လည်း ရှုမှာ တခြားရွေးချယ်စရာ





မရှိတာပဲ။ ရုပ်ရှင်လက်မှတ်တိုးရောင်းရတာနဲ့စာရင် အန္တရာယ်ာင်းသေးသည်။

'ရှု'

'ရှင်…'

'သမီးကလည်း ငယ်သေးတော့ ကလေးမထိန်းချင်တာမေ နားလည်ပါတယ်၊ ဒါပေမဲ့လည်း ရွေးချယ်စရာလမ်း မရှိူးလေ၊ ဝေတို့အိမ်မှာ ရှု သွားနေရမယ်'

'ဘာပြောတယ် မေမေ'

'မေမေ လက်ခံလိုက်တယ်၊ ဘဝရှေ့ရေးအတွက်ပဲကွယ်၊မေကတော့ ဒီအိမ်လေးထဲမှာပဲ နေမယ်၊ ရှု လာတွေ့ပေါ့၊တို့အိမ်မှာ နေထိုင်စားသောက်ပြီး ကျောင်းတက်တာ ရှုအတွက်ြးအဆင်ပြေလိမ့်မယ်၊ ဝေ စီစဉ်ပေးတာပါ၊ မေမေ လက်ခံိုက်တယ် ရှုရယ်'

ဒေါ်ငွေငွေသော်လည်း သမီးဘဝရှေ့ရေးအတွက်ပဲာင်းဆုံးလမ်းကို ရွေးချယ်ပေးခြင်းဖြစ်တာမို့ ဝမ်းနည်းကြွကွဲရသည်။ မိမိ တာဝန်မယူနိုင်တာ စိတ်ထိခိုက်ရသည်။မှာ ရောဂါက စုံနေပြီ။ ရှုမသိအောင် ဟန်ဆောင်နေရတာပဲ။တ လိုက်ပြီးဆေးစစ်ပေးတော့ အဆုတ်ကင်ဆာတဲ့။ အဖျား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မကျဘူး။ ရင်ရော ကျောထဲကရော အောင့်နေသည်။ ရှကို အသိမပေးချင်ပါ။ နောက်ဆုံးအချိန်မှပဲ ရှသိချင် သိသွား... ကျောင်းဘာက မိမိငယ်သူငယ်ချင်း ဝေဝေခင် ရောက်လာပြီး အကူအညီပေးခြင်းပင်။ တစ်ချိန်က ဒေါ်ငွေငွေသော်ကပင် ထောက်ပံ့ပေးခဲ့ရသော ဝေဝေခင်က အိမ်ထောင်ကျပြီး ကြီးပွားချမ်းသာနေ၏။ မိမိဆီ စုံစမ်းမေးမြန်းပြီး ရောက်လာကာ အစစအရာရာ အကူအညီပေးသည်။

'သော်... နင် ဘာမှမပူနဲ့၊ ဝေ ကူညီမယ်၊ နင့်သတင်းကို စုံစမ်းလိုက်ရတာပါဟယ်၊ နင် ဘယ်လိုဖြစ်သွားရတာလဲ၊ စိတ်မကောင်းဘူးဟာ'

'ဒီလိုပဲ ဝေ၊ ဘဝဆိုတာ မြင့်ရာကနေ နိမ့်ပြီးတော့ နိမ့်ရာကနေ မြင့်တက်လာနိုင်တာပဲ၊ နင်ရောက်လာတာ အတော်ပါပဲ ဝေ၊ ငါ့သမီးလေးအတွက် အကူအညီပေးပါ၊ ငါကတော့ လူ့လောကကြီးထဲမှာ ကြာကြာမနေရတော့ဘူးထင်တယ်၊ ကြီးမားတဲ့ ရောဂါဝေဒနာတစ်ခုခု စွဲကပ်နေပြီထင်တယ်'

ဝေက သူ့ကားနှင့် အတင်းအကျပ်ခေါ်သွားပြီး ကျန်းမာရေးတွေ စစ်ဆေးလိုက်တော့ ဒေါ်ငွေငွေသော် ထင်သလိုပဲ အဆုတ်ကင်ဆာဖြစ်နေသည်။





'ငါ့သမီးလေးကို စောင့်ရှောက်ပေးပါ၊ ငါ့သမီးလေး ဖြစ်ချင်တဲ့ ဆရာဝန်မလေးတစ်ယောက်ဖြစ်အောင်ပဲ လုပ်ပေးပါ ဝေ၊ ငါ့ရောဂါကို လျှို့ဝှက်ပေးထားပါဟာ၊ သမီးကို မသိစေချင်ဘူး၊ သမီးရှ ကြိုတင်ပြီး ငါမသေမချင်း စိတ်သောကတွေရောက်နေရမှာ ငါမလိုလားလို့ပါ ဝေရယ်'

'စိတ်ချပါ... နင့်သမီးကို ငါ ခေါ်သွားမယ်၊ ငါ့မြေး လေးတန်းကျောင်းသားလေးကိုလည်း စာသင်ပေးလို့ရတယ်လေ၊ မြေးက အရမ်းဆိုးတယ်၊ ဆရာမတွေတောင် လက်လျှော့ရတယ်၊ ဒါပေမဲ့ နင့်သမီးလေးက ငါ့သမီးလေးလိုပဲ စိတ်ချပါ သော်ရယ်'

မထင်မှတ်ဘဲ ငယ်သူငယ်ချင်းရောက်လာပြီး ဒေါ်ငွေငွေသော်အား အကူအညီပေးတာပဲ ကျေးဇူးတင်ရမည်။ သမီးအတွက် စိတ်အေးချမ်းချင်သည်။

'မေမေ'

'သမီး အနားယူတော့၊ မနက်ဖြန်ပဲ ဝေတို့အိမ် သွားနေရမယ်၊ ဝေ လာခေါ်မယ်လေ'

'ဟင်... ဘာပြောတယ် မေမေ၊ ရှ သွားနေရတော့မယ်၊ မြန်လိုက်တာ... ဘာဖြစ်လို့ အဲဒီလောက်မြန်မြန်ကြီး စီစဉ်ရတာလဲ၊ ကျောင်းကလည်း ဖွင့်ဖို့ လိုသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကလေးကို စာသင်ပေးရမယ်လေ၊ စောစောစီးစီးပဲ သွားနေလိုက်တော့၊ ရှ အပြင်တွေထွက်ထွက်ပြီး ဘာလုပ်နေလဲ မေမေ စိတ်မပူချင်တော့ဘူး'

မေမေ့ကို ရှ ပြူးတူးပြဲတဲနှင့် ကြည့်မိသည်။ ဘယ်လိုဖြစ်တာလဲ။ မနက်ဖြန်ပဲ ပြောင်းနေရတော့မည်တဲ့။ မေမေက ဒီမှာပဲနေခဲ့မှာတဲ့။ ရှ စိတ်မချပါဘူး။ မေမေ့မျက်နှာပေါ်မှာတော့ ကြည်လင်ဝင်းပစွာ ပြုံးနေ၏။ ရှအတွက် စိတ်အေးသွားပုံပင်။ ဘယ်လိုတွေလဲ။ ရှတ်တရက်ကြီး မေမေ့အနားတိုးကပ်ပြီး ထိုင်သည်။

'အဲဒီလောက်မြန်မြန်ကြီး မေမေ မလိုသေးပါဘူးထင်တယ်'

'ရှ ပြောင်းတော့၊ ဒီမှာ မနေစေချင်တော့ဘူး၊ မေမေ စိတ်အေးအောင်ကွယ်၊ ငွေကိုလည်း ဘာမှအားနာစရာမလိုဘူး၊ ငွေ့စိတ်သဘောထားလည်း ပြည့်ဝပါတယ်'

'ရှအတွက် အရမ်းစိမ်းလွန်းနေတယ်၊ မေမေလည်း အတူတူခဏလောက်တော့ လာနေပေး'

'မနေဘူး၊ ရှ သတ္တိရှိရှိ ရင်ဆိုင်စမ်းပါ၊ တွေဝေငေးငိုင်နေတာတွေ မကြိုက်ဘူးနော်၊ သွားနေ··· မေမေ့ဆန္ဒပဲ'





မေမေက ဒါလုပ်ဆို ရှ ငြင်းဆန်ပိုင်ခွင့်မရှိ။ ရှရှေ့ရေးအတွက် စီစဉ်ပေးတာဖြစ်သည်။ ရှ သွားနေရမှာပဲ။ မေမေက အတင်းအကျပ်ပို့မည်ဖြစ်၏။

ကံကြမ္မာတွေကလည်း အပြောင်းအလဲမြန်လိုက်တာ။ မေမေ နေမကောင်းဖြစ်နေတာကရော ထားခဲ့တဲ့။ အအေးမိတာတဲ့။ မေမေ ကလေးမဟုတ်တော့ဘူးတဲ့။ ရှကိုလည်း ဆရာဝန်မလေးအဖြစ် မေမေ မြင်ချင်တာတဲ့။ မေမေ့အနားကနေ ရှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၄)

ရက ကိုယ့်အားပဲ ကိုယ်ကိုးချင်တာပါ။ သူများဆီမှာ သွားနေမှာ တစ်မျိုးပဲ။ ရကို သနားနေတာလည်း မကြိုက်ပါဘူး။ မေမေ နေရောကောင်းရဲ့လား။ မျက်လုံးတွေက အားနည်းဖျော့ရော့ နေသလိုပဲ။ ရ အိပ်လို့မပျော်နိုင်။ အရေးထဲ ဩရသဆိုတဲ့လူကို လည်း သတိရမိလာသည်။

'ရှင်က ရကိုသနားပြီး ပေးလိုက်တာလား၊ ရှင့်အတွက် ဟာသဇာတ်လမ်းလား၊ ပိုက်ဆံတွေပေးလိုက်လို့ ကျေးဇူးတင်မယ် ထင်လား'

ရ အော်ဟစ်ပစ်ချင်နေသည်။ မေမေကလည်း ရအတွက် ပါ။ သိတာပေါ့။ ဘယ်တတ်နိုင်မလဲလေ။ ကံကြမ္မာက ရကို ပညာသင်ထောက်ပံ့ကြေး ပေးမယ်ဆိုတော့လည်း ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ရတော့မှာပေါ့။





'မင်းကို စိတ်ညစ်အောင်လုပ်လိုက်ရတာ ငါ အရမ်းပျော် တာပဲ၊ ဟာသရုပ်ရှင်ကားတစ်ကားကို ကြည့်နေရသလိုပဲ ငွေခရု'

သူ့အသံကိုကြားပြီး အိပ်ရာပေါ်ကနေ ဆတ်ခနဲထထိုင် မိသည်။ ဒေါသဖြစ်လိုက်တာ။ ရကလည်း သူ့ကားပေါ်ကိုမှ တက်မိသွားတယ်။ လက်မှတ်ဖိုးကျသင့်ငွေထက် ပိုပေးသွားလို့ ငွေခရုက ကျေးဇူးတွေတင်ပြီး ဝမ်းသာနေမယ်လို့ ထင်နေလား။ မရှိဆင်းရဲသားတွေကို မထီမဲ့မြင်ပြုလုပ်တာပါ။ ရ ပြန်၍တုံ့ပြန် ချင်ပေမယ့် သူဘယ်မှာနေမှန်းလဲ မသိဘူး။ သူ့ကားနံပါတ်ကို လည်း မမှတ်မိ။ ဒေါသတွေပဲ ထွက်နေသည်။

'သမီး… သတ္တိရှိရှိ ရင်ဆိုင်ပါ၊ လောကကြီးထဲမှာ တွေဝေငေးငိုင် လေးလံနေလို့ အလကားပဲ၊ ကံကြမ္မာအရပဲ ရ'

မေမေက လုံးဝလိုက်မှာမဟုတ်။ သတ္တိရှိပြီး မာကျော သည်။ ဘယ်လိုဘဝမှာပဲနေရနေရ မေမေက တစ်စက်လေး မညည်းညူခဲ့။ ရ စိတ်ဓာတ်တွေကျပြီး ဘဝလမ်းကြောင်း ကွေ့ ကောက်ပျောက်ဆုံးသွားမှာ မေမေ အကြောက်ဆုံးပင်။ ရ ရင်ဆိုင် ရမှာပဲ။ ပိုက်ဆံကို ရှာဖွေစုဆောင်းနေဘော့လည်း ရ ဖြစ်ချင်တဲ့ ဆန္ဒတွေက ဖြစ်လာနိုင်မှာမှ မဟုတ်တာ။ မနက်ကပဲ ကြည့်လေ။ တံကောင်းလို့ ရဲစခန်းမရောက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရု အိပ်ပျော်အောင် အိပ်သည်။

'ရုရေ… သမီး ဒီမှာ ဝေတို့ရောက်နေပြီ၊ ထတော့လေ'

'ဟင်…'

မေမေ့အသံကြောင့် ရု မျက်ခွံလေးဖျတ်ခနဲပွင့်သွားပြီး ကြည့်လိုက်တော့ နေမြင့်နေပြီ။ ရု ညက အိပ်လို့မပျော်လို့ပါ။ အိပ်ရာကနေ လူးလဲထသည်။

'ရု မျက်နှာသစ်၊ နည်းနည်းပါးပါးပြင်ဆင်ပြီး ထွက်လာခဲ့'

'ညက ရု အိပ်မပျော်လို့ပါ'

'အမြန်လုပ်'

မေမေ့ကိုဖက်ပြီး ပါးပြင်ကိုနမ်းတော့ မေမေ့ကိုယ်က ပူခြစ်နေဆဲပင်။ အဖျားရှိနေသေးတာပဲ။ မေမေက ပြုံးသည်။

'ကိုယ်ပူကျန်သေးတာပါ မပူနဲ့၊ ဆေးပတ်မှ မလည်သေးတာပဲ'

'မေမေ'

'လုပ်… လုပ်… မေမေက စိတ်ကြောင့်ပါ၊ စိတ်ပူပြီး ကိုယ်ပူနေတာ၊ ရုအတွက် စိတ်အေးရရင် မေမေ ဘာမှမဖြစ်တော့ဘူး'





ဒေါ်ငွေငွေသော် ပြောပြီး ရု အိပ်ခန်းလေးထဲမှ ထွက်လာခဲ့သည်။ သမီးကို ဝေတို့အိမ်ပို့ဖို့က မိမိတာဝန်ပဲ။ နောက်ဆံတင်းနေလို့ မဖြစ်ဘူး။ မိမိအခြေအနေက မကောင်းတော့ဘူးမဟုတ်လား။ အိမ်ရှေ့ခန်း ပြန်ထွက်လာသည်။

'သမီးက အမြဲတမ်း လုံ့လဝီရိယရှိပြီး တက်ကြွနေတတ်တာပါ ဝေရယ်၊ ညက အိပ်လို့မရဘူးလို့ ပြောနေတယ်၊ စိတ်ထွေပ်ရှားနေတယ် ထင်တယ်'

'ဖြစ်တတ်ပါတယ် သော်၊ စိတ်ချပါ… ဝေလေ သော့်သမီးလေးကို ဝေ့သမီးလေးလို စောင့်ရှောက်ပေးမှာပါ၊ ဆရာဝန်လေးလည်း ထူးထူးချွန်ချွန်ဖြစ်စေရမယ်၊ သော်လည်း ဆေးကုပါဦး၊ ပေတောမနေပါနဲ့၊ ဖြစ်နိုင်ရင် ဝေတို့အိမ်ပဲ လိုက်ခဲ့ပါ၊ အတူတူနေလည်း ရတာပဲ'

'မလိုက်တော့ပါဘူး ဝေ၊ ကိုယ်တစ်ယောက်တည်းပဲ ရောဂါဝေဒနာကို ရင်ဆိုင်ချင်တယ်၊ သမီးလေး ကြိုတင်စိတ်သောကတွေ ရောက်ရမှာကို မလိုလားဘူး၊ သော့်အတွက် စိတ်ချပါ မင်း ထောက်ပံ့ထားလို့ ဆေးကုသလို့လည်း ရနေတာပဲ'

'အင်းလေ… မင်းသဘောပဲ သော်၊ စိတ်ချမ်းသာမယ့် ထင်သလို နေပါ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...'

ငွေငွေသော့်အဖြစ်ကို ကြည့်ပြီး ဝေ စိတ်မကောင်းဖြစ်ရသည်လေ။ ငယ်က ဝေ့ကိုတောင် ထောက်ပံ့ပေးခဲ့ရသူပါ။ ငွေကြေးပြည့်စုံခဲ့၏။ ယောကျ်ားရက်ဆိုးတာ သော့်ခင်ပွန်းက ရုပ်ရည်ချောမောပြီး စီးပွားလည်း အရှာကောင်းပေမယ့် ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးသွားတာမို့ သော် ဒုက္ခအခက်အခဲတွေ ရောက်ရတာပါ။ ဝေ ကူညီမယ်။ မြေးလေးကောင်းကိုလည်း စောင့်ရှောက်မယ့်သူ လိုအပ်နေသည်။

'အဲဒါ ကိုယ့်သမီးလေးပဲ ဝေ'

'ဟုတ်လား'

သော့်သမီးလေးက ချောလိုက်တာ။ မြင်ရသူ ငေးမောသွားအောင်ကို ချောတာပဲ။ ငယ်ငယ်နုနုဖတ်ဖတ် အိအိစက်စက်လေး။ ပညာကလည်း ကြိုးစားတယ်။ လိမ္မာလိုက်တာ။ ဒေါ်ဝေဝေခင် မြင်လိုက်ကတည်းက ချစ်ခင်နှစ်သက်သွားသည်။

'သမီးလေးနာမည်က ငွေခရုတဲ့ ဝေ၊ ရုလို့ပဲ ခေါ်ပါ၊ ဆရာဝန်မလေး အရမ်းဖြစ်ချင်တာပါ၊ မင်းလက်ထဲ အပ်ပါတယ်၊ ရု ဒါက မေမေ့သူငယ်ချင်း ဝေတဲ့၊ သမီးအမေပဲ၊ မာမီဝေလို့ ခေါ်ရမယ်၊ သူက သမီးဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်စွမ်းပေးလိမ့်မယ်'





'သမီးလေးရုက အရမ်းချောလိုက်တာကွယ်၊ မာမီဝေတောင် မြင်မြင်ချင်းပဲ ချစ်တယ်၊ ဘာမှအားမနာနဲ့နော်၊ မေမေနဲ့ ထပ်တူ သဘောထားပါ၊ မာမီဝေ့ကို ငယ်ငယ်က သော်တို့က ကူညီထောက်ပံ့ခဲ့တာလေ'

'ဟုတ်ကဲ့'

'အခု သော့်သမီးလေးကို စောင့်ရှောက်ခွင့်ရတာ မာမီဝေ အရမ်းဝမ်းသာတယ်၊ ရု လွတ်လပ်ပျော်ရွှင်စွာနေပါ၊ တစ်ခုတော့ ရှိတယ်လေ၊ ဒါကလည်း မာမီဝေ တောင်းဆိုတာပါ၊ မာမီဝေ မြေးလေးကောင်းကို စာသင်ပေးပါ၊ ထိန်းသိမ်းစောင့်ရှောက်ပေးပါကွယ်'

မာမီဝေက အရမ်းစိတ်သဘောထားကောင်းလိုက်တာ။ ရုပ်ရည်ကလည်း နူးညံ့သန့်ပြန့်နေတာပဲ။ စိတ်ထဲမှာ နည်းနည်းတော့ အေးချမ်းသွားသည်။ ဒါပေမဲ့ မေမေ့ကို မထားခဲ့ချင်။ ရု စိတ်ပူသည်။ မေမေက အမြဲတမ်း သောက ဒုက္ခတွေကို တစ်ယောက်တည်းခံစားတတ်သူ။ ရုအား မျှဝေမပေးတတ်။ မေမေက ရယ်မောနေသည်။

'ရု လိုက်သွားတော့၊ မေမေ့အတွက် စိတ်မပူနဲ့၊ သူများဆီမှာ တစ်ယောက်ပဲနေတာ ကောင်းတယ်၊ အလိုက်ကန်းဆိုး



www.burmeseclassic.com

www.burmeseclassic.com



သိရမယ်လေ၊ ရုပဲနေ၊ စာကြိုးစားပါ၊ မေမေ့ဆီ သိပ်မလာနဲ့နော်'

'မေမေကလည်း'

'မေမေက စည်းစနစ်ရှိတာကို ကြိုက်တာနော် ရှု၊ အလကားနေရင်း မေမေ့ဆီလာပြီး အချိန်မဖြုန်းနဲ့၊ ကိုယ့်တာဝန် ကိုယ်ကျေပါ'

ဒေါ်ငွေငွေသော် သိပ်ပြီးဟန်မဆောင်နိုင်တော့။ ကျောထဲမှ စူးနင့်အောင့်နေသည်။ မောလည်း မောလာ၏။ ရှုကို ခေါ်သွားပါတော့။ ဝေ့ကို မျက်နှာရိပ် မျက်နှာကဲပြလိုက်သည်။

'ရှု လိုက်ခဲ့ပါတော့ကွယ်၊ မာမီ့ဆွေမှာလည်း မြေးလေးထားခဲ့ရတာ စိတ်မချဘူး၊ ဆိုးတယ်၊ ကျောင်းကတောင် လက်လန်တယ်၊ ကူညီပါဦး'

ရှုမှာလည်း သယ်စရာက များများစားစား မရှိ။ အိတ်တစ်လုံးပဲ ရှိသည်။ မေမေက လိုက်သွားတော့တဲ့။ နောက်ဆံမတင်းနဲ့တဲ့။ ကြိုးစားတဲ့။ လိမ်လိမ်မာမာနေ။ အမေက သတ္တိရှိတာ ကြိုက်တယ်တဲ့။ မေမေ့လေသံကတော့ မာထန်နေသည်။ ရှု ဆေးကျောင်းတက်ဖို့ ပိုက်ဆံရှာဖွေစုဆောင်းနေတာက မလွယ်ပါဘူး။ ရှု လိုက်သွားမယ်။ သတ္တိရှိရှိ ရင်ဆိုင်မယ်။ မေမေ့





မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်မနေ။ နှုတ်ခမ်းတွေကပြုံးနေ၏။ မေမေ ကျေနပ်ပျော်ရွှင်နေပုံပင်။ မေမေက အလကားနေရင်း မျက်ရည်ကျနေတာမျိုး မကြိုက်။ ရှုငယ်ငယ်က တစ်ခုခုငိုချင်လို့ ငိုယိုတောင်းလျှင် မပေးဘဲ ထပ်ရိုက်ပစ်သည်။

'သမီးရှု ကံကောင်းတာပါ၊ မေမေတို့ အခက်အခဲဖြစ်အချိန်မှာလေ မေမေ့ကိုချစ်ရင် ရှု စာပဲကြိုးစားပါ'

'ဟုတ်ကဲ့'

'ဝေ့မြေးလေးကိုလည်း ကိုယ့်တူအရင်းလေးလို သဘောထားပြီး ထိန်းကျောင်းပေးပါ'

'စိတ်ချပါ မေမေ၊ ရှု ကြိုးစားပါ့မယ်၊ မေမေ နေကောင်းအောင်နေနော်၊ ဆေးလည်း ကုပါ၊ ပိုက်ဆံတွေတော့ မေမေ ယူထားပါ'

သူမ စုဆောင်းထားတဲ့ ပိုက်ဆံတွေကို မေမေမြင်တော့ မျက်လုံးပြူးသွားသည်။

'ရှု ပိုက်ဆံတွေများလိုက်တာ၊ သမီး ဘယ်ကနေရလာတာလဲ'

'ရှု စုဆောင်းထားတာတွေပါ၊ မေမေ မသိအောင် အလုပ်တွေရှာဖွေလုပ်ပြီး စုထားတာတွေပါ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေငွေသော်ကတော့ သမီးရှ မဟုတ်တာမလုပ်ဘူး ဆိုတာ သိထားပေမယ့် ငွေတွေအများကြီး ရှဆီမှာရှိနေတာတော့ မနှစ်သက်နိုင်ပေ။ ဒီကောင်မလေး မဟုတ်တာတွေလုပ်မှာ အစိုးရိမ်ဆုံးပဲ။ ဝေ့လက်ထဲ အပ်လိုက်တာပဲ ကောင်းပါတယ်။ သမီးကို စောင့်ရှောက်မှာပါ။ ဒေါ်ငွေငွေသော် သူငယ်ချင်းဝေ့ ကိုတော့ ယုံကြည်သည်။

'မေမေ့ကို ကန်တော့လိုက်နော် ရှ'

'ဟုတ်ကဲ့'

'မေမေနဲ့ အမြဲတမ်းတွေ့နေနိုင်တာပဲ၊ သမီး ပျော်မှာ ပါ'

မေမေကတော့ ပြတ်သည်။ ရှကို နည်းနည်းလေးမှ ကြေကွဲဟန်မပြ။ သတ္တိရှိစေချင်တာပါ။ ရှ မေမေ့ကို ကန်တော့ တော့ မေမေက သမီးတာဝန်ကို သမီး ကျေဖို့ကြိုးစားပါတဲ့။ မေမေက တွေဝေငေးငိုင်ပြီး အရှုံးတွေနဲ့ ရင်ဆိုင်ရတာမျိုး မကြိုက် ဘူးတဲ့။ ရှလည်း မျက်ဝန်းတွေထဲမှာ မျက်ရည်တွေဝေ့တက်မလာ အောင် ထိန်းချုပ်ပြီး မေမေ့ကို ကျောခိုင်းပစ်လိုက်သည်။

'သော် သွားပြီနော်၊ သမီးအတွက် စိတ်ချ၊ ကိုယ် တာဝန် ယူမှာပါ၊ ဝေလည်း မကြာခဏရောက်လာမယ်'

'အေး… သော် စိတ်မပူပါဘူး၊ နေတတ်အောင် နေရမှာ ပဲ ဘဝပေးကံကြမ္မာပဲလေ၊ သတ္တိရှိတာ ကြိုက်တယ်'

မေမေ့အခြေအနေက မကြာခင် လူ့လောကကြီးထဲကနေ ထွက်သွားရတော့မယ် သမီး။ ညည်း သတ္တိရှိနေမှ ဖြစ်မယ်။ လောကဓံကို တစ်ယောက်တည်း ရင်ဆိုင်ရမှာလေ။ သမီးအား သူ့အနားကနေ မြန်မြန်ကြီးသွားစေတာကတော့ ရက်စက်ရာကျ တာပဲ။ ဒါပေမဲ့ မေမေ့ရောဂါဝေဒနာတွေ ခံစားနေရတာ ရှကို မမြင်စေချင်ဘူး။ ရှ စိတ်ဓာတ်ကျသွားမှာ စိုးရိမ်သည်။ အနည်း ဆုံး ဒေါ်ငွေငွေသော်က လူ့လောကကြီးထဲမှာ သုံးလလောက်တော့ ဆက်ရှင်နေနိုင်သေးသည်။ ဝေက ဆေးကုသစရိတ် လုံလုံ လောက်လောက် ထောက်ပံ့ထားသည်။

'ရှ သွားတော့မယ် မေမေ၊ စိတ်ချပါ၊ ရှ ကြိုးစားမှာ ပါ။ မေမေ့ကို စိတ်မပျက်စေရပါဘူးနော်'

'မေမေ့အတွက် မပူနဲ့၊ နောက်ပြန်မကြည့်နဲ့နော်၊ ရှ သမီး အနမ်းဆန္ဒပြင်းပြတဲ့အရာကို အရယူပါ'

'စိတ်ချပါ မေမေ၊ ရှ ကြိုးစားမှာပါ'

မေမေ့အနားကနေ ရှ ထွက်လာတော့ ငိုချင်သည်။ မျက်ရည်တွေ ဘယ်ကနေရောက်လာတာလဲ။ ငယ်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ရှကို သတ္တိရှိအောင် မေမေက လေ့ကျင့်ပေးထားတာ ပါ။ ကိုယ်ခံပညာသင်တန်းတွေလည်း ရှကို တက်စေခဲ့သည်။ စိတ်ဓာတ်လည်း ကြံ့ခိုင်စေရန် မေမေ သွန်သင်ဆုံးမခဲ့၏။ ဆင်းရဲ တာပဲဖြစ်ဖြစ်၊ ချမ်းသာတာပဲဖြစ်ဖြစ် နေတတ်အောင်နေစေခဲ့၏။ ရှ မျက်ရည်ကျလျှင် မေမေက ထပ်ရိုက်သည်။

'ရှ ဝမ်းနည်းလို့လား၊ မေမေနဲ့ တွေ့လို့ရတာပဲ၊ မာမီပြောချင်တာက ရှ စိတ်ဓာတ်ကြံ့ခိုင်စေချင်တယ်'

'ရှ ဘာဖြစ်လို့လဲ မသိဘူး မာမီဝေ၊ ငိုတာ မျက်ရည် ကျတာ မေမေက မကြိုက်ဘူး၊ ဖြစ်ချင်တာကို ရဲရဲဝံ့ဝံ့တောင်းဆို တာမျိုးပဲ ကြိုက်နှစ်သက်ခဲ့တယ်၊ ဖေဖေဆုံးတာတောင် မေမေက ဝမ်းနည်းကြေကွဲမပြဘူး၊ ရှ အားငယ်မှာစိုးလို့တဲ့လေ'

'သော့်သတ္တိပဲ သမီးအတွက် ပိုပြီးစိတ်ပူနေတာပါ'

'တစ်မျိုးပဲ၊ အခု ရှ အရမ်းငိုချင်နေတယ်၊ အလိုလို ဝမ်းနည်းလာတာပါ၊ မေမေ့ကို စိတ်မချသလိုပဲ၊ ဘာဖြစ်လို့ ဒီလောက်မြန်မြန်ကြီး သမီးကို ပို့ပစ်ရတာလဲ၊ မေမေ နေရော ကောင်းရဲ့လား မသိဘူး'

'နောက်နေ့ သွားကြည့်လေ၊ မာမီဝေကလည်း ရှကို သမီးလေးလို ချစ်တယ်၊ စောင့်ရှောက်ချင်တယ်၊ ဒါပေမဲ့ မာမီဝေ ခုကြိုတင်ပြောထားချင်တာက သားနဲ့မြေးအပေါ် ရှလေး သည်းနည်းသည်းခံပေးစေချင်တာပါပဲလေ'

'ရပါတယ် မာမီဝေ၊ ရှဘဝအတွက် ထောက်ပံ့ပေးတာ ကိုလည်း ကျေးဇူးတွေဆပ်လို့ မကုန်နိုင်ပါဘူး'

'ရှလေးက လိမ္မာသားပဲ၊ အင်းလေ... သော့်သမီးပဲ'

ဒေါ်ဝေဝေခင်နှင့် ဒေါ်ငွေငွေသော်တို့ သဘောတူညီ အားတာက သမီးငွေခရှအား သားနှင့်လက်ထပ်ပေးဖို့အထိ ကိုင်ပင်ဆုံးဖြတ်ထားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

ပိုက်ဆံတော့ ချမ်းသာကြတာပဲ။ ခြံကြီးထဲမှာ တိုက်ကြီး နှင့်နေနိုင်သည်။ မေမေ လိုက်လာလို့ရတာပဲ ဘာဖြစ်လို့ မလိုက် လာရတာလဲ။ မေမေက အားနာလို့လား။ သူမစိတ်တွေ ထင့်နေ သည်။

'ရှ လာထိုင်လေ'

'ဟုတ်ကဲ့'

'ဒီမှာနေတာ အန်တီဝေနဲ့ သားသွန်းစစ်ရယ်၊ မြေးလေး ကောင်းရယ်ပဲ၊ အလုပ်သမားက သုံးယောက်ရှိတယ်၊ ရှ ဘာမှ ဝန်လေးစရာမလိုဘူး'

ကောင်းလိုက်တဲ့ တိုက်ကြီး။ ရှက မေမေ့ကိုလည်း ဒီလိုတိုက်ကြီးမှာ နေစေချင်တာပါ။ အရင်က မေမေတို့ယောက်ျ





တောတဲ့။ ကံကောင်းတာပဲ။ ရှလည်း ကံကောင်းချင်သည်။ ကျယ်ခမ်းနားတဲ့ ဧည့်ခန်းမှာ ဆိုဖာဆက်တီတွေက အိစက်နေသည်။

'မြေးလေးရေ… လာပါဦးကွယ်'

'ဗိုး…'

'ဘုတ်…'

'အမေ့'

အပြာရောင်ဘောလုံးတစ်လုံးက လေထဲလွင့်တက်လာ ပြီး ရှကို လာမှန်သည်။

'ဟဲ့… မြေးလေးကောင်း၊ အန်တီရှကို ဒီလိုမလုပ်ရ ဘူးလေ'

'ဖမ်းလေ… အသုံးမကျလိုက်တာ'

'ကောင်း'

'ဧည့်သည်လား'

'မြေးလေး… ထိုင်ပါဦးကွယ်၊ သူကလေ မြေးလေးကို စာသင်ပေးမယ့် ဆရာမပဲ၊ ဒေါ်ငွေခရုတဲ့'

'ဆရာမ'

'အင်းလေ'

'ကောင်း စာမသင်ချင်ပါဘူးဆိုမှ ဘာဖြစ်လို့ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာရတာလဲ၊ ပြန်မောင်းထုတ်ပစ်လိုက်၊ ထုတ်ပစ်လိုက်လို့
ပြောနေတယ်လေ’

‘မြေးလေးရယ်… အန်တီ့ကို ဒီလိုမဆက်ဆံရဘူးလေ
ဒီမှာပဲ နေမှာ’

‘ဟင့်အင်း… မသင်ဘူး၊ ခုချက်ချင်းမောင်းထုတ်ပစ်
လိုက်ပါ၊ သွား… ထွက်သွား၊ ဘာဆရာမလဲ၊ မသင်ချင်ဘူး
ကောင်း ကျောင်းမတက်ဘူး၊ စာလည်း မသင်ဘူး’

‘အီး… အီး…’

‘အီး… အီး…’

ကောင်းဆိုတဲ့ကောင်လေး အသံပြဲကြီးနှင့် အော်ဟစ်ငိုယို
နေ၍ မာမီဝေက ပွေ့ချီပြီး သူ့အိပ်ခန်းဆီ ခေါ်သွားသည်။ သချော
လိုက်တာ။ နားထဲမှာ အူသွားတာပဲ။ ရုက ဒီကောင်လေးအား
ထိန်းရမည်။ စာသင်ပေးရမည်တဲ့။

ထွက်ပြေးချင်တယ်။ ဆိုးလိုက်တာ။ အငိုကလည်း သန်
ပါ့။

အာပြဲလေး။

ရု ပြန်လှည့်လို့မဖြစ်ဘူး။ မေမေက အရှုံးနှင့် ပြန်လာတာ
ကို လက်မခံပေ။ ကြံ့ကြံ့ခံဖို့ မှာလိုက်သည်။





‘သမီးရယ်… တွေ့တဲ့အတိုင်းပဲလေ၊ မြေးလေးက
မိဘဆိုးလေ၊ အဖေကလည်း အရောတဝင်မနေဘူး၊ အဘွားက
အလိုလိုက်ထားမိတယ်၊ တကယ်တော့ သနားစရာကလေးပါ’

‘ဟုတ်လား’

ဒီလောက်အထိ ဆိုးသွမ်းသောင်းကျန်းနေတဲ့ ကလေးကို
သနားစရာတဲ့။ သူ့အဘွားကတော့ ပြောမှာပဲလေ။ ကလေးကို
သိပ်ပြီး မာမီ ပြန်ထွက်လာသည်။

ရုကို တောင်းပန်သည်။

‘တောင်းပန်ပါတယ်ကွယ်၊ ရုလေး စိတ်ဓာတ်မကျဘဲ
မာမီဝေ့ကို ကူညီပါဦး’

‘ဟုတ်ကဲ့… ရု ဘာမှမဖြစ်ပါဘူး၊ မာမီဝေ စိတ်မပူ
ပါနဲ့နော်၊ မာမီဝေက ရုဘဝရဲ့ ကယ်တင်ရှင်ပဲလေ’

‘အဲဒီလိုလည်း မဟုတ်ပါဘူးကွယ်၊ ရုလေးကို ကူညီ
စောင့်ရှောက်ရမယ့် ဝတ္တရားတွေ ရှိပါတယ်၊ မာမီဝေ့ဘဝက
အရမ်းအထီးကျန်တာ၊ ရု တွေ့မှာပါ၊ သမီးလေးတစ်ယောက်
ရလိုက်သလိုပဲ၊ ရု ရှိနေတော့ အားရှိတယ်’

သားက မိန်းမတွေကို မုန်းတီးနေတယ်။ မြေးလေး
ကောင်းကိုတောင် သူ့သားပါလို့ အသိအမှတ်မပြုဘူး။ ဒေါ်ခင်ဝေ



www.burmeseclassic.com

www.burmeseclassic.com



ခင် သဘောတူပြီး လက်ထပ်ပေးတဲ့ မိန်းမက သားအပေါ် ဖောက်ပြန်ခဲ့သည်။ မြေးလေးကောင်းရဲ့ အမေပဲ။ မိန်းမ သေပြီလို့ လူတွေကိုပြောနေပေမယ့် တကယ်တော့ နိုင်ငံခြားမှာ နောက်အိမ်ထောင်နှင့် နေထိုင်ခဲ့၏။ မြေးလေးက ဓားစာခံပါ။ ဒေါ်ဝေဝေခင် မတွေးချင်။ လိမ္မာယဉ်ကျေးပြီး အရည်အချင်းရှိတဲ့ သားက ဘဝပျက်မတတ် ခံစားနေရတာ မိမိကြောင့်ပဲ။ မြေးလေးကိုလည်း မိမိ သနားတယ်။ အရွယ်မရောက်သေးတဲ့ ကလေး။ ရကို ပြောပြမိသည်။

'မာမီဝေအကြောင်းတွေက မကောင်းပါဘူး ရုရယ်၊ ငွေကြေးချမ်းသာပေမယ့် စိတ်သောကတွေရောက်ရတာက နေ့စဉ်ပါပဲ၊ သားအတွက် မြေးအတွက်လေ'

သားသွန်းစစ် ချစ်မြတ်နိုးတဲ့ မိန်းကလေးကို မိမိက သဘောမတူခဲ့။ အဆင့်အတန်းခွဲခြားကာ ချမ်းသာသည့်မိန်းကလေးနှင့် လက်ထပ်စေခဲ့သည်။ သားအိမ်ထောင်ရေး အဆင်မပြေသည်မှာ မိမိအမှားတွေပဲ။ သားဘဝကို တည်ငြိမ်စေချင်တယ်။ ရုလေးက ချစ်စရာလေး။ ပညာလည်း တတ်သည်။ ဒါပေမဲ့ မြေးဒဏ် ခံနိုင်ပါ့မလား။ ရုက ငယ်သေးသည်။

'မြေးအတွက် ကလေးထိန်းနှစ်ယောက်တောင် ရှိပါတယ်





ရုရယ်၊ စာသင်ပေးပါ၊ မူကြိုမှာအပ်တာ လက်မခံတော့ဘူး၊ မာမီဝေ ဘာဆက်လုပ်ရတော့မလဲ၊ ခေါင်းခဲနေတယ်'

'ရု တတ်နိုင်သလောက် ကြိုးစားပါ့မယ် မာမီဝေ၊ ကောင်းကိုတော့ အရမ်းအလိုလိုက်လို့ မဖြစ်ဘူးထင်တယ်နော်'

'ရု ပုံစံသွင်းပေးပါ၊ မာမီဝေ တစ်ပတ်လောက် ရိပ်သာသွားနေမယ်၊ ရုပဲ ပုံစံသွင်းပါ'

ဒေါ်ဝေဝေခင် ရိပ်သာမှာသွားနေမယ်ဆိုပြီး သူငယ်ချင်းသော့အနားမှာ သွားနေရမည်။ ဆေးကုသပေးရမည်။ သော်လည်း ရောဂါဝေဒနာတွေကို အလူးအလိမ့်ခံစားနေရရှာသည်။

'ရုလေးလည်း ကျောင်းမှမတက်ရသေးတာပဲ၊ မြေးလေးကို ပုံစံသွင်းပေးပါ၊ မာမီဝေ ရှောင်နေမှဖြစ်မယ်၊ မြေးလေးကို သနားလွန်းလို့ အလိုလိုက်မိမှာပဲ'

ရုလည်း ဘယ်လိုလုပ်ရမလဲ။ ဒါပေမဲ့လည်း ရုမှာ ရွေးစရာလမ်း မရှိပေ။ လက်မှတ်မှောင်ခိုတိုးရောင်းနေတာထက် စာရင်တော့ ဒီအလုပ်က ဘဝတိုးတက်သွားနိုင်သည်။ မာမီဝေ့ကိုလည်း သနားသည်။

'ရု အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် မာမီဝေ'

ကောင်းစစ်ဦး မင်းလောက်တော့ အပျော့ပဲ။ ငွေခရု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မင်း ကောင်းကောင်းသိစေရမယ်။ ဒီကောင်လေး အကျင့်စရိုက်က ချော့မော့အလိုလိုက်နေလို့ မဖြစ်ဘူး။ တဖြည်းဖြည်း အကျင့်စရိုက်တွေ ပိုဆိုးလာနိုင်နေ၏။ သူ့အဖေကရော မိန်းမတွေကို မုန်းတီးနေတာတဲ့။ ဘယ်လိုအဖေလဲ။ သားကိုတောင် အသိအမှတ်မပြုချင်တာတဲ့။

အခုခေတ်ကြီးထဲမှာ DNA စစ်ဆေးလေ။ ရစိတ်ထဲမှာ လေးလေးလံလံကြီးတော့ ဖြစ်နေသည်။

'မသွယ်ရေ'

'ရှင်… မေမေကြီး'

'ရလေးအခန်းကို လိုက်ပို့ပေးလိုက်'

'ဟုတ်ကဲ့… လာပါ မမလေး'

'ရ… လိုက်သွား၊ လိုအပ်တာ ပြောလေ၊ ဘာမှအားမနာနဲ့နော်၊ မာမီဝေ့အတွက် သမီးလေးတစ်ယောက် ကောက်ရလိုက်တာပဲ'

'ဟုတ်ကဲ့'

အိမ်ဖော်မလေး သွယ်က ရနေရမည့်အခန်းကို လိုက်ပြသည်။ အခန်းကြီးက ကောင်းလိုက်တာ။ မေမေ့ကို ခေါ်ပြချင်သည်။ ရလေ ဒီလို ဓိမ်ကျကျနေချင်တာ ကြာပြီပဲ။ အိမ်မက်ပမာ





ပဲလေ။ ကြမ်းပြင်ပေါ်မှာပဲ ဖျာခင်းပြီး ဂွမ်းကပ်ပါးပါးဟောင်းဟောင်းနွမ်းနွမ်းလေး ခင်းအိပ်ရတဲ့ဘဝနှင့် တခြားစီပဲ။ တစ်ခန်းလုံး တောက်ပသစ်လွင်ပြီး အဖိုးတန်ပစ္စည်းတွေပဲ ဖြစ်နေသည်။

'မမလေး… ဘာလိုအပ်သေးလဲဟင်'

'ရပါပြီ… အားလုံးပြည့်စုံပါတယ်'

'စားချင်တာရှိရင်လည်း ဖုန်းလှမ်းဆက်လိုက်ရုံပဲ၊ ကျွန်မတို့ စားဖိုဆောင်ဖုန်းနံပါတ် ရှိပါတယ်၊ ဒီမှာလေ'

'သြော်… အင်း… ရပြီ'

'မသွယ်တို့ကလေ အစ်ကိုကြီးကိုလည်း အရမ်းသနားတယ်'

'ဟင်…'

'မသွယ် ငယ်ငယ်လေးကတည်းက ဒီတိုက်ကြီးထဲမှာ နေတာလေ၊ အစ်ကိုကြီးသွန်းစစ် အရမ်းတော်တာပဲ၊ ရတဲ့မိန်းမက ဆိုးတယ်၊ နောက်မီးလင်းတယ်၊ မုန်းလိုက်တာ'

ရကတော့ သူများအိမ်တွင်းရေးတွေကို စိတ်မဝင်စားပါဘူး။ ရ ဆရာဝန်ဖြစ်ချင်တယ်။ မေမေ့ကို စိတ်ချမ်းသာစေချင်တာ။ သူမ သတိရနေတာက ကိုသြရသကိုပင်။ ရ ချမ်းသာပြီး လက်မှတ်မှောင်ခိုရောင်းစရာ မလိုတော့ဘူး။ ဖြူစင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိရတယ်။ နှင့်အတွက် အရင်းအနှီးတွေ ထုတ်ပေးချင်ပါတယ် ဖြုန်းစင်ရယ်။ ငါက ဖိမ်သာကျတာ။ ပိုက်ဆံတော့ မရှိသေးဘူး ဟ။ နှင့်ဘဝကိုလည်း လွတ်မြောက်စေချင်ပါတယ်။ အိမ်ဖော်မ လေး မသွယ် ပြန်ဆင်းသွားသည်။

'ရှ ဘဝကို သတ္တိရှိရှိရင်ဆိုင်တာပဲ မေမေ ကြိုက်တယ်၊ နောက်ပြန်လှည့်မကြည့်နဲ့၊ ကိုယ့်တာဝန်ကိုယ်ကျေပါ'

မေမေ့စကားတွေကို ပြန်ကြားယောင်လာသည်။ ရှ နောက်ပြန်ဆုတ်လို့တော့ မရဘူး။ ကလေးလေးကိုတောင် မနိုင် ဘူးလား။ သူမ စိတ်အိုက်လာတာနှင့် ရေချိုးဖို့ ပြင်လိုက်၏။ ရေချိုးခန်းထဲဝင်တော့ ကောင်းလိုက်တဲ့ ရေချိုးခန်းကြီး။ အစုံ အလင်ပဲ။

မာမီဝေက ရှကို သမီးတစ်ယောက်လို သဘောထား ပြီး ပြင်ဆင်ပေးထားသည်။

ခေါင်းလျှော်ရည်ဘူးရော၊ မျက်နှာသစ်ဆေးတွေရော အစုံပါပဲလေ၊ အိပ်မက်မက်နေတာလားဟင်၊ အား… ရှ သူမ လက်မောင်းလေးကို ပြန်ဆိတ်ကြည့်ရသည်။ နာလိုက်တာ။ တကယ်ဖြစ်နေတာပဲ။ မေမေသိရင် အရမ်းစိတ်ချမ်းသာမှာပါ။ ရှကို သူ့ဒြေးသမီးလေးတွေလို ထားချင်တာတဲ့။ သမီးနဲ့ လိုက်ဖက်





ယ်တဲ့။ မေမေ့ကိုတော့ ပြရမယ်။ ရှ စိတ်မချ။ မေမေ နေမှ ကောင်းရဲ့လားလို့ စိတ်က ထင့်နေသည်။

'အမလေး… ဇိမ်ရှိလိုက်တာ၊ မေမေ့ရေ… ရှလေ အရမ်းကိုကောင်းစားနေပြီ၊ သိလား'

သူမ ရေချိုးပြီး အခန်းထဲပြန်ရောက်လာတော့ ဖုန်းသံ မြည်လာသည်။

'ရှလေး… ရေချိုးပြီး အဝတ်အစားလဲရင် ဗီရိုထဲမှာ အသစ်တွေရှိတယ်၊ ဝတ်ခဲ့နော်၊ ရှမေမေနဲ့ သွားဝယ်ထားတာ၊ ရှရဲ့ ဆိုဒ်အတိုင်းပဲ'

'ရှင်…'

'မာမီဝေ ကြိုတင်ပြင်ဆင်ထားတာလေ၊ သဘောကျရဲ့ လား ရှလေး'

'ဟုတ်ကဲ့… ကြိုက်ပါတယ်၊ ရှ အိပ်မက်မက်နေလား တောင် ထင်တာပါ'

'တကယ်ပဲ ရှလေးက မာမီ့ရဲ့သမီးပဲ၊ အဝတ်အစားလဲ ပြီးရင် အောက်ထပ်ဆင်းလာခဲ့၊ ညစာစားရအောင်နော်'

'ဟုတ်ကဲ့'

ဟိုမျှော်လောင်းလေးသာ မထိန်းရရင် ဘယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



များ ဓိမ်ကျလိုက်မလဲ။ ကောင်စုတ်လေး လူကိုမောင်းထုတ်နေလိုက်တာ။ ဒါပေမဲ့ ရှုလည်း ကောင်လေးဘဝကို သနားပါသည်။ အဖေနဲ့ အမေက တခြားစီ။ အသွားဆိုတာ အလိုလိုက်မှာပဲ။ မြေးကို စည်းကမ်းပေးဖို့ မလွယ်ပေ။ မာမီဝေ့ကိုလည်း သနားသည်။

မေမေ့လိုပဲ စောင့်ရှောက်ရမည်ဖြစ်၏။ ရှု အဝတ်အစားဗီရိုကို ဖွင့်လိုက်တော့ အပြည့်ပဲ။ များလိုက်တာ။ မာမီဝေကတော့ လိုလေသေးမရှိအောင် ဝယ်ထားသည်။ မာမီဝေ စိတ်ကျေနပ်စေရန် အဝတ်အစားအသစ်တွေဝတ်ပြီး ဆင်းလာခဲ့၏။ ရှုကိုတွေ့လိုက်တော့ အန်တီဝေ အံ့အားသင့်သွားသည်။

'အရမ်းလှလိုက်တာ ရှုလေးရယ်၊ အဝတ်အစားတွေက ကွက်တိပဲ၊ မာမီဝေတောင် လူမှားသွားရတယ်၊ အရမ်းချောတယ်'

ရှုလေးက ချစ်စရာကောင်းသည်။ ဒေါ်ဝေဝေခင် စေ့စေ့ကြည့်နေမိ၏။ မိမိလည်း အသက်ကြီးပါပြီ။ သော့်လိုဖြစ်သွားရင် သားနှင့် မြေးအတွက် တည်ငြိမ်အေးချမ်းတဲ့ မိသားစုဘဝလေး တစ်ခု တည်ထောင်ပေးထားချင်သည်။ ရှုလေးဆိုရင်ရော စိတ်ထဲမှာ ကျေနပ်သွားသည်။

'ရှုလေး ညစာစားရအောင်ကွယ်'





'ဟုတ်ကဲ့'

ရှုလေးလက်ကိုဆွဲပြီး ထမင်းစားခန်းထဲ ဝင်လာရတာ ... ဒေါ်ဝေဝေခင် အင်အားတစ်ခုဖြစ်နေသည်။ မိမိချွေးမ ...ာင်းပဲ။

ဒီတစ်ခါတော့ သား နှစ်သက်မှ စီစဉ်မယ်။ တမင် ...နိုးအောင် ခေါ်ထားခဲ့တာပါ။ ညစာစားရင်း ရှုလေးကို ...ပေးရသည်။

'ရှုလေး'

'ရှင်...'

'ကြိုးစားနော်၊ မာမီဝေ့မိသားစုကို လက်ခံနိုင်အောင် ...စားပေးပါ၊ စိတ်ဓာတ်ကျပြီး ပြန်မသွားစေချင်ဘူး၊ ရှုလေးရဲ့ ...တ်ဆုံးမျှော်မှန်းချက်တွေက ဆရာဝန်တစ်ယောက် ဖြစ်ဖို့ပဲ ...'

'ဟုတ်ကဲ့ပါ... ရှု လက်ခံပါတယ်၊ မာမီဝေနဲ့ အားလုံး ...ခံစားပါ့မယ်၊ ရှုမျှော်မှန်းထားတဲ့ ပန်းတိုင်ကိုတော့ ရောက်တဲ့ ...နော်'

'ရှုလေးရယ်'

ဟင်းတွေကလည်း စုံနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို သတိရတယ်။ ကျွေးချင်လိုက်တာ။

မာမီဝေက မေမေ့ကို ပိုက်ဆံလုံလုံလောက်လောက် ပေးထားမှာပါ။

အကောင်းဆုံးအစားအစာတွေက ရှ လည်ချောင်းဝမှာ တစ်ဆို့နေသည်။

❧ ❧ ❧



(၆)

'သော်… နင့်ကျန်းမာရေးကို ဂရုစိုက်ပါဦးဟယ်၊ ကြည့် …… သွေးအားတွေနည်းနေတယ်'

'ငါ့ကျောက်ကပ်လည်း မကောင်းတော့ဘူး'

'နင်…'

'ငါ့သမီးလေးကိုပဲ စောင့်ရှောက်ပါ'

'စိတ်ချ… ငါ့သမီးလေးလိုပါပဲ၊ တကယ်အားကိုးတယ်၊ …လည်း ချစ်တယ်၊ ငေ့မှာ သမီးမှမရှိတာပဲ'

'ငေ့သားက ဘယ်လိုလူမျိုးလဲ၊ သမီးလေးအတွက် …လေ… ဝေရှိနေတာပဲ၊ ကိုယ်က မစောင့်ရှောက်နိုင်တော့ …'

'ကိုယ် သော်နဲ့တစ်ပတ်နေမယ်၊ ရိပ်သာဝင်မယ်လို့ ပြော…ယ်၊ မြေးက ဝေမရှိမှ အချိုးပြောင်းမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်... ငါတစ်ယောက်တည်းနေလည်း အားရှိပါတယ် ဝေရယ်'

သမီးကိုမှ မစောင့်ရှောက်နိုင်တော့တာပဲ။ နေပါစေ ဝေက သမီးနေရတဲ့အခန်းအား CCTV ရိုက်ထားတာကို ပြသည်

'ငါ့သမီးလေး ဒီလောက်အထိတောင် နေရသလား ဝေ ရယ်၊ ငါ သေပျော်ပါပြီ။ စိတ်ချမ်းသာလိုက်တာ'

'နင် စိတ်ချအောင်လေ'

'ကလေး... ကလေးဒဏ်ရော ရှ ခံနိုင်ပါ့မလား'

'လေးနှစ်သားလေးပါ၊ ကိုင်ပေါက်လိုက်ရင်တော ရတယ်'

'ဝေရယ်'

'နင့်ကို စိတ်မချတာ'

'ရတယ်... ငါစိတ်ဓာတ်မာတယ်၊ ငါ့ဝေဒနာတွေ နောက်ဆုံးအချိန်မှပဲ သိစေရမယ်'

ဒေါ်ဝေဝေခင် ဘာမှမပြောချင်တော့။ သော့သဘော လူ့လောကကြီးထဲမှာ နေခွင့်မရှိတော့တဲ့ လူသားသော်က စိတ်ဓာတ်တော့ မာတယ်။

ဆုံးဖြတ်ချက် တိကျမှန်ကန်တယ်။





အပြုံးမပျက်။ သူငယ်ချင်းအား နောက်ဆုံးအချိန်အထိ သက်သောင့်သက်သာနှင့် လူ့လောကကြီးထဲကနေ ထွက်ခွာသွားစေလိုသည်။

'ငါ ဘာမှမဖြစ်ပါဘူး ဝေ၊ သမီးအတွက် စိတ်အေးရပြီ လူ့လောကကြီးထဲကနေ အေးအေးဆေးဆေးပဲ ထွက်သွားမှာ ပါ၊ ကံကောင်းတာက နင်ရောက်လာတာပဲလေ'

ဒေါ်ငွေငွေသော် စိတ်ချမ်းသာနေသည်။ သမီးရှကိုတော့ စောင့်ရှောက်မှာပါ။ ကျေးဇူးသိတတ်တဲ့ ဝေပါ။ ဝေဒနာက ပို၍ ဆိုးဝါးလာနေသည်။

'ဆေးကုနိုင်လို့ပဲ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ မာတယ်၊ လူ့လောကကြီးထဲကနေ အမြန်ဆုံးထွက်ခွာသွားချင် တယ်'

ဝေက ပြုံးစုနေသည်။

'နင် မသေပါနဲ့ဦး သော်၊ ငါ အခုမှ သူငယ်ချင်းကို ပြန်တွေ့ရပြီး အားတက်ခဲ့တာ'

ဒေါ်ဝေဝေခင် ငွေကြေးချမ်းသာပေမယ့် စိတ်သောက ဒဏ်တွက ရင်ဝမှာ ပူလောင်နေသည်။ တစ်ဦးတည်းသောသားဘဝ ကို မိမိ ဖျက်ဆီးပစ်ခဲ့တာပါ။ မိမိဂုဏ်ပကာသနတွေ မင်မော



www.burmeseclassic.com

www.burmeseclassic.com



၍ သားအိမ်ထောင်ရေး မတည်မငြိမ်ဘဲနှင့် သားလည်း စိတ်ဝေဒနာတွေ ဖိစီးခံစားရ၏။ မတွေးချင်ပါဘူး။ လူ့လောကထဲမှာ အသက်ရှင်ဖို့ပင် ခက်ခဲသည်။

'ဘယ်ရမလဲဟဲ့ ... လောကပါလနတ်မင်းကြီးတွေ သတ်မှတ်ချက်ပဲလေ၊ ဟား... ဟား... ဟား...'

သော် ရယ်မောနေသည်။ မင်းမှာ သတ္တိတွေရှိတယ် အားကျလိုက်တာ။ ကိုယ်တောင် တစ်ခါတလေ စိတ်ဓာတ်ကျတယ်။

သေပစ်ချင်တယ်။

သော့်ကိုပဲ ပြုစုယုယပေးနေရသည်။

ရှကတော့ အန်တီဝေ့အိမ်မှာ သူဌေးသမီးလေးတစ်ယောက်လို နေထိုင်ရပေမယ့် တစ်မျိုးကြီးပဲ။ မေမေ့ကို သတိရသည်။ မေမေ့အိမ်မှာလောက် စိတ်က လွတ်လပ်မနေပေ။ ကလေးလေး အသံတိတ်နေ၏။ မာမီဝေက တမင်ထားခဲ့တာပါ။ ရိုပ်သာတဲ့။

ရှ စိတ်တော့ လေးလံနေသည်။

'မမလေးရှ... ကောင်း အရမ်းသောင်းကျန်းနေတယ် သူ့အဘွားကို ခေါ်ပေးတဲ့'

'ဟုတ်လား... ကောင်းပြီလေ၊ ရှ လာခဲ့မယ်'

ရှ ဘယ်လိုလုပ်ရမလဲ။ ဒီကောင်လေးကို ထိန်းဖို့ မလွယ်ဘူး။ သူ့အဖေရော ရှ မတွေ့ပေ။ မတတ်နိုင်ဘူးလေ။ မာမီဝေက တာဝန်ပေးထားတာပဲဟာ။ ကြည့်ရတော့မှာပဲ။ မာမီဝေ့ကျေးဇူးတွေက အရမ်းကြီးမားတာပဲ မဟုတ်လား။ ကောင်းလေးရှိနေတဲ့ အခန်းထဲ ရှ ရောက်လာသည်။

'အီး... အီး... မလာနဲ့၊ မင်း မင်းမလာနဲ့၊ မင်းမျက်နှာကို မကြည့်ချင်ဘူး၊ ထွက်သွား၊ ဘယ်မှာလဲ ငါ့အဘွား၊ အခုခေါ်ပေးစမ်း'

ကောင်းက အရွယ်နှင့်မလိုက်အောင် ဆိုးသွမ်းသည့် အသံပြဲကြီးနှင့် ဆူပူသောင်းကျန်းနေ၏။ ရှ သေချင်တယ်။ စိတ်ညစ်လိုက်တာနော်။ နောက်ဆုံးတော့ ရှ မျက်လုံးပြူးပြီး ကောင်းကိုကျယ်သော အသံနက်ကြီးဖြင့် အော်ဖြစ်သည်။

'အား...'

ကောင်း ငြိမ်သွားသည်။ ရှ မျက်နှာထားကို တင်းလိုက်

ကောင်း အငိုတိတ်သွားသည်။

'ကောင်းစစ်ဦး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ'

'နှင့်အသက် ဘယ်နှနှစ်လဲ'

'လေးနှစ်'

'ငါ့အသက်က ဆယ့်ရှစ်နှစ်၊ နှင့်ထက် အများကြီး အသက်ကြီးတယ်'

'မကြီးဘူး'

'ဘာပြောတယ်'

'ဒီမှာ ငါအကြီးဆုံးပဲ'

'ကောင်း အကြီးဆုံးလို့ ပြင်ပြောစမ်း'

'မပြောဘူး၊ ဒါ နှင့်အိမ်လား'

'မသွယ်... တုတ်ပေးစမ်း'

'မမလေး'

'ပေးစမ်းပါ၊ အသားကို နာနာလေးရိုက်ပစ်မလို့'

'တုတ်ယူပေးတဲ့လူ အလုပ်ထုတ်ပစ်မယ်၊ ဘွားဘွားကို မောင်းထုတ်ခိုင်းမယ်၊ နင် ငါ့ကို မရိုက်နဲ့နော်'

'ရိုက်မှာပဲ'

ရုကတော့ ကောင်းကို ရိုက်ပစ်ချင်တာ လက်ကယား လာသည်။ ဆိုးလိုက်တာ ကလေးနှင့်မလိုက်။ မိဘတွေရဲ့





ရက်စက်မှုတွေကြောင့် ကလေးအတွင်းစိတ်မှာ မကျေနပ်ချက်တွေ တိန်းအောင်းနေနိုင်သည်။ ချော့လျှင် ပိုဆိုးမည်ဟုပဲ ရု တွေးမိနေ၏။

မသွယ်က တုတ်ယူမပေးရဲ။ ရုကိုယ်တိုင်ရှာပြီးတော့ ပေတံမာမာတစ်ချောင်း ယူလာသည်။

'ဖျန်း...'

'အား...'

ရုက ကြမ်းပြင်ကို ရိုက်ပစ်လိုက်တာပါ။ ကောင်း မျက်လုံးပြူးပြူးလေးနှင့် ပြန်ကြည့်သည်။

'နှင့်တင်ပါးကို ရိုက်မှာနော်၊ ဘာမှတ်နေလဲ၊ ငါက နှင့် အဘွားလို အလိုမလိုက်ဘူး ကောင်း'

'အီး... အီး...'

'တိတ်'

'အီး...'

'တိတ်လေ'

'အီး... အီး... ဘွားဘွားရေ၊ ဒီမှာ ကောင်းကို နှိပ်စက် နေတယ်၊ ဘွားဘွား လာပါတော့'

ရု ရိုက်တော့ မရိုက်။ တော်တော်အကြောမာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားက အလွန်အကျွံအလိုလိုက်ထား၍ ဖြစ်မည်။ ရငယ်ငယ်တုန်းက ငိုယိုပြီးတောင်းဆိုလျှင် မေမေက မပေးပေ။ ထပ်ရိုက်သည်။ ငိုပြီးတောင်း၍ရတာ ကလေးသိရင် ငိုမှာပဲ။ ဂျီကျမှာပဲတဲ့။

ရတောင် ထွက်ပြေးချင်တယ်။ နားကလည်း ငြီးလာ၏။ အာပြဲလေး ဘယ်လိုပဲခြောက်ခြောက် ငိုနေသည်။ ရလည်း မောပန်းသွားပြီး ကောင်းအနားမှာလှဲအိပ်ရင်း အိပ်ပျော်သွား၏။

ဒီကောင်လေး ငိုစမ်း။ ကြိုက်သလောက် ငို။ အိပ်မောကျနေသည်။

'ဟော့... မင်း ဘယ်သူလဲ၊ ထစမ်း၊ နောက်အသစ်ရောက်လာတဲ့ ကလေးထိန်းလား'

သူမ နားထဲသို့ ကျယ်ကျယ်လောင်လောင် တိုးဝင်လာတဲ့ အသံကြောင့် ရ လန့်နိုးသွားသည်။ မျက်လုံးတွေကို ပွတ်သပ်ရင်း ဗတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ကလေးက သူမဘေးနားမှာ လှဲအိပ်နေ၏။

အသံက ဘယ်ကလာတာလဲ။ သူမ လူးလဲ ထလိုက်သည်။

'ဟင်...'





'မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့သားက ကြမ်းပြင်မှာ အိပ်ပျော်နေရတာလဲ၊ မင်း ပျောင်းမလေးပဲ၊ ကလေးထိန်းဖို့ ခေါ်ထားတာ မဟုတ်လားကွ'

'ရှင်...'

'ဘာရှင်လဲ'

မာမီဝေ၏သား သွန်းစစ်ဦးပဲ။ အသက်က သုံးဆယ်လောက်ရှိမည်။ လူပုံက ချောချောခန့်ခန့်ပဲ။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ အရက်တွေ အလွန်အကျွံသောက်ထားသည်။ ရ တော်တတ်ရုပ် လိုက်၏။ ကလေးကို ပွေ့ချီပြီး အိပ်ရာပေါ်တင်ပေးလိုက်သည်။

'မင်း ကလေးကို ဘယ်လိုထိန်းနေတာလဲ ကောင်မလေး၊ အသုံးမကျလိုက်တာ၊ ကလေးကလည်း အရမ်းငိုနေသလိုပဲ၊ မျက်ရည်စီးကြောင်းတွေနဲ့၊ ရှိုက်နေသေးတယ်၊ မင်းကရော ကလေးမထိန်းဘဲ အိပ်နေတယ်၊ မာမီရော... ဒီကောင်မလေးကို အလုပ်ထုတ်ပစ်ခိုင်းရမယ်'

'ကျွန်မ ကလေးထိန်းမဟုတ်ပါဘူး ဦးသွန်းစစ်၊ မာမီဝေက သူ့မြေးကို စာသင်ပေးဖို့ ခေါ်ထားတဲ့ ဆရာမပါ'

'ဘာကွ... မင်းကလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို အထင်မသေးပါနဲ့၊ ဆယ်တန်းမှာ လေးဘာသာဂုဏ်ထူးနဲ့ အောင်ထားတာပါ'

'ဒါဆို ကလေးကို စာသင်ရင်းနဲ့ အိပ်နေတာလား'

'ဟို… ဟိုလေ'

ရ ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။ အရက်မူးနေတော့လည်း ကြောက်သည်။ လူပုံက ချောလျက်သားနှင့် မျက်ဝန်းတွေက နီတောက်နေသည်။ မာမီဝေ့သားက စက်ာပူသွားနေတာတဲ့။ ကုမ္ပဏီအကြီးကြီးကို ဦးဆောင်လုပ်နေသည်ဟုလည်း သိထားသည်။ ရကလည်း ရပဲ။ ကလေးကို ပညာပေးချင်လို့ တမင်အငိုခံထားတာ။ ကလေးရော ရရော အိပ်ပျော်သွား၏။ ရအပြစ်ပဲ။ သူ့အကြည့်တွေက အထင်သေးနေသည်။

'မင်းလိုကောင်မလေးမျိုးကို ဘယ်သူက ဆရာမခန့်ထားရတာလဲ၊ ဆယ်တန်းဂုဏ်ထူးဘယ်လောက်ပဲရရ မင်းက ကလေးသာသာပဲ'

မာမီဝေက ရကိုခေါ်ထားတာ ဒီလူ မသိသေးဘူးထင်တယ်။ ရ ဘယ်လိုပြောပြရမလဲ။ မာမီဝေကလည်း မရှိဘူး။ ရိပ်သာတဲ့။ အထင်သေး အမြင်သေးတဲ့ မျက်ဝန်းအကြည့်တွေကြောင့် ရ စိတ်တိုသွားသည်။





'လူကို ဘာဖြစ်လို့ အထင်သေးရတာလဲ ဦးသွန်းစစ်ဦး'

'မင်းက ငါ့နာမည်ကိုတောင် သိနေတာပဲ'

'ကျွန်မနာမည် ငွေခရုပါ၊ မာမီဝေ့သူငယ်ချင်း ဒေါ်ငွေငွေသော်ရဲ့ သမီးပါ၊ မာမီဝေက သူ့မြေးလေးကို ထိန်းကျောင်းရင်း ပညာသင်ပေးဖို့ ခေါ်ထားတာပါ'

'မင်းက ငွေခရုလား'

'ဟုတ်ပါတယ်'

'ဩော်…'

ငွေခရုကို သူသိသည်။ မာမီရှာနေတဲ့ သူငယ်ချင်း ဒေါ်ငွေငွေသော်ရဲ့ သမီးလေးပဲ။ မာမီက ကျေးဇူးရှိလို့ စောင့်ရှောက်မှာတဲ့။ သွန်းစစ်ကတော့ မိန်းကလေးတွေကို စိတ်မဝင်စားပါဘူး။ မေ့တောင်နေတယ်။ မာမီရော၊ သွန်းစစ် မိသားစုနှင့် ဆက်နွှယ်ချင်းမဆိုင်တာ နှစ်ချီနေပြီ။ သူရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အတိတ်ကို ကြောက်ရွံ့ထိတ်လန့်နေဆဲပင်။ မိန်းမတစ်ယောက်ရဲ့ သစ္စာဖောက်ပြန်မှုက အရှက်ရစေခဲ့၏။ သိက္ခာကင်းမဲ့သည်။ ထို့ကြောင့်ပင် မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေထိုင်ခဲ့သည်။

'ရ မှားသွားပါတယ်၊ ကလေးက အလိုလိုက်ထားလို့ နည်းနည်းဆိုးနေတယ်လေ၊ အရမ်းသောင်းကျန်းလွန်းတယ်၊ ရ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက ငိုပြီးတောင်းဆိုရင် မေမေ မပေးဘူး၊ ပြသနာ ရှာတာ လက်မခံဘူး၊ ပြတ်သားတယ်'

သွန်းစစ် ဆက်မပြောလိုတော့ပေ။ သားက မာမိ အလို လိုက်ထားလွန်း၍ ဆိုးချင်သည်။ သူကလည်း သားအမေကြောင့် သူ့ကိုပါ သူ့သွေးဆိုတာ လက်ခံရမှာ စိတ်က မသန့်။ ဥပေက္ခာ ထားသည်။

'ဒီမှာ'

သူ ထွက်သွားမယ်လုပ်တော့ ရု လှမ်းခေါ်လိုက်သည်။ ဒီလောက်ပညာတတ်ပြီး လုပ်ငန်းကြီးလုပ်နေတဲ့သူက စဉ်းစား ဆင်ခြင်တုံ ကင်းမဲ့လွန်းနေ၏။ ကိုယ့်သားကို လက်မခံချင်ဘူး တဲ့။ ဥပေက္ခာပြုထားတော့ ကလေးက ကြားထဲမှာ မေတ္တာငတ် ပြီး ဆိုးသွမ်းသောင်းကျန်းချင်သည်။

'ကောင်းစစ်ကို နွေးနွေးထွေးထွေးနဲ့ ဖခင်မေတ္တာ အပြည့် အဝပေးသင့်တယ်'

'ဘာကွ'

'ဦးသွန်းစစ် မှားနေပြီထင်တယ်၊ ကလေးက ကြားညပ် နေပြီထင်တယ်'

'မင်းနဲ့မဆိုင်ဘူး၊ သားကို စာသင်ပေးပါ၊ လိမ္မာ





ယဉ်ကျေးအောင် ထိန်းကျောင်းပါ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေ ဝင် စွက်ပါနဲ့'

သူ ထွက်သွားသည်။ ဦးသွန်းစစ်ရဲ့သားကို ကိုယ့်သွေး မဟုတ်ဘူးဆိုရင် DNA စစ်လေဟု ပြောပစ်လိုက်ချင်ပေမယ့် မာမိငွေ့အပေါ် အမြင်စောင်းသွားမှာစိုး၍ မပြောဖြစ်ခဲ့။ ဘယ်လို လူလဲ။ ကောင်လေးကိုတော့ ရု သနားသည်။ ဦးသွန်းစစ်က ာခနဲလှည့်ကာ ထွက်သွား၏။ တကယ့်ကို အေးစက်တဲ့လူကြီး။ ဒေါသတောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

'ကောင်းစစ်ဦး'

ကောင်းစစ်က ဂျစ်ကန်ကန် ပေကပ်ကပ်မျက်နှာလေးနှင့် ကြည့်သည်။ ရလည်း မျက်နှာကို တင်းထားလိုက်၏။ ကောင်းစစ်က သနားစရာလေးပါလေ။ လေးနှစ်ကျော်လာပြီဖြစ်၍ အတန်းကျောင်းတက်ရတော့မည်။ ကောင်းစစ် ငိုတာကို ရ အလိုမလိုက်၍ နည်းနည်းလေး အပိုးကျိုးနေသည်။

'ဘွားဘွားရေ'

'မသိဘူး'

'နင်သိတာ ဘာရှိလဲ'

'ဘာ...'

ရ ရယ်ချင်သွားသည်။ ကလေးတဲ့။ စကားပြောလိုက်ရင် ကြီးကြီးကျယ်ကျယ်တွေ။ မျက်နှာထားကို တင်းထားလိုက်၏။ ကောင်းစစ်ရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။





'အား... နာတယ်'

'ဘာနာတာလဲ၊ ပြန်ပြောစမ်း... မမလို့ပြော၊ နင်လို့ ပြောရဘူး၊ မင်းက ငယ်သေးတယ်၊ ရိုင်းရင် မိဘတွေလည်း ဆဲသိက္ခာ ကျတယ်၊ မင်းကိုလည်း လူတွေက ရွံလိမ့်မယ်'

'ရွံတယ်ဆိုတာ ဘာလဲ'

'မကြိုက်တာလေ၊ ရွှံ့တွေ ဗွက်တွေကို မင်းကိုင်ရဲလား'

'ဟင့်အင်း'

'အဲဒီလိုပဲ မင်းအနားတောင် လူတွေက မကပ်ချင်တော့ ... မှန်းလို့'

'ဘွားဘွားချစ်ရင် ပြီးပြီ'

'မင်းအဘွား အသက်ကြီးနေပြီ၊ မင်းဒဏ်မခံနိုင်တော့ ... အခုတောင် ငါ့လက်ထဲ အပ်ခဲ့ပြီလေ'

ကောင်းစစ်က အရွယ်နှင့်မလိုက်အောင် အသိဉာဏ်ဖွံ့ဖြိုး ... နားလည်သိတတ်လွန်းတဲ့ ကလေးပါ။ မိဘတွေကြောင့် သူ ... ချင်တာ လုပ်လို့မရတော့မှန်း သိစေလိုသည်။

'အခုချိန်ကစပြီး မင်း လုပ်ချင်သလို လုပ်လို့မရတော့ ... ခေါ်လေ မမလို့၊ နင်ဆိုရင် အသေပဲ'

'မေမေလို့ပဲ ခေါ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'မိန်းမတွေကို မေမေလို့ပဲ ခေါ်မယ်၊ မမမှ မလိုတာ ကောင်းလိုချင်တာ မေမေ'

အမလေး… တော်တော်စကားတတ်တဲ့ ကောင်လေးပဲ မေမေ လိုတာတဲ့။ ကောင်း သိတတ်တဲ့အရွယ်ရောက်မှ ကောင် အမေ နောက်အိမ်ထောင်ပြုသွားတာပါ။ သနားသွားရသည် ဒါပေမဲ့လည်း မေမေလို့တော့ ခေါ်ခွင့်မပြုနိုင်ဘူး။ ကောင်ဆို လေး။ ရှု ရယ်ချင်နေ၏။ မင်းအဖေတော့ ကြောက်ပါတယ် ရှုကို ကြည့်တာ ဝါးစားပစ်တော့မတတ်ပဲ။ ကောင်းပခုံး နှာသထက်နာအောင် ဆုပ်ကိုင်ပစ်သည်။

'ခေါ်စမ်း မမလို့၊ ဘာမေမေလဲ၊ ငါက မင်းအဖေ မဟုတ်ဘူး၊ မခေါ်နဲ့၊ မမပဲ ခေါ်ရမယ်၊ ခေါ်စမ်း မမလို့'

ကောင်းစစ်က ပေကတ်ကတ် ဂျစ်ကန်ကန်လုပ်နေသည် မခေါ်ပေ။ ရှု ဆုပ်ကိုင်ထားသဖြင့် နာကျင်နေဟန်ပင်။ ခေါ် ကြောမာတဲ့ ကောင်လေး။ မျက်လုံးအကြည့်တွေက မာမာထ ထန်။ ရှုလက်တွေကို ဆွဲဖယ်ပစ်သည်။

'မမလို့ခေါ်လေ'

'မေမေ'





'ဟဲ့ ကောင်လေး၊ ဘာဖြစ်လို့ အသံကုန်အော်ပစ်ရတာ ဒုက္ခပါပဲ၊ တိတ်စမ်း…'

'မေမေ… မေမေလို့ပဲ ခေါ်မယ်၊ မေမေ'

ကိုသွန်းစစ်ဦး ကြားသွားမှာ အထိတ်တလန့်နှင့် ကောင်း ပါးစပ်ကို လိုက်ပိတ်ရသည်။ အကြောကတော့ မသေးဘူး။ လိုအပ်တာ မေမေဟု ပြောနေ၏။ ရှု စိတ်မကောင်းဖြစ်ရသည်။

'ကောင်းစစ်ဦး'

'ဘာလဲ'

'ဗျာလို့ ထူးလေ'

'ဘွားဘွားရေ… ဘွားဘွားကို ခေါ်ပေးပါ၊ ဘွားဘွား'

'မင်းအဖေ ပြန်ရောက်နေပြီ'

ကောင်းစစ်ဦး မျက်ဝန်းလေးတွေက အေးစက်နေသည်။ တာပုံမရ။ ဖခင်ရှိနေတာ၊ သူ့အတွက်တော့ မထူးဆန်းသလို အိပ်ရာပေါ် လှဲအိပ်၏။ ရှုတာဝန်က စာသင်ပေးရဦးမယ်။ လေးကတော့ သနားစရာပါ။

မင်း ပြန်ထဆိုတော့ ပြန်ထသည်။

'ဒီမှာ စာအုပ်၊ မမတာဝန်က မင်းကို စာသင်ရမယ်'

'မသင်ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မရဘူး'

'ကောင်း ကျောင်းမတက်ချင်ဘူး၊ ကျောင်းမှာ အားလုံး ဖေဖေတွေ မေမေ လာကြိုတာ၊ ကောင်း ငိုချင်တယ် ဘွားဘွားတစ်ယောက်ပဲ ကောင်းကိုချစ်တာ'

'အခု မမလည်း ကောင်းကိုချစ်တယ်လေ'

'ဟင်...'

ကောင်းစစ်က မျက်လုံးလေးပုတ်ခတ် ပုတ်ခတ်ဖြ ရကို ကြည့်သည်။

'မမချစ်တာကို မလိုချင်ပါဘူး၊ ဖေဖေချစ်တာကို လိုချင်တာ'

'မင်း လိမ္မာပြလေ'

ရှင်ဟာ တော်တော်ဆိုးတဲ့လူပဲ ဦးသွန်းစစ်ဦး။ ကို သားအပေါ်မှာတောင် ရက်စက်တယ်။ ကလေးမှာ ဘာအပြစ် နေလို့လဲ။ ရ အော်ပစ်ချင်သည်။ ကောင်းကို မဆူရက်တော့ အလိုလိုက်လို့လည်း မဖြစ်ဘူး။ ကောင်းက မူကြိုတစ်နှစ်တ ပြီးသား။

ဘာစာမှ မတတ်ပေ။

'မင်း မူကြိုတက်ဖူးတာပဲ၊ ဝလုံးရေးတတ်လား'

'မရေးဘူး၊ ကောင်းက မူကြိုမှာ တစ်ချိန်လုံးငိုပစ်တယ်'

'အဲဒီအမူအကျင့်တွေက လုံးဝမကောင်းတဲ့ အမူအကျင့် တွေပဲကွ'

ကောင်းစစ်ဦးကို စာသင်ပေးဖို့ပင် စိတ်မောစရာပါပဲ။ ဒါဏ်ရာတွေ ရှိနေသည်။ ဦးသွန်းစစ်ဦးလို လူကြီးတစ်ယောက် တောင် လောကကြီးကို မကျေနပ်ချက်တွေနဲ့ ပေတေနေခဲ့တာပဲ။ မ ချော့သည်။

'မင်း လိမ္မာအောင်နေရင် ဖေဖေကလည်း ချစ်မှာပဲ၊ င်းက အရမ်းပဲဆိုးသွမ်းသောင်းကျန်းနေတာပဲကိုး၊ မမကတော့ သောင်းကျန်းတာ လက်မခံဘူးနော်'

လေးကြောင်းမျဉ်းစာအုပ်မှာ ကောင်းစစ်လက်လေးကို ပြီး ရေးစေသည်။ လိမ္မာဖို့အကြောင်းနှင့် စာကိုကြိုးစားဖို့ ည်း တတွတ်တွတ်သင်နေရ၏။ ကောင်းစစ်က ပေကတ်ကတ် ရက နည်းနည်းလေးနာကျင်အောင်လုပ်ထားတော့ ငြိမ်နေ ည်။ စာသင်ပြီး ရေချိုးပေး ထမင်းကျွေးပြီး အိပ်စေ၏။ အဘွား မေးနေပေမယ့် ရရဲ့ တင်းမာမှုကြောင့် ကောင်းစစ် မသောင်း န်းရဲပေ။ ရစိတ်တွေ နည်းနည်းတော့ မောပန်းနေသည်။

'ကောင်းလေးက သနားစရာတော့ကောင်းပါတယ် မမ



www.burmeseclassic.com

www.burmeseclassic.com



လေးရယ်၊ မိဘတွေရဲ့ ပြဿနာကြောင့်ပါ၊ အသွားပဲ ကပ်နေ
တာ၊ အစ်ကိုကြီးက နည်းနည်းမှအကာပ်မခံဘူး'

'ကောင်းကို အလိုလိုက်ရင် ပိုဆိုးသွားမယ်ထင်တယ်
ချစ်တာက ချစ်တာပဲ'

'မမလေး စောင့်ရှောက်ပေးပါ၊ ကောင်း လိုအပ်တာ
မေမေပါ'

ကောင်းက မေမေဟုပဲ ခေါ်မည်ဆို၍ သူမ ရယ်နေ
သည်။ ချမ်းသာကြွယ်ဝပေမယ့်လည်း စိတ်ဒဏ်ရာတွေရနေ
ကလေးပါ။ ကိုသွန်းစစ်ဦးရောပဲ။ မာမီဝေကတော့ မြေး
ရှုလက် အပ်သွားသည်။

'မမလေးရှု ရောက်လာမှ ကောင်းစစ်လေး ငြိမ်သွားတာ

မနက်စာစားဖို့ကို သွန်းစစ်ဦး ဆင်းလာသည်။ အရ
က နွေ့ရော ညရော သောက်ထား၏။ မာမီဝေက ဘယ်လော
အထိ စိတ်သောကတွေရောက်ရှာမလဲ။ ရှုလည်း ရှေ့ဆက် ပညာ
သင်ကြားရေးအတွက် ဘဝကို ရုန်းကန်ရမည်ဖြစ်သည်။

'ဦးသွန်းစစ်ဦး'

'ပြော'

'ရှု တစ်ခုလောက် တောင်းဆိုစရာရှိလို့ပါ'



'မတောင်းဆိုပါနဲ့'

'ဘာဖြစ်လို့လဲရှင့်'

'ငါက ဘာတစ်ခုမှ မင်းကိုမပေးနိုင်လို့ပဲ'

'ရှု ဘာတောင်းဆိုတာလဲဆိုတာ ဦးသွန်းစစ်ဦး
နားထောင်ကြည့်ပါဦး'

'မင်းအလုပ်က ဘာလဲ၊ ငါ့သားကို ထိန်းဖို့ပဲ၊ မင်းက
ဘာတွေတောင်းဆိုချင်ရတာလဲ'

သူ ထသည်။ ဒီကောင်မလေးက မာမီ့ကျေးဇူးရှင်ရဲ့
သမီးတဲ့။ ကြီးကြီးကျယ်ကျယ်နှင့် နေရာတကာ ဆရာကြီးလုပ်
ပြီး စပ်စုတာမျိုးတော့ လက်မခံနိုင်ပါဘူး။ သွန်းစစ် ခပ်တည်
တည်ပဲ နေသည်။

'မတောင်းဆိုတော့ပါဘူး၊ မတောင်းဆိုတော့ပါဘူး၊
လူ့ခွစာကြီး'

'ဘာ...'

ရှု ဘာမှပြောမနေတော့ဘဲ ထမင်းစားခန်းကနေ ထွက်
လာခဲ့သည်။ လူ့ခွစာကြီး။ ရှုက ကောင်းအတွက် နွေးထွေးတဲ့
မေတ္တာတွေပေးဖို့ တောင်းဆိုမလို့ဟာ။ နေပေါ့။ စေတနာပင်
ရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ရှကလည်း ယောကျ်ားတစ်ယောက်ကို အောက်မကျချ
ပါဘူး။ ရှအခန်းထဲဝင်လာတော့ မွှေးပျံ့သင်းထုံနေတဲ့ ရနံ့ယ
က ရှစိတ်ကို အေးချမ်းသွားစေသည်။ မာစီဝေ့ မေတ္တာပဲ။ ကျေး
တင်ရမယ်။ ရှ သည်းခံရမှာပဲ။ သူမ အိပ်ရာပေါ်လှဲအိပ်လိုက်
သည်။

'ရှ နောက်ဆုတ်မလာနဲ့နော်၊ ဝေကမှ ရှဖြစ်ချင်တဲ့အ
ကို ဖြည့်စွမ်းပေးနိုင်မှာ၊ မေမေ သိပါတယ်၊ ရှဆန္ဒက ဆရာဝ
ဖြစ်ချင်တာ၊ ရှရတဲ့အလုပ်လုပ်ပြီး ငွေရှာနေတာ'

ဟုတ်တယ်။ ရှရာအလုပ်ကိုလုပ်ပြီး ပိုက်ဆံရှာပြီး စု
တာပဲ။ ရုပ်ရှင်လက်မှတ် မှောင်ခိုတိုးရောင်းခဲ့သေးသည်။

'ငါက အချောင်သမားတွေကို မုန်းတယ်၊ လက်မှတ်
မှောင်ခိုရောင်းတာ အမြင်အကတ်ဆုံးပဲ၊ ငါ့ဆီမှာလာအကူအည
တောင်းလို့ကတော့ အချုပ်ထဲပို့ပစ်မှာ'

'မရှိဆင်းရဲသားတွေ လုပ်တာပဲ၊ ရှင့်ပိုက်ဆံထိလို့လား
လက်မှတ်မှောင်ခို ဝယ်ကြည့်နိုင်တယ်ဆိုကတည်းက ပိုက်ဆံရှိ
ပဲလေ၊ ရှင်က အခြောက်တိုက်မုန်းနေတယ်'

ကိုသြရသကိုလည်း ရှ သတိရနေသည်။ ရှကို ဟာသ
လုပ်သွား၏။ အမြင်ကတ်လိုက်တာ။ ရှက ယောကျ်ားတွေ





သုံးဝအထင်ကြီးတတ်တာ မဟုတ်။ သူပေးခဲ့တဲ့ ငွေတစ်သိန်း။
ဘမင် အထင်သေးတာပဲ။ ရှင်က ရှကို စော်ကားတာ။ ကိုသြရသ
အား ရှ မကြာခဏသတိရနေတတ်သည်။

'ငါက မင်းကို နောက်တာပါ၊ မင်းနဲ့တွေ့ရတာ ဟာသ
ရုပ်ရှင်ကားတစ်ကားကို ကြည့်လိုက်ရသလိုပဲ၊ ရယ်ရတယ်'

ဟွန်း... ရှင်က ကျွန်မကို ရယ်စရာသဘောထားသွား
တာပဲ။ ရှက်စရာတော့ ကောင်းတယ်။ တွေးမိတိုင်း မျက်နှာပူနေ
သည်။ ဖြူစင်ကိုလည်း သတိရတယ်။ ဖြူစင်ကိုလည်း ကူညီ
ချင်တယ်။ ရှ ဆရာဝန်ဖြစ်ရင်ပေါ့။ မေမေက ဖြူစင်နှင့်ပေါင်း
တာ သဘောမကျသော်လည်း ဖြူစင်က ရှအပေါ်တော့ ကောင်း
သည်။ ဟုတ်တယ်။ ကောင်းစစ်လေး စိတ်လန်းသွားအောင်
ကလေးကိုခေါ်ပြီး အပြင်ထွက်မယ်။ ဖြူစင်ဆီ သွားမယ်။ သူမ
အောက်ထပ်ပြန်ဆင်းလာတော့ ကိုသွန်းစစ်ဦး အပြင်ထွက်သွား
သည်။

'အရက်သောက်လို့ ရှင့်ဘဝကြီးက အရာအားလုံးပျောက်
ဆုံးသွားတော့မှာလား၊ စဉ်းစားဉာဏ် မရှိလိုက်တာနော်'

ရှစိတ်က နည်းနည်းလေးမှ မကျေနပ်။ မိခင်ရော သား
ရော ဘယ်လောက်အထိ ဝေဒနာတွေရနေကြလဲ။ ရှင်သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းရှင်ကြီးတဲ့။ မိန်းမတစ်ယောက်အတွက် ရှင့်ဘဝ ကြီး ရေစုန်မှာ မျောနေတော့မလား။ ရုလည်း စိတ်မဝင်စားပါဘူး။ မာမီဝေ့ကြောင့်။ သားလေးကောင်းစစ်ဦး နိုးလာသည်။

'မမသွယ်… ရု အပြင်သွားဦးမယ်နော်၊ သူငယ်ချင်း တစ်ယောက်ဆီ သွားမလို့၊ သားလေးကောင်းစစ်ကို ခေါ်သွားမယ်'

'မသွယ် လိုက်ရမလား'

'ရတယ်'

'ကားစီစဉ်ပေးမယ်နော်'

'ကားနဲ့'

'ကောင်း အပြင်ထွက်မှာလေ၊ မမလေးရုက အငှားကားနဲ့ သွားချင်လို့လား'

'ကားယူသွားပါ၊ ဒီမှာ ကောင်းအတွက် ကားသတ်သတ် တစ်စီးထားပေးထားပါတယ်'

မာမီဝေတို့က တော်တော်လေးချမ်းသာကြတာပဲ။ ရု အတွက် အားကိုးရာဖြစ်နိုင်သည်။ ဒါပေမဲ့ ရု စိတ်ရှုပ်ထွေးနေ ရသည်။ ကိုသွန်းစစ်ဦးကြောင့်ပါ။ သားလေးကောင်းစစ်ဦး စိတ် ဝေဒနာတွေ ခံစားနေရတာ ရု စိတ်မကောင်းဖြစ်ရသည်။ ရှင်





ကြောင့်ပဲ။ ကောင်းစစ်ဦးလေး နိုးလာ၏။ ရု အဝတ်အစားလဲပေး သည်။

'ကောင်း မလိုက်ဘူး၊ အပြင်မထွက်ချင်ဘူးလို့ ပြောနေ တယ်နော်'

'ထွက်ရမယ်၊ သားလေး စိတ်တွေလန်းဆန်းပျော်ရွှင် အောင်ပါနော်'

'မလိုက်ဘူး၊ အဘွားနဲ့ပဲ သွားမယ်၊ ကောင်း မလိုက် ဘူး'

ကောင်းက ပေကတ်ကတ် ညစ်ကျယ်ကျယ်။ ပေစောင်း စောင်းနှင့် ရုနှင့် မလိုက်လိုကြောင်း ပြောသည်။ ရု စိတ်တိုလာ၏။ ချော့ရမလား။ ရိုက်ပစ်ရမလား။ မခေါ်ဘဲ ထားခဲ့ရမလား။ ကလေးကိုထားခဲ့ပြီး ရုအပြင်မထွက်ချင်။ စေတနာနဲ့ ခေါ်သွား မယ့်ဟာကို။ ကောင်းလေးရဲ့ ပခုံးနှစ်ဖက်ကို ဆတ်ခနဲဆုပ်ကိုင် လိုက်သည်။

'အား… အီး… အီး… နာတယ်၊ နာတယ်၊ ဘွားဘွား ရေ… ဒီမှာ သားကို နှိပ်စက်နေတယ်'

'တိတ်စမ်း… လူကြီးစကားကို နားထောင်ရမယ်၊ လူကြီးက လိုက်ဆို လိုက်ပေါ့၊ စကားမများနဲ့၊ မမက ကောင်းစစ်



www.burmeseclassic.com

www.burmeseclassic.com



လေး စိတ်ပျော်အောင် ခေါ်သွားမှာ၊ အသက်ကြီးလာရင် မင်း လူတောမတိုးတော့ဘူး၊ ဘွားဘွား မရှိဘူး၊ မမစကား နားမထောင် ရင် ရိုက်မှာနော်၊ ရေကန်ထဲ ပစ်ချလိုက်မယ်'

ရှ ကြိမ်းမောင်းလိုက်သဖြင့် ကောင်းစစ်လေး မျက်နှာ မသာမယာဖြင့် နှုတ်ခမ်းစူစူ မျက်နှာတင်းတင်းနှင့် ငြိမ်သက်သွား သည်။



(၈)

ကားလေးကို ခပ်လှမ်းလှမ်းမှာရပ်ထားပြီး ကောင်းစစ် သက်လေးဆွဲကာ ရှ သမ္မတရုံဘက် လျှောက်လာသည်။

'ကောင်း တွေ့လား၊ အဲဒါ စာမသင်တဲ့လူတွေ ဒုက္ခ ရောက်ပြီး ဈေးရောင်းနေရတာ'

'ကောင်းနဲ့ ဘာဆိုင်လို့လဲ၊ ကောင်းက သူဌေး'

'မင်းပဲ အပြောကောင်းတယ်၊ ပညာမသင်ချင်ရင် အားလုံးမွဲမှာပဲ၊ မင်း ဒီလိုပဲ ဈေးရောင်းမလား'

'ကောင်း သူတို့လိုနေချင်တယ်'

'ဘာ...'

'သူတို့ အရမ်းပျော်နေမှာပဲ'

'ဒုက္ခပါပဲဟယ်၊ ကောင်းစစ်ကတော့လေ'



www.burmeseclassic.com

www.burmeseclassic.com



'သားသားက ဖေဖေနဲ့ သွားချင်တယ်၊ ဖေဖေ ကျောင်းလာကြိုမှ ကြိုက်တယ်၊ ဘွားဘွားနဲ့ မနေချင်ဘူး'

'လာ… သားလေး၊ အရုပ်ဝယ်မလား'

'ဟင့်အင်း…'

'လာ… မမသူငယ်ချင်းဆီ သွားမယ်၊ သားကို ချီရမလား'

'မချီနဲ့'

ရကို သိပ်ပြီးလက်မခံချင်သေးပေ။ ပေကတ်ကတ်လုပ်နေသည်။ ပတ်ဝန်းကျင်က လူတွေကြည့်နေ၍ တော်ကြာ ရကို ကလေးသူခိုး ထင်နေဦးမည်။ တကယ်ပါပဲ။ ကောင်းစစ်က ဂျစ်ကန်ကန်။ အသက်က လေးနှစ်ကျော်ကျော်လေး ရှိနေပေမယ့် အတွေးအခေါ်နှင့် စကားတွေက လူကြီးဆန်သည်။

'ဖြူစင်ရော'

ဖြူစင့်ကို မတွေ့ရပေ။ ရမှာ ရှိသမျှပိုက်ဆံလေး ပေးမလို့ပါ။ ပတ်ဝန်းကျင်ကို မေးကြည့်တော့ ဖြူစင် နေမကောင်းဘူးတဲ့။ ဖြူစင့်အိမ်သွားပြီး မေးကြည့်ရမယ်။ ဆေးဖိုးလည်း ပေးရမယ်။ ဆေးဖိုး ရှိမှာမဟုတ်။ လူတွေကလည်း တိုးကြိတ်နေသည်။





'အီး… အီး…'

'အီး… သား၊ မနေချင်တော့ဘူး၊ အီး… အီး…'

'မငိုနဲ့လေ ကောင်း၊ ပြန်တော့မှာပါ၊ လာ… လာ… ချီမယ်'

'မချီနဲ့၊ ကောင်းအသားကို မထိနဲ့၊ မမက လူဆိုး'

'ဟဲ့… ဒုက္ခပါပဲ၊ ပတ်ဝန်းကျင်ကကြားသွားရင် တစ်မျိုး င်တော့မှာပဲ၊ တိတ်တော့နော် လိမ္မာတယ်'

'အီး… အီး…'

ချော့မော့ပြောဆိုနေတာ မရ။ ပတ်ဝန်းကျင်ကလူတွေ သည်း ရကို ကြည့်နေကြသည်။ ကောင်းစစ်က အသံပြဲကြီး အော်ဟစ်နေ၏။ ရကို ကျေနပ်တာမဟုတ်။ ရက အပြစ်ပေး တ်၍ ကောင်းစစ်က လက်မခံချင်ပေ။ ရ ဘာဆက်လုပ်ရမှန်း သိ၍ ကောင်းစစ်လေးအား လူရှင်းသည့်ဘက်သို့ အတင်းပွေ့ချီ ခေါ်ဆောင်လာ၏။

'အီး… အီး… မချီနဲ့၊ ကောင်းအသားကို မထိနဲ့'

'အီး… အီး…'

ကောင်းစစ်လေးအား မငိုအောင် ဘယ်လိုလုပ်ရမှန်းမသိ ၍ စိတ်တွေထူပူပြီး ဇောချွေးတွေပင် ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အဝေးကြီးမှာ။ ရု အခက်တွေ့နေရ၏။ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာလည်း ကြောက်သည်။

'ဟော့… ငွေခရု၊ မင်းကို တွေ့ပြန်ပြီ၊ ဘာလုပ်နေတာလဲ၊ ဒီကလေးကရော မင်း ကလေးအမေလား'

'ဘာပြောတယ်၊ ဒါ ရုကလေး မဟုတ်ဘူး၊ မောင်လေး မသိဘဲနဲ့ ရမ်းမပြောနဲ့နော် ကိုသြရသ'

ရုအသက်နှင့် ကလေးက ဒီအရွယ်ကြီး ရှိနေမလား။ သိသိကြီးပြောနေတာ။ ဘာလဲ ဟာသဇာတ်လမ်း ကြည့်ဦးမလို့လား။ သူမ နှုတ်ခမ်းလေးကို စူထော်ပစ်သည်။

'အီး… အီး… ကောင်းကို သူ့ အတင်းခေါ်လာတာ မလိုက်ပါဘူးဆို အတင်းခေါ်လာတယ်၊ ဘွားဘွားဆီသွားမယ် ဘွားဘွားရော… အီး… အီး…'

'ဟင်… မင်း… မင်း… ကလေးကို ခိုးလာတာလား မင်း ကလေးသူခိုးပဲ'

'ဘာရှင့်… ကလေးခိုးလာတာ မဟုတ်ဘူး၊ မောင်လေး ပါဆို၊ ကောင်းစစ် တိတ်စမ်း'

'ပြန်မယ်… အိမ်ပြန်ပို့ပေးပါ၊ အီး… ဟီး…'

ကောင်းစစ်လေးက အော်ဟစ်ရုန်းကန်ပြီး ငိုနေသည်။





ားဆီကိုလည်း သွားလို့မရ။ ကောင်းစစ်ကို ပွေ့ချီလို့ပင် မရ။ ဒုက္ခရောက်နေ၏။ အရေးထဲ ကိုသြရသက ရုကို မသင်္ကာတဲ့ က်ဝန်းတွေနှင့် ကြည့်နေသည်။

'သားသားကို သူ ဘယ်ကနေ အတင်းခေါ်လာတာလဲ'

'သားသားတို့အိမ်က'

'ဘာဖြစ်လို့ ခေါ်လာတာလဲ'

'သား မလိုက်ချင်တာကို အတင်းခေါ်လာတာပါ၊ သား ိုလည်း ရိုက်တယ်'

'မင်း… မင်း ဘာဖြစ်လို့ ဒီကလေးကို အတင်းအကျပ် ါလာတာရတာလဲ၊ မင်း ဘာဖြစ်လို့ ကလေးကို နှိပ်စက်တာ မင်း မရှိုးသားဘူး'

'ဒီမှာ… ဘာတွေလာပြောနေတာလဲ၊ ကလေးဆိုတဲ့ လေး အပြင်ထွက်ပါစေဆိုပြီး ခေါ်လာတာ၊ ကျွန်မသူငယ်ချင်း င့်ဆီလာတာ သိလား'

ကောင်းစစ်ကို သူက ပွေ့ချီလိုက်တော့ အငိုတိတ်သွား ည်။ ဖခင်မေတ္တာငတ်နေတဲ့ ကလေးပါ။ သူ့ကို အသေအချာ ်ကြည့်နေ၏။ ကားဆီလိုက်ပို့ပေးပါဟု အကူအညီတောင်း ည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ… လိုက်ပို့ပေးမယ်၊ မင်းကိုတော့ စိတ် မချသေးဘူး၊ ကလေးသူနိုး ဖြစ်ချင်ဖြစ်နေမှာ'

'ရှင်နော်'

ငွေခရုနှင့် ပြန်ဆုံတွေ့ရတာကို သူ သဘောကျသည်။ သူ့စိတ်ထဲမှာ အမြဲတမ်းသတိရနေတဲ့ ငွေခရုပဲ။ စွာတေးလန်း လေး၊ မာနခဲမလေးအား ဩရသ မေ့ပစ်လို့ မရ။ ရုပ်ရှင်လက်မှတ် တိုးပြီး မှောင်ခိုရောင်းတဲ့ ကောင်မလေးမှာ အကြောင်းတစ်ခုခု တော့ ရှိရမည်ဟု သူ စုံစမ်းကြည့်တော့ ငွေခရုက ဆေးကျောင်း တက်ချင်လို့ ပိုက်ဆံရှာနေတာတဲ့။ ဩရသ လိုက်စုံစမ်းသေး သည်။ ငွေခရုကို ကူညီမလို့။ ငွေခရုသူငယ်ချင်း ဖြူစင့်ကို မတွေ့တော့။ ဒီနေ့လည်း ဖြူစင့်ကို လာရှာတာပါ။ အခု ငွေခရု ကလေးထိန်းလုပ်နေတယ် ထင်တယ်။ သူ စတွေ့စဉ်ကထက် အဝတ်အစားကအစ သစ်လွင်တောက်ပနေသည်။

'ဟိုမှာ ကျွန်မတို့ကား၊ လူကိုများ လာပြီးအထင်သေး အမြင်သေးနဲ့၊ ဒီမှာ ရှင် ဘာဖြစ်လို့ ရုပ်ရှင်လက်မှတ်ခ အပိုငွေ ပေးရတာလဲ၊ ကျွန်မကို ငွေမက်တယ်လို့ထင်ပြီး စော်ကားနေတာ လားဟင်'

'မရှိဆင်းရဲသားမို့ ကူညီတာပါ'





'ဘာရှင့်'

'မင်း ငွေကြေးအခက်အခဲဖြစ်နေတယ် မဟုတ်လား ငွေခရု'

'ကျွန်မက ကိုယ့်အားကိုယ်ကိုးပြီး ရတဲ့ငွေပဲ တန်ဖိုးထား တာ၊ ရှင်နဲ့တွေ့တုန်း ရှင့်ပိုက်ဆံ ပြန်ပေးရမယ်'

ရှ ရုပ်ရှင်လက်မှတ်ဖိုးပဲယူပြီး ကျန်တဲ့ငွေကို ပြန်ပေး သည်။

သူက လက်မခံပေ။ နည်းလို့ ပြန်ပေးတာလားဟု ပြော လိုက်သဖြင့် ရှ ဒေါသတွေထွက်သွားရသည်။

'ရှင်… ရှင် တော်တော်စော်ကားတာပဲ၊ ကျွန်မ ကိုယ့် ကိုယ်အားခပဲ တန်ဖိုးထားတာလို့ ပြောထားပြီးပြီနော်၊ ပြန်ယူပါ၊ ကျွန်မ အခု ကလေးထိန်းလုပ်ရတဲ့ အိမ်က ကျွန်မကို သမီး တစ်ယောက်လို ထားတာပါ'

သူမ ကျောင်းစစ်လေးအား ဆွဲယူပွေ့ချီပြီး ကားပေါ်ဝင် ထိုင်သည်။ မျက်နှာကို စူတင်းထား၏။ ကိုဩရသ ရှင့်ကို ကျွန်မ အထင်ကြီးမယ်ထင်လား။ ဝေးသေးတယ်။ ကျွန်မ ဘယ်တော့ မှ ယောကျ်ားတစ်ယောက်ရဲ့ အကူအညီကို မယူဘူး။ ကားကို မောင်းနိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေခရ··· မင်းနဲ့ ခင်မင်ရတာ ကိုယ် အရမ်းပျော်တယ်
ထပ်တွေ့ချင်တယ်၊ ရမလား'

'အရှူး'

သူ ရယ်ပစ်လိုက်သည်။ ငွေခရနှင့် ဆုံတွေ့ရပုံကို တွေ
မိတိုင်း ဩရသ ရင်ထဲမှာ ပျော်နေသည်။ ပညာရေးအတွ
ရရာအလုပ်ကို ရှာဖွေလုပ်ကိုင်နေတဲ့ ကောင်မလေးဆိုတာ သိ
အားပေးချင်၏။ မာနခဲမလေး။ သူအပိုပေးလိုက်တဲ့ငွေတွေ
သူ့လက်ထဲ ပြန်ထည့်ပေးသည်။

'ရှင်နဲ့ ထပ်ပတ်သက်စရာမလိုတော့ဘူး၊ ကျွန်မ
လာမသနားနဲ့၊ ကျွန်မက အစွမ်းအစရှိတဲ့သူ၊ သိရဲ့လား'

သူမက ဒေါသတကြီး အော်ဟစ်ပြောဆိုနေသည်
ကောင်မလေး မင်းကိုတော့ အရမ်းကြိုက်သွားပြီ။ ဩရသ
ဖူးစာရှင်ပဲ ဖြစ်မယ်။ ဩရသ နှုတ်ခမ်းတွေက ပြုံးနေ၏။ ငွေခ
တို့ကားလေး ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေသည်။

'မင်း ကလေးထိန်းလား၊ ကောင်လေးက မင်းကို လ
မခံချင်ပုံပဲ၊ ဘဝမျိုးစုံ ရုန်းကန်နေရတဲ့ မင်းကို ကူညီချင်တယ်
ထောက်ပံ့ချင်တယ်'

မာနခဲမလေးကို သူ မေ့ပစ်၍မရနိုင်တော့။ ဘယ်မှာ





သဲ။ ရှသူငယ်ချင်း ဖြူစင်နေတဲ့ အိမ်လေးကို သူ လိပ်စာ
းသည်။ သွားရှာပြီး ငွေခရနေတဲ့ အိမ်လေးကို ရှာဖွေဖို့
ဖြတ်ထားသည်။

'ငွေခရရေ··· မင်းကို ကိုယ် အရမ်းချစ်သွားပြီ၊ ကိုယ့်
မှာ မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းချစ်မိတာ
ဆုံးပဲ ရှရယ်'

ရှ သူငယ်ချင်းဖြူစင်ရဲ့ လိပ်စာကို သူ သွားရှာသည်။
ကလေးထဲက ဆင်းရဲသားအိမ်လေး။ ဖြူစင်က ဖျားနေ၏။
န်းမသွားဘူးလားမေးတော့ ပိုက်ဆံမရှိလို့တဲ့။ ဩရသ
သွားရသည်။

'ငွေခရ··· ဘယ်မှာနေလဲ၊ မင်းကို လာရှာတယ် ဖြူစင်၊
ကလေးထိန်းအလုပ် လုပ်နေတယ်၊ ကိုယ်နဲ့တွေ့တယ်လေ'

'ဟုတ်လား ရှ၊ အဆင်ပြေရင် ဖြူစင် ဝမ်းသာတယ်၊
ဆေးကျောင်းတက်ချင်နေတာပါ'

'ရှ ဘယ်မှာနေလဲ'

'ဟိုရပ်ကွက်ထိပ်မှာပါ၊ ဖြူစင်နဲ့က ကျောင်းနေဖက်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပါ၊ ရှုအမေက မာနကြီးတယ်၊ သူ့သမီးကို အဖြူ
အသန့်ရှင်းဆုံး ရှင်သန်ကြီးပြင်းစေချင်တာပါ'

ရှုကို သူဌေးတစ်ယောက်က သဘောကျတယ်ဆိုတော့ လည်း ဖြူစင် ပျော်ရွှင်ဝမ်းမြောက်မိသည်။ ရှုကို ရည်မှန်းချ ယန်းတိုင်ရောက်စေချင်တာပါ။ ကိုဩရသက ရှုအကြောင်း လိုက်စုံစမ်းပြီး စိတ်ဝင်စားနေသည်။

'ရှုတို့လည်း ဆင်းရဲတာပဲ၊ ရှုက မာနကြီးတယ် ယောကျ်ားလေးတစ်ယောက်ဆီကနေ ဘယ်တော့မှ အကူအည မယူဘူး'

'ဖြူစင့်ကို ကိုယ် ကူညီတာပါ၊ ဆေးဖိုးလက်ခံပေး နော်၊ ငွေခရကို လေးစားတယ်၊ ကိုယ့်ကိုတောင် လုံးဝအဖ မလုပ်တဲ့ ကောင်မလေးပဲ'

'ဖြူစင်လည်း လက်မခံချင်ပါဘူး၊ ဒါပေမဲ့ ဆေးကုသ စရိတ်မရှိလို့လေ၊ ဖြူစင့်သူငယ်ချင်း ရှုကတော့ လက်ခံချင် မဟုတ်ဘူး'

'ကိုယ်သိပါတယ် ဖြူစင်'

ဩရသက ဖြူစင်ဆီကနေ ရှုနေတဲ့လိပ်စာကို သေသေ ချာချာမေးပြီးသွားသည်။ ရှုအိမ်လေးက သေးသေးလေးပဲ။ ငွေခ





သူ့ကိုတောင် တည်တည်တင်းတင်းဆက်ဆံသွား၍ သူ ဆင်ကြီးရသည်။ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်တော့ ရှု မရှိဘူးတဲ့။ သူဌေးတစ်ယောက်က ကားနှင့် လာခေါ်သွား တဲ့။ ရှုမေမေပဲ ရှိသည်။

'ငွေခရက လေးဘာသာဂုဏ်ထူးနဲ့ အောင်တာလေ၊ ရာဝန်အရှမ်းဖြစ်ချင်တယ်၊ မာနတော့ ကြီးတယ်နော်'

ရှုတို့အိမ်လေးနှင့် ခပ်လှမ်းလှမ်းမှာ ကားရပ်ပြီး ကြည့် သည်။ ကိုယ် အထင်မသေးပါဘူး ရှု။ မင်း စိတ်ဓာတ်လေး ကို တန်ဖိုးထားတယ်။ ရှုကို ပိုပြီးတော့တောင် ချစ်သွားပြီကွာ။ အမေက ကျန်းမာရေးချို့တဲ့နေတာတဲ့။ သူငယ်ချင်း သူဌေးမ သာပြီးကူညီစောင့်ရှောက်နေသည်ဟု ဩရသ သိရသည်။

'မေမေကတော့ သားရဲ့ အိမ်ထောင်ဖက်ကို သားစိတ် ကြိုက် ရွေးချယ်ခွင့်ရှိတယ်နော်၊ ခွင့်ပေးတယ်၊ သားနဲ့ ပေါင်းရ မဲ့ဟာ၊ သားချစ်မြတ်နိုးတဲ့ မိန်းကလေးမျိုးပဲ ဖြစ်စေချင် တယ်'

ဩရသမေမေကတော့ သားသမီးတွေရဲ့ ကိုယ်ရေးကိုယ် တာတွေမှာ ဝင်ပြီးမစွက်ဖက်ခဲ့၊ ညီမလေးမှာလည်း လွတ် လပ်ခွင့်တွေ အပြည့်ရှိသည်။ ငွေကြေးချမ်းသာပေမယ့် မာနမကြီး။



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းခွဲခြားခြင်းလည်း မရှိ။ ရှကို လက်ခံမှာပါ။ ဩရသ
ကတော့ ရှကို နှစ်သက်မိသည်။

'ကျွန်မကို စော်ကားတာလား၊ လက်မှတ်ဖိုးက သင့်ငွေ
ပဲယူမယ်၊ အပိုမပေးပါနဲ့၊ ကျွန်မက ကိုယ့်လုပ်အားနဲ့ရတဲ့ပိုက်ဆံ
ပဲ တန်ဖိုးထားတာပါ'

ငွေခရ မင်းနဲ့နီးစပ်အောင် ကိုယ် မဖြစ်မနေကြိုးစား
မယ်။ မင်းကို ပိုင်ဆိုင်စေရမယ်။ သူ့ ဆုံးဖြတ်ချက်ချဖြစ်သည်။



## (၉)

'ကောင်းစစ်'

'ဘာလဲ'

'ဗျာလို့ထူးရတယ်'

'မထူးဘူး'

'မမစကားကို နားထောင်ပါ ကောင်းစစ်လေးရယ်၊ မမ
ဘ စေတနာနဲ့ ကောင်းစစ်လေးကို အပြင်ခေါ်သွားတာပါ၊ ဘာဖြစ်
လို့ သောင်းကျန်းရတာလဲ'

ကိုဩရသနှင့် ဆုံလိုက်ရတာ ရှစိတ်တွေ တဆတ်ဆတ်
တုန်ခါလိုက်မောနေသည်။ ရှကိုတွေ့တိုင်း အထင်သေးစကားတွေ
ပြောနေတဲ့လူ၊ ရှင့်ကို ရှ အထင်ကြီးမယ်ထင်လို့လား။ ရှင့်ဟာ
ရှင် ဘယ်လောက်ပဲချမ်းသာပါစေ။ ရှ မက်မောနေမယ် မထင်နဲ့။
ကောင်းစစ် သောင်းကျန်းတာကိုလည်း ရှ စိတ်ညစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးထိန်းရတဲ့အလုပ်ကို ရု မလုပ်ချင်ဘူး။ မာမီဝေကလည်း ရိပ်သာတဲ့။ မေမေ့ကိုလည်း သတိရနေသည်။

'မင်း ဒီလိုပဲ ဂျစ်ကန်ကန်မာကျောကျောလုပ်နေရင် မ ရိုက်မှာနော်'

'မမက မိထွေးလား'

'ဘာပြောတယ်'

'မသွယ်က ပြောတယ်၊ မိထွေးက နှိပ်စက်တယ်တဲ့ ရိုက်တယ်တဲ့၊ ကောင်း ဆိုးရင် မိထွေးက အသေရိုက်မှာတဲ့'

'ဒုက္ခပါပဲ'

ကောင်စုတ်လေး စကားတတ်လိုက်တာ။ အရွယ်နဲ့ မလိုက်ဘူး ရု ရယ်ချင်သည်။ မိထွေးလားတဲ့။ နင့်အဖေကိုမှ လူ့ခွစာကြီး။ မိန်းမတစ်ယောက် မကောင်းတာနဲ့ပဲ မိန်းမတွေ အားလုံးကို မုန်းတီးနေ၏။ ဘယ်လိုလူလဲ။ ကိုယ့်သွေးသားကို တောင် လက်မခံနိုင်ဘူး။ ကောင်းစစ်လေးကိုလည်း ရု သနားမိသည်။

'ဘာမိထွေးလဲ၊ မင်း လိမ်လိမ်မာမာနေပါ၊ မင်းအသွားက ငါ့လက်ထဲ အပ်သွားပြီ၊ မင်း နာမယ်နော် ကောင်းစစ်'

'အီး… အီး…'





'ငိုပြန်ပြီ၊ မင်း မိန်းမလား၊ ယောကျ်ားလေးပဲ၊ သတ္တိ ရှိရမယ်'

ရုလည်း ဘာတွေပြောရမှန်း မသိ။ ကလေးကိုလည်း ဆုံးမတတ်ပေ။ လက်မှတ်သာ မှောင်ခိုရောင်းချင်တယ်။ ကောင် ဆိုးလေးက ပြောရဆိုရခက်နေသည်။ ရု ငိုပစ်ချင်လာ၏။ မေမေ ရှာ ရု သတိရလိုက်တာ။ ရုဘဝရှေ့ရေးအတွက်ပဲတဲ့။ ကောင်းစစ် အိပ်ပျော်သွားသည်။

'မမလေး ရု'

'ဟင်…'

'ကောင်းစစ်လေးက သနားပါတယ်၊ လူ့လောကကြီး နဲ့ အံမဝင်ဘူးဖြစ်နေတာ၊ သူ့ဘဝလေးကလည်း ကလေးနဲ့မလိုက် အောင် သောကရောက်နေရတယ်'

'ရုလည်း မလိန်းတတ်တော့ဘူး၊ စိတ်ညစ်တယ် မသွယ် ရာ၊ ထွက်ပြေးချင်တယ်၊ မာမီဝေကလည်း မရှိဘူး၊ သူ့အဖေက လည်း အဖေမပီသလိုက်တာ'

ရု ဘယ်သူ့အား အပြစ်တင်ရမှန်းပင် မသိ။ စိတ်ညစ် တယ်။ ရု သူမအခန်းလေးထဲ ပြန်ရောက်လာသည်။ ဇိမ်ကျကျ နေရတော့လည်း မာမီဝေ့ကို ကျေးဇူးတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီဝေရယ်… ပြန်လာပါတော့၊ ရှ မေမေ့ကို သွားကြည့်ချင်တယ်၊ ရှက ကောင်းကောင်းနေ ကောင်းကောင်းစားနေရပေမယ့် မေမေ နေရပါ့မလား'

မေမေ့ကို တွေ့ချင်တယ်။ ဈေးဆိုင်ကလည်း အရှင်းပြုတ်နေပါပြီ။ ရှ ဆရာဝန်ဖြစ်အောင်မလုပ်တော့ဘဲ မေမေ့ကို ရှာအလုပ်ရှာလုပ်ပြီး ကျွေးမွေးပြုစုရင် ကောင်းမလားပဲ။ မေမေ့ကို သတိရတမ်းတနေသည်။

'မမလေး… မမလေး… လာပါဦး'

'ဘာဖြစ်လို့လဲ မသွယ်'

'ဟိုမှာ လသာဆောင်မှာ အစ်ကိုကြီးသွန်းစစ် အရက်တွေအလွန်အကျွံသောက်ပြီး လဲနေတယ်'

'ဘာပြောတယ်'

'လာပါဦး… မမလေးရယ်၊ ကြည့်ပါဦး'

သူမ လသာဆောင်ကို ထွက်လာခဲ့သည်။ သွန်းစစ်ဦး လဲနေ၏။ စိတ်ပျက်စရာကောင်းလိုက်တာ။ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနေတဲ့ လူတစ်ယောက်က ဘာဖြစ်လို့များ အသိဉာဏ်ကင်းခဲ့ပြီး ပေတေနေရတာလဲ။ အရက်တွေ အလွန်အကျွံသောက်ထားသည်။





'ဦးသွန်းစစ်ဦး သတိထားပါဦး'

'အင်း…'

'ထပါဦး… အခန်းထဲ သွားနေပါ'

သူက မလှုပ်တော့။ ရှ လှုပ်နှိုးရင်း လန့်သွားရသည်။ အရက်တွေ အလွန်အကျွံသောက်ထားတာပဲ။ သေချင်တယ်။ သားတစ်မျိုး အဖေကတစ်မျိုး ရှ မသည်။

'မသွယ်… လာမ၊ သူ အမူးလွန်နေတာပါ၊ သူ့အိပ်ခန်းထဲပို့ရအောင်'

'မလွယ်ဘူးထင်တယ် မမလေး'

'သူ့ဒရိုင်ဘာ ကိုဝတုတ်ကို သွားခေါ်လာခဲ့၊ မမလေးတို့ရော ဘာလုပ်တတ်မှာလဲ၊ သွားလေ'

'ဟုတ်ကဲ့'

ဦးသွန်းစစ်ဦး ခန္ဓာကိုယ်က မလှုပ်တော့။ ရှ စိတ်ပူသွားသည်။ လူသေတစ်ယောက်လိုပင်။ ဒရိုင်ဘာဦးဝတုတ် ရောက်လာပြီး သူ့ကို ပွေ့ထူ၏။ သူက မလှုပ်။ ဦးဝတုတ်က ဆေးခန်းပို့ရအောင်တဲ့။ ရှလည်း မတတ်နိုင်တော့။ သူ့ကို ဆေးခန်းပို့ရသည်။

'ဘာမှမဖြစ်ပါဘူး၊ သူ အမူးလွန်နေတာပါ၊ မကြာခင် သက်သာမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးသွန်းစစ်ဦး သတိရလာတော့ ရုကို အပြစ်တင်သည်။

'မင်း ဘာဖြစ်လို့ ငါ့ကို ဆေးခန်းပို့ရတာလဲ၊ မင်း နေရာတကာ ဝင်စွက်ဖက်တတ်တဲ့ ကောင်မလေးပဲ'

'ဦးသွန်းစစ် သေမှာစိုးလို့ပါ၊ မာမီဒေ့ကြောင့်လည်း ကျွန်မ ကူညီတာ၊ သားကတစ်မျိုး၊ အဖေကတစ်မျိုး၊ မာမီဒေ့ ကြောင့် သည်းခံနေတာ၊ ဟွန်း…'

ရု ရန်တွေ့ပစ်သည်။ ဘယ်လိုလူလဲ။ အသိဉာဏ်မရှိ လိုက်တာ။ ကိုယ့်အတွက်နဲ့ အန်တီဝေ ဘယ်လောက်အထိ စိတ် သောကရောက်နေရှာမလဲ။ သူမ ဘုကြည့်ကြည့်ရင်း လှည့်ထွက် လာသည်။

'ဝတုတ်… ဝတုတ်…'

'ဗျာ… ဆရာ'

'ငါ ဆေးခန်းကနေ ဆင်းမယ်၊ မင်းကရော ဘာဖြစ်လို့ ငါ့ကို ဆေးခန်းပို့ရတာလဲ၊ အသုံးမကျလိုက်တာ'

'ဟုတ်ကဲ့… စီစဉ်ပေးပါ့မယ် ဆရာ'

သူ ဆေးခန်းရောက်နေတာ သိရတော့ မျက်နှာပူမိသည်။ ဒီကောင်မလေး ဘာဖြစ်လို့ သူ့ကို ဆေးခန်းပို့ရတာလဲ။ ဝတုတ် ပို့တာပဲ ဖြစ်မည်။





'မင်း ငါ့ကို ဆေးခန်းပို့တာလား ဝတုတ်'

'ဟုတ်ကဲ့… ဆရာက မလှုပ်မယှက်ဖြစ်နေတော့ ကြောက်ပြီး ဆေးခန်းသွားဖို့ ပြောရတာပါ၊ မမလေး ရုလည်း ဘာမှမသိဘူးလေ'

'မာမီရော… ဘာဖြစ်လို့ မိသားစုကို စွန့်ပစ်ထားခဲ့ရ တာလဲ'

'ကလေးကောင်းကို ပုံစံပေးဖို့ ရှောင်ထွက်သွားတာပဲ ဖြစ်မယ် ဆရာ'

'ဒီကောင်မလေးက ဘာပုံစံပေးနိုင်မှာလဲကွာ၊ မလောက် သားမလောက်စားနဲ့၊ ပြီးတော့ ကြီးကြီးကျယ်ကျယ်နဲ့'

'မေမေကြီးကတော့ မမလေးငွေခရုကို သမီးတစ် ယောက်လိုပဲ ဆက်ဆံတယ်၊ အရမ်းအားကိုးပုံပဲ'

တစ်ချိန်တစ်ခါက မေမေ့ကို ထောက်ပံ့ကူညီခဲ့သည့် သူငယ်ချင်းရဲ့သမီးဟုတော့ သိထားသည်။ သူကိုယ်တိုင်က မိန်းမ တွေနှင့် မပတ်သက်တာပါ။ မေဘယ်။ မင်းကြောင့်ပဲ။ သစ္စာ မရှိတဲ့ မိန်းမတစ်ယောက်။ သားကောင်းစစ်ကတောင် သူ့သွေး ဆတ်ရဲ့လား။ သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ အရှက်သိက္ခာ ကင်းမဲ့ခဲ့ရသည်။ သူ့စိတ်တွေထဲမှာ အမြဲတမ်းပေါက်ကွဲနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာဃီ အတင်းအကျပ်လက်ထပ်စေခဲ့တဲ့ မိန်းမ။ နောက်ယောက်ျား တစ်ယောက်ကို ပေါ်တင်ပဲ လက်ထပ်သွားသည်။

'ဝတုတ်… ငါ အိမ်ပြန်မယ်၊ မင်းတို့ ငွေစာရင်းရှင်းခဲ့'

ငွေခရုဆိုတဲ့ ကောင်မလေးက အိမ်ပြန်သွားပြီထင်တယ်။ သူ့စိတ်တွေက အမြဲတမ်းပဲ ဒေါသပေါက်ကွဲရသည်။ ဒါပေမဲ့ ငွေခရု မျက်ဝန်းလေးတွေကတော့ ဖြူစင်လွန်းနေသည်ဟု ထင်၏ ဂျစ်ကန်ကန်ကောင်မလေးတစ်ယောက် ဖြစ်ပေမယ့် မောဘယ်နှင့် မတူဘူး။ ရိုးသားတယ်။ ဆရာဝန်ဖြစ်ချင်လို့ နေတာတဲ့။ ဘယ်သူ့ အကြောင်းကိုမှ မတွေးတာပဲ ကောင်းပါတယ်လေ။ သူ အိမ်ပြန် ရောက်လာသည်။

'ဖေဖေ'

'ဟင်…'

'နေမကောင်းဘူးလား'

သားလေးက သူ့ကို ဖေဖေ နေကောင်းလားမေးတော့ သူ့ရင်ထဲ လှုပ်ခတ်သွားစေသည်။ ဒါပေမဲ့ မောဘယ်ရဲ့သွေးပဲ သူနှင့် လက်မထပ်ခင်ကတည်းက မောဘယ် ရှုပ်တာ လက်ထပ်ပြီး မှ သိရ၏။ ထို့ကြောင့်ပင် သားကိုပါ သံသယဝင်နေသည်။

'ဖေဖေ ဆေးရုံကို သွားရတယ်ဆို'



'အေး…'

သားအနားကနေ သူလှည့်ထွက်လာခဲ့သည်။ ချစ်စရာ ကောင်းတဲ့ကလေးဖြစ်ပေမယ့် သူ့စိတ်က သံသယတွေဝင်နေခဲ့ ... သားကို ချော့မြှူကျီစယ်၍ မရ။

'ရှင့်သွေးမဟုတ်ဘူးလို့ ထင်နေတယ်ပေါ့လေ၊ ထင်ထင် ...တ်သလိုထင်၊ ဟုတ်တယ်၊ ရှင့်သွေးမဟုတ်ဘူး၊ ဒါပေမဲ့ ...အမေက အရှမ်းသံယောဇဉ်တွယ်နေတယ်'

သားအနားကနေ သူထွက်လာခဲ့သည်။ သားကို တွေ့ရ ... သူ့စိတ်တွေ နာကျင်လေပဲ။ သူ့ကို ရပ်ကြည့်နေသူက ...ရုပင်။ မျက်နှာထားတင်းတင်းလေးနှင့် စူးစူးဝါးဝါးကြည့် ...။ မင်း ဘာသိလို့လဲ ငွေခရု။ ငါ့ရင်ထဲမှာ ဘာတွေရှိနေလဲ။ ...ယ်လောက်ခံစားနေရလဲ။ မင်း သိလို့လားကွာ။ အပေါ်ထပ်ကို ...လာသည်။

'အီး… အီး…'

'အီး… အီး… အီး…'

'ကောင်းစစ်လေး… ဘာဖြစ်လို့ငိုတာလဲ၊ မင်းဖေဖေ ...ကြောင့်လား'

'အီး… အီး…'



www.burmeseclassic.com

www.burmeseclassic.com



'လာ…'

ကောင်းစစ် လက်လေးကို သူဆွဲပြီး အိပ်ခန်းထဲဝင်ခေါ် လာသည်။ ကလေးက အရမ်းဝမ်းနည်းနေ၏။ တအင့်အင့် ရှိုက် နေသည်။

'အဘွားရော… အဘွားဆီပို့ပေးပါ၊ သား အဘွားနဲ့ နေချင်တယ်'

'မမ ရှိသားပဲ၊ အဘွား တရားရိပ်သာမှာလို့ ပြောထား ပြီးပြီနော် ကောင်းစစ်'

'အဘွား'

ကောင်းစစ်လေး အဘွားကို အသံကျယ်ကျယ်နှင့် အော် ဟစ်ခေါ်သည်။ ရှု ဘယ်လိုချော့ရမလဲ။ ဦးသွန်းစစ်ဦးကလည်း ရက်စက်တယ်။ သားကောင်းစစ် အော်ဟစ်ငိုယိုနေပေမယ့် လှည့် မကြည့်။

ရှင့်အသည်းနှလုံးက တော်တော်လေးမာကျောနေတယ်။ သံမဏိအသည်းနှလုံးပိုင်ရှင်ကြီးရေ… ဒေါသဖြစ်လိုက်တာ ကောင်းစစ် အော်ဟစ်ငိုယိုနေဆဲပင် ဖြစ်သည်။

'ဒီကလေးက သူ့အဖေ ရက်စက်တိုင်း ချော့လို့မရဘူး ငိုတော့တာပဲ၊ တစ်ခါတလေ တစ်ရက် နှစ်ရက်လောက် ဆက် တယ်၊ သူ့အဘွားချော့တာတောင် မရဘူး၊ တွေ့တဲ့ပစ္စည်းတွေ ခဲပေါက်ခွဲတယ်'

မသွယ်က အကြောင်းသိဆိုတော့ ပြောနေသည်။ ရှု ဘယ်လိုလုပ်ရမလဲ။ ကောင်းစစ် အော်ဟစ်ငိုယိုနေတော့ ဒရိုင်ဘာ ကိုဝတုတ် ပြေးတက်လာပြီး ကလေးကို ပွေ့ချီသည်။

'လွှတ်… လွှတ်… ကောင်းကို မချီနဲ့၊ အဘွားကိုပဲ ခေါ်ပေးပါ၊ အဘွား'

'မင်း တိတ်တိတ်မနေရင် ငါ ရေကန်ထဲပစ်ချမှာနော် ကောင်းစစ်၊ မင်းအဖေက နားငြီးမခံနိုင်ဘူးကွ၊ တိတ်'

ကိုဝတုတ်က အော်ဟစ်ကြိမ်းမောင်းဆူပူနေသဖြင့် ရှု ကလေးကို ပြန်ယူပြီး ကိုဝတုတ်အား ထွက်သွားရန် ပြောပစ် လိုက်သည်။

'ဒီကလေး ငိုနေရင် ဆရာ စိတ်ညစ်သွားမယ်၊ အရက် တွေ ပိုသောက်လိမ့်မယ်၊ ကိုဝတုတ် အပြင်ကိုခေါ်သွားမယ်'

'ထားလိုက်ပါ၊ အဖေတစ်ယောက်ဖြစ်ပြီး သား ငိုယိုတာ ဖြေထောင်ရမှာပဲ၊ သား ဘာလိုအပ်နေလဲ၊ သူသိထားသင့်တယ်'

'မမလေး'

'ကိုဝတုတ် သွားပါ၊ ကျွန်မ တာဝန်ယူတယ်၊ မာစီဝေ





www.burmeseclassic.com

www.burmeseclassic.com



ထ ကျွန်မဆီမှာ ကလေးကို အပ်ထားခဲ့တာလေ၊ ကောင်းစစ်ေ
ငိုချင်သလောက် ငိုပါစေ၊ ထားလိုက်'

လူကြီးတစ်ယောက်ရဲ့ ဆန္ဒကိုပဲ ဖြည့်စွမ်းပေးနေ
သည်။ မတရားတာပဲ။ ကလေး အပြစ်ကင်း၍ အသိဉာဏ်အဖြ
အဝမရှိသေးသူ။ ကောင်းစစ် အခွင့်အရေးတွေရဖို့ ရ တောင်း
ပေးရမယ်။ ကောင်းစစ်လေး ငိုပြီး မောတော့ အိပ်ပျော်သွားသည်

❧ ❧ ❧



(၁၀)

မာမီဝေ ပြန်ရောက်လာသဖြင့် ရ နည်းနည်းတော့ စိတ်
သက်သာရာရသွားသည်။ မေမေ့ကို သွားတွေ့ချင်တယ်ပြောတော့
မာမီဝေက ခွင့်ပြုၾ၏။ ကောင်းစစ်လေး နည်းနည်းလိမ္မာသွား၍
ကျေနူးတင်နေသည်။

'မြေးလေး အရင်နဲ့မတူတော့ဘူး၊ ရ ကျေးဇူးအများကြီး
ပါတယ်'

'ရပါတယ် မာမီဝေရယ်၊ ရှဘဝရဲ့ ကယ်တင်ရှင် မာမီ
ကိုပဲ အမြဲတမ်းကျေးဇူးတင်နေရပါတယ်'

'ရ'

'ရှင်...'

'မေမေ နေမကောင်းဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

'မာမီဝေ ရိပ်သာဆိုပြီး မင်းမေမေကို သွားပြုစုနေတာ

'ရှကို ဘာဖြစ်လို့ မပြောရတာလဲ'

'မင်းမေမေက အဆုတ်ကင်ဆာဖြစ်နေတာလေ၊ ရှ
မသိစေချင်တာ၊ မာမီဝေလည်း မတတ်သာလို့ သော့်ဆန္ဒအတိုင်း
ဖြစ်စေခဲ့တာပါ'

'ပြောစမ်းပါဦး… မာမီဝေ၊ အခု မေမေက နောက်ဆုံး
အချိန်လား'

'ဆိုပါတော့'

'ရှင်…'

'သော်နဲ့တွေ့ရင် ရှ အလွန်အမင်းမခံစားပါနဲ့ကွယ်၊ အ
သော်က ဆေးရုံမှာ'

'ဟင်…'

'မေမေ နောက်ဆုံးတင်းအောင် မလုပ်ပါနဲ့၊ ရှ တည်တည်
ငြိမ်ငြိမ်နေထိုင်ပါ၊ ရှ လူကြီးဆန်တာကိုပဲ မေမေက လိုချင်တာ

မေမေက နောက်ဆုံးအချိန်တောင် ရောက်နေပြီတဲ့။
ဘာဖြစ်လို့ မသိရတာလဲ။ မေမေက ရှ စိတ်သောကရောက်
မလိုလားသူပင်။ သောကဒုက္ခတွေအားလုံး မေမေတစ်ယော

ည်း ကြိတ်မှိတ်ခံစားတာ ထင်သည်။ ရှ ဆေးရုံကို အပြေး
သွားရောက်လာတော့ မေမေ့ကို ဆေးပိုက်တွေတန်းလန်းနှင့်
ကင်ပေါ်မှာ တွေ့လိုက်ရ၏။ ရှမျက်ဝန်းတွေ ပြာဝေသွားပြီး
ဘေးမှာရပ်နေတဲ့ ဆရာဝန်ရဲ့လက်မောင်းကို လှုပ်ကိုင်ခါရမ်းပြီး
မေမေ့အသက်ကို ကယ်တင်ဖို့ တတွတ်တွတ်တောင်းဆိုနေသည်။

'ဒေါက်တာရယ်… ရှမေမေရဲ့ အသက်ကို ကယ်ပေးပါ
…၊ တောင်းပန်ပါတယ်၊ မေမေ့ကို အသက်ရှင်အောင် ကုပေး

'ငွေခရု'

'ဟင်… ရှင်… ရှင်…'

'လွှတ်ပါဦး ငွေခရု၊ မင်းလုပ်တာနဲ့ ကိုယ့်လက်က
…တွေ ပြုတ်ကျတော့မယ်ကွ'

ကိုသြရသ။ သူ… သူက ဆရာဝန်ပဲ။ ရှ တအံ့တသြ
…ည့်မိသည်။ ဂျူတီကုတ်နဲ့ဆိုတော့ သူက တော်တော်လေး
…သားချောမောနေသည်။

'ကိုသြရသ… အဲ… ဒေါက်တာ ကျွန်မမေမေ အခြေ
…ကို ပြောပြပါ'

'မင်းမေမေလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ အခု မေမေ အိပ်ပျော်နေတာလားဟင် ရှအသံကြားတာတောင် မေမေ ဘာဖြစ်လို့မနိုးတာလဲ၊ မေမေ ဒီလောက်အထိ အအိပ်မမက်ပါဘူး'

'ငွေခရ… စိတ်ကိုထိန်းပါ၊ မင်းအမေ ရောဂါပြင်းထန် ပြီး သတိလစ်နေတာပါ'

'ဟင်… ဒေါက်တာ၊ မေမေ့ရောဂါက… သူ… သူ…'

'ဟုတ်တယ် ငွေခရ၊ နောက်ဆုံးအချိန်တွေပဲ၊ မင်းစိတ်တွေကို ထိန်းချုပ်ပါ၊ မင်းက ငွေပဲရှာနေတာလား ငွေခရ'

'မေမေ သမီး ဘာဆက်လုပ်ရမလဲ၊ မေမေ ဒီလိုရော ဖြစ်နေတာ ရှ ဘာဖြစ်လို့မသိခဲ့ရတာလဲဟင်'

မေမေ့ရောဂါက ကျွမ်းနေပြီတဲ့။ ဘယ်အချိန်က ဖြစ်နေတာလဲ။ ရှကို နည်းနည်းလေးမှ အသိမပေးခဲ့။ မေမေ ငြိမ်သက်သွားသည်။

'ဒေါက်တာ… မေမေလေ ဘာဖြစ်သွားတာလဲဟင် အရမ်းငြိမ်သက်သွားတယ်၊ လက်ဖျားတွေလည်း အေးစက်နေတယ်'

ရှ လက်ကလေးကိုဆွဲပြီး အပြင်သို့ခေါ်လာသည်။





'ငွေခရ'

'ဟင်…'

'မင်းစိတ်ကို ထိန်းချုပ်ပါ၊ မင်းမေမေ ဆုံးသွားပြီလေ'

'ဟာ… မဖြစ်နိုင်တာပဲ၊ သေသေချာချာ စစ်ဆေးကြည့်ဆေးပါဦး ဒေါက်တာ၊ မေမေ ဆုံးတာ မဖြစ်နိုင်ပါဘူး၊ အိပ်မောကျသွားတာပါ'

'ဆုံးသွားပါပြီ၊ မင်း ငိုကြွေးပူဆွေးနေလို့လည်း သေတဲ့သူက ပြန်ရှင်မလာနိုင်ဘူးလေ၊ ငွေခရ မင်းမေမေရဲ့ နောက်ဆုံးခရီးအတွက်ပဲ စီစဉ်ပါ၊ မင်းမေမေ ဖြစ်စေချင်တဲ့ ဆန္ဒတွေကို မင်းသိတယ်မဟုတ်လား၊ ဖြစ်အောင်လုပ်ပြလေ'

ရှအနားမှာ ဒေါက်တာဩရသ ရှိနေ၍ ရှ စိတ်သက်သာရာရသည်။ မေမေ သေဆုံးပြီဖြစ်ကြောင်း မာမီဝေ့ဆီ အကြောင်းကြားလိုက်၏။ မေမေရယ်။ ရှ မျက်ရည်မကျတော့ပါဘူး။ မေမေကိုယ်တိုင်ကပဲ ငိုတာမကြိုက်ဘူးလေ။ သတ္တိကြောင်တာ မေမေလုံးဝမနှစ်သက်တာပါ။ မေမေ ဒီလိုဖြစ်သွားမယ်ဆိုတာ ကြိုတင်သိလို့ ရှကို ငယ်ငယ်လေးကတည်းက သတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းတတ်လာအောင် လေ့ကျင့်ပေးခဲ့တာလားဟင်။ မေမေ့ကို ရှ စူးစိုက်စွာ ကြည့်မိနေသည်။ ရှ မတွေ့လိုက်ရတဲ့ ကာလအတွင်း



www.burmeseclassic.com

www.burmeseclassic.com



အတော်လေး ပိန်ချုံးကျသွားသည်။ မေမေဖြစ်စေချင်တာတွေ ဖြစ်အောင် ရု ကြိုးစားမှာပါနော်။

မာမီဝေ ရောက်လာသည်။

'ရု အားမငယ်ပါနဲ့၊ မေမေက မာမီဝေ့လက်ထဲ အပ်သွားပါတယ်၊ မာမီဝေ စောင့်ရှောက်မှာပါကွယ်'

ရုရင်တွေ အက်ကွဲထွက်တော့မတတ် ခံစားရသည်။ မေမေရယ်။ ရု ဆရာဝန်မကြီးဖြစ်ပြီး မေမေ့ကို အေးအေးချမ်းချမ်း ကျွေးမွေးစောင့်ရှောက်နိုင်တဲ့အထိ ဘာဖြစ်လို့ စောင့်မနေရတာလဲ။ ရု မငိုပေ။ မျက်ရည်တွေပြည့်လျှံမလာအောင် ထိန်းထားလိုက်သည်။

'မေမေ့ကို ရေခဲတိုက်တော့သယ်တော့မယ် ရု၊ ကန်တော့လေ၊ မေမေ့ဆန္ဒတွေပဲ ပြည့်ဝအောင် ရု ကြိုးစားပါ'

'ဟုတ်ကဲ့ပါ မာမီဝေ'

မေမေ့အလောင်းကို ရေခဲတိုက်ထဲယူဆောင်ကြတော့ ရုရင်တွေ ဆို့တက်နေသည်။ ဘဝကို ရု သတ္တိရှိရှိ ရင်ဆိုင်မှာပါ မေမေ။ စိတ်မပူပါနဲ့။ ရုလက်လေးကို လာရောက်ဆုပ်ကိုင်အားပေးသူက ဒေါက်တာညြရသပင်။ ရုကို သူ့ကားနှင့် အိမ်လိုက်ပို့ပေးသည်။





'ငွေခရု… မင်းကို ကြည့်ရတာ တကယ့်ကို ကြေကွဲခမ်းနည်းရတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်နေရသလိုပဲကွာ'

သူ့ တကယ်ပဲ ရုရဲ့ရင်ထဲက အပူသောကတွေ သက်သာလျော့ပါးသွားစေရန် ကိုညြရသက စွမ်းဆောင်ပေးနိုင်သည်။

သူက ဆရာဝန်ပဲ။ ရုအိမ်ကို သူသိနေသဖြင့် ရု အံ့ညြနေသည်။

'ဖြူစင့်ဆီက သိတာလေ၊ မင်းကို ကိုယ် ထပ်ရှာသေးတယ် ငွေခရု'

'ဟင်…'

'ဖြူစင့်ဆီက မင်းနေတဲ့နေရာကို သိတာပဲ၊ ကိုယ် အထင်သေးသွားမယ်လို့ မထင်နဲ့၊ ကိုယ် လေးစားတယ်၊ ရုက ရိုးသားပါတယ်'

ဖြူစင်လည်း ရောက်လာသည်။ မေမေရှိစဉ်ကတော့ နည်းနည်းလေးအဆင့်အတန်းခွဲခြားကာ ရုရဲ့သူငယ်ချင်း ပတ်သက်မှုကို ထိန်းချုပ်ခဲ့၏။

ဖြူစင်ကလည်း ရိုးသားသည်။

'ရု… ကိုညြရသက ငါ့ဆီလာပြီး နင့်အကြောင်းမေးမေးတယ်၊ ငါ့ကိုလည်း ပိုက်ဆံထောက်ပံ့တယ်၊ ငါက ပြင်းပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူက အတင်းပေးတာလေ၊ ဒါကြောင့် ငါ ဆေးကုပြီး နာလန်ပြန်ထလာရတာ'

ရှလည်း အမြဲတမ်း ကိုသြရသကို သတိရနေခဲ့တာပါ။ ရှရဲ့ အခက်အခဲကို ပထမဆုံးကယ်တင်ခဲ့တဲ့သူလေ။ မာမီဝေတ အသုဘစရိတ်အားလုံး အကုန်အကျခံသည်။ ကောင်းစစ်လေးက လည်း ရှကို မေးသည်တဲ့။ ကလေးကို ခေါ်မလာပေ။ ဒေါက်တာ သြရသကတော့ ညစဉ်ပဲ ရှအိမ်မှာ ရှိသည်။

'ရှအပေါ် ဒီလောက်ကြီး ဂရုမစိုက်ပါနဲ့ ကိုသြရသ၊ တော်ကြာ မိသားစုနဲ့ ပြဿနာတက်မှာကို မလိုလားပါဘူး၊ ရှ အပေါ် အခုလောက်ကူညီတာပဲ ကျေးဇူးတင်ပါတယ်'

သြရသကတော့ ရှမျက်နှာလေးကို တစ်နေ့မတွေ့ရလျှင် မနေနိုင်အောင် ဖြစ်နေသည်။ ဖြစ်နိုင်မယ်ဆိုလျှင် ရှကို ခုချက် ချင်းပဲ လက်ထပ်ချင်နေ၏။ ရှက မာနခဲမလေး။ သူ အတင်း အကျပ်လည်း မပြောရဲ။ ရှကို သူ ချစ်နေသည်။

'ရှ'

'ဟင်...'

'မင်း ရှေ့ဆက်ပြီး ဘာလုပ်မှာလဲ'

'ရှ မာမီဝေ့အိမ်မှာပဲ နေရမယ်၊ မေမေ့ဆန္ဒပဲလေ





ပြီးတော့ ဆေးကျောင်းတက်မယ်၊ ရှ ဆရာဝန်ဖြစ်အောင် ကြိုးစား ယ် ကိုသြရသ'

'ကိုယ် ကူညီချင်တယ်'

'ရှအတွက် မာမီဝေ ရှိပါတယ်၊ သမီးတစ်ယောက်နဲ့ ခြားပါပဲ၊ ရှဘဝ အေးချမ်းပါတယ်၊ ကလေးထိန်းဆိုပေမယ့် ကာ မာမီဝေတို့ရဲ့ သမီးတစ်ယောက်အရာပါ'

ရှနေတဲ့ မာမီဝေရဲ့ မိသားစုအကြောင်း သြရသ သိချင် ည်။ မေးမြန်းစပ်စု၍ မကောင်းလို့သာ။ နောက်မှ ဖြူစင်ဆီက းမယ်။ သူ စိတ်ပူနေ၏။ ရှကို စိတ်မချ။ ရှကို စောင့်ရှောက် င်တဲ့ အခြေအနေရှိပါတယ်ဆိုတော့ ရှက လက်မခံပေ။ ရှ ယောကျ်ားလေးတစ်ယောက်ဆီက အကူအညီ ဘယ်တော့မှမယူ ချင်ပါဘူးတဲ့။ သြရသ ဆက်မပြောတော့ဘဲ ရှဆန္ဒအတိုင်းပဲ နေသည်။

'ရှအတွက် ဟမ်းဖုန်းလေးတစ်လုံးလောက်တော့ လက် ဆောင်ဝယ်ပေးပါရစေကွာ၊ ကိုယ် အချိန်မရွေးဆက်သွယ်လို့ အောင်ပါ'

'ရှနေတဲ့ မာမီဝေ့အိမ်ဖုန်းနံပါတ် ပေးပါ့မယ်၊ ရှ လက် ဆောင်တွေ ဘာတွေ လက်မခံချင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရု ငြင်းပစ်မိသည်။ မာမီဝေ့အိမ်မှာနေရ၍ ယောကျ်ားလေးတစ်ယောက်နှင့် ပတ်သက်ဆက်ဆံနေတာမျိုး မဖြစ်ချင်ပါဘူး။ ကိုသြရသ စိတ်မကောင်းဖြစ်သွားတော့လည်း ရု လက်ခံချင်သည်။ ကိုယ့်ကို အထင်သေးစေမယ့် အပြုအမူတွေ ရှောင်သင့်၏။ ကိုသြရသနှင့် ပတ်သက်ဆက်ဆံနေတာ မာမီဝေက မကြိုက်ပုံပင်။ ရု သတိထားနေရမှာပဲ။ ကိုသြရသက ရု့ မစိမ်းပါနဲ့တဲ့။ အခြေအနေအရပါလို့ ပြောတော့ ကိုယ်ကနားလည်ပေးနိုင်ပါတယ်တဲ့။ ရု ငြင်းပယ်သည်။

'ရု သူများအိမ်မှာနေရမှာပါ၊ ရုကို နားလည်ပေးပါနော် ကိုသြရသ'

'ရုရယ်'

ရု သောကဝေဒနာတွေ ခံစားနေရတဲ့အချိန်တွင် သူ့အနေနှင့် အခွင့်အရေးတွေ မတောင်းဆိုလိုပေ။ ရုကလည်း ငြင်းပယ်မှာပဲ။ ဒါပေမဲ့ ရုရယ်။ ကိုယ် တစ်နေ့နေ့မှာ ရုကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်။ ရုနေမယ့် မာမီဝေက သူနှင့် ရု ပတ်သက်တာကို မနှစ်သက်ပုံပင်။ သူ စိတ်ပူမိသည်။

'ကိုယ် ရုနဲ့တွေ့ပါရစေ၊ ရုနဲ့မတွေ့ရရင် ကိုယ် နေလို့ရမှာမဟုတ်ဘူးနော် ရု'





'ရုလည်း ကိုသြရသနဲ့ တွေ့ချင်ပါတယ်၊ ရုဘဝကို နားအလည်ဆုံး လူတစ်ယောက်ဖြစ်နေလို့ပါ'

'ရု ကျောင်းတက်ရင် ကိုယ် လာတွေ့မယ်၊ ရု ကိုယ့်ကို စိမ်းပါနဲ့၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ရုကို ကိုယ်ပတ်သက်ကြိုးစားမယ်'

ရု ရင်တွေ နာကျင်ရသည်။ မာမီဝေက သူ့ကိုတွေ့တိုင်း ချက်နှာထားက တင်းမာသွားတတ်သည်။ မေမေမရှိတော့တဲ့နောက်ပိုင်း ရု မီနီအားကိုး တွယ်တာရသူက မာမီဝေပါပဲ။ ကိုယ်တိုင်လည်း ကိုသြရသအပေါ်မှာ သံယောဇဉ်တွယ်ချင်နေပြီထင်သည်။

သူ့ကို တွေ့မြင်ချင်နေ၏။ မေမေ့အသုဘပြီးတော့ ရုသည်း မာမီဝေ့နောက် လိုက်ခဲ့ရသည်။

'ရုအိမ်လေးကိုတော့ ရုသူငယ်ချင်း ဖြူစင့်ကို နေခွင့်ပေးပါ၊ ဖြူစင်က အိမ်ငှားနေရတာပါ'

'ရုသဘောပဲကွယ်၊ မာမီဝေကတော့ အရင်က အသိအကျွမ်းမိတ်ဆွေတွေနဲ့ အဆက်အသွယ်ဖြတ်သင့်တယ် ထင်တာပဲ'

'ရုလေ'



www.burmeseclassic.com

www.burmeseclassic.com



'အထူးသဖြင့် ဟိုမောင်သြရသနဲ့ ရ မပတ်သက်စေချင်ဘူး၊ မာဓိဝေက ရုပညာရေးအတွက်ပါ'

ဒေါ်ဝေဝေခင် တားဆီးရတာက ရအား မိမိရဲ့ချွေးမလောင်းဖြစ်စေချင်နေ၍ပင်။ မြေးလေးအတွက်ပါ။ စိတ်သဘောပြည့်ဝတဲ့ ရကို ချွေးမတော်ချင်သည်။ မြေးလေးအား မိတွေးဆိုးဆိုးနှင့် တွေ့ဆုံမှာ စိုးရိမ်မိ၏။ သားသွန်းစစ်က ငယ်သေးတယ်။ မိန်းမတွေကို ဘယ်လောက်ပဲ နာကြည်းစိတ်နာတယ် ပြောပါစေ။ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်နိုင်တာပဲ။ ဒေါ်ဝေဝေခင်ကြိုတင်ပြင်ဆင်ထားတာမျိုးလည်း ဖြစ်သည်။



BURMESE CLASSIC .com

(၁၁)

'မင်း ငါ့အနားကို မကပ်နဲ့၊ မင်းကို ငါမြင်ရင် ငါ့ဘဝ
...တ်အကြောင်းတွေ ပြန်သတိရပြီး ငါခံစားရတယ်ကွ'

'အီး… အီး… ဖေဖေ ချိုပါ၊ ကောင်းစစ်အနားမှာ
...ဖေ နေပေးပါ၊ ချိုပါ'

'တိတ်စမ်း'

'ဟင့်အင်း… အီး… အီး… အီး…'

'ဟောကောင်… မင်း တိတ်လို့ပြောနေတယ်လေ၊ ငါ့
...မှာ ဘာဖြစ်လို့တားနေရတာလဲ၊ မချိုဘူး၊ မင်းက ငါ့သား
...တ်ဘူး၊ သွား… ထွက်သွားစမ်း'

သူ အော်ပစ်သည်။ ကောင်းစစ်ဦးအား သူ့သားဟု သူ့
...က သံသယဝင်ကာ မတွေ့ချင်ဘဲဖြစ်နေ၏။ ကောင်းစစ်က
...မေနဲ့ တူလွန်းသည်။ သွန်းစစ်နှလုံးသားတွေ ခံပြင်းနာကြည်း



www.burmeseclassic.com

www.burmeseclassic.com



ရလွန်းလို့ပါ။ ကောင်းစစ်က ငိုပြီး ချီနိုင်းနေ၏။ မာမီ
ဒီကလေးကိုထိန်းတဲ့ မသွယ်ကို အော်ခေါ်သည်။

'မာမီ… မသွယ်၊ ဘယ်ရောက်နေကြလဲ၊ ဒီကလေး
ငါ့ရှေ့ကနေ ခေါ်သွားကြစမ်း'

'အီး… အီး…'

'အီး… မခေါ်နဲ့၊ မသွားဘူး၊ ဒီမှာပဲနေမယ်'

ကောင်းစစ်ကလည်း ပေကတ်ကတ်နှင့် မဖယ်ပေ။
ပိတ်ရပ်ပြီး ငိုနေသည်။

'အီး… အီး…'

'ကဲကွာ'

'အား…'

'ဘုတ်…'

ကောင်းစစ်ကို ဆွဲပြီးတွန်းဖယ်ပစ်လိုက်သဖြင့်
သွားသည်။

'ဒီမှာ… ဦးသွန်းစစ်ဦးက တော်တော်အကြင်နာတ
ကင်းမဲ့ပြီး ရက်စက်တာပဲ'

'မင်းနဲ့ ဘာဆိုင်လို့လဲ ငွေခရေ၊ ငါ့ကိစ္စထဲ မင်း ဝင်
နဲ့နော်၊ ဖယ်စမ်း'





'ဒီကလေးမှာ ဘာအပြစ်ရှိနေလို့လဲ ဦးသွန်းစစ်ဦး၊
ဘာမှမသိနားမလည်သေးတဲ့အရွယ်လေးပဲ၊ ရှင်မုန်းတီးနာကြည်း
လောက်အောင် အပြစ်မလုပ်ဘူး'

'မင်း ဘာသိလို့ ဝင်ပြောနေရတာလဲ ငွေခရေ၊ မာမီက
ရေးပေးထားတယ်ဆိုပြီး မင်း ကြီးကြီးကျယ်ကျယ်တွေ
ပြောမနေနဲ့'

'ကောင်းစစ်လေးကို ရှင့်သားဟုတ်မဟုတ် သေချာ
အောင် DNA စစ်ဆေးကြည့်လေ၊ ဒါမှ တရားမျှတမှုရှိမှာပေါ့'

'မင်း… မင်း…'

'ရှင့်သားမဟုတ်ရင်တောင် ငယ်ရွယ်တဲ့ကလေးအပေါ်
သနားထောက်ထားသင့်ပါတယ်ရှင်'

'မင်း…'

'ဦးသွန်းစစ်ဦးက ကုမ္ပဏီဒါရိုက်တာကြီးပါ၊ ပညာတတ်
တစ်ယောက် စီးပွားရေးလုပ်ငန်းကြီးကို ဦးဆောင်နိုင်တဲ့လူ၊ ကိုယ့်
သွေးမဟုတ်ရင်တောင် ငယ်ရွယ်နုပျိုသေးတဲ့ ကလေးတစ်
ယောက်အပေါ် ရန်သူလို ဆက်ဆံနေတာ အသိတရားကင်းမဲ့လွန်း
ပါတယ်'

'ငွေခရေ… မင်း ထွက်သွားစမ်း၊ မင်းကို ကလေးထိန်း



www.burmeseclassic.com

www.burmeseclassic.com



ငှားထားတာပဲ၊ ကလေးကို ဘယ်လိုထိန်းနေတာလဲ၊ အချောင်ပိုက်ဆံယူချင်နေတာလားကွ'

ငွေခရကို သူ အော်ပစ်သည်။ ကလေးနှင့်ပတ်သက်ပြီးနားလည်မှုမရှိတာ သူအမုန်းဆုံးပဲ။ ငွေခရက မာမီအရေးပေးထားတဲ့ ကောင်မလေး။ သမီးလိုပဲတဲ့။ သူ့ဇနီး မေဘယ်နှင့် မတူတာက ဂရုဏာသိက္ခာရှိနေခြင်းပင်။ သူ့ချစ်သူ ငယ်ငယ့်ကိုပဲ သူ လက်ထပ်ချင်ခဲ့တာ။

ငယ်ငယ်က ငွေကြေးဥစ္စာတွေ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးတော့ မဟုတ်ပေ။

ငွေခရနှင့် ဆက်ပြီး ပြောဆိုမနေချင်တော့သဖြင့် လှည်းထွက်လာခဲ့သည်။ သူ့အိပ်ခန်းထဲ ပြန်ရောက်လာ၏။

သားကောင်းစစ်ကို အော်ဟစ်နေရပေမယ့် သူ့ရင်ထဲမှာလည်း နာကျင်ကြေကွဲရပါသည်။ မေဘယ်နှင့် အရမ်းတူလွန်းတဲ့ ကောင်းစစ်လေးကို မြင်ရတိုင်း ဒေါသတွေပေါက်ကွဲရသည်။

'မင်းမိန်းမက မင်းနဲ့ လက်မထပ်ခင်ကတည်းက ယောကျ်ားတွေနဲ့တွဲပြီး ဖြစ်ချင်တိုင်းဖြစ်နေတာပဲ၊ သွန်းစစ်ကလေးတောင် မင်းကလေး ဟုတ်ရဲ့လားကွာ'

သူငယ်ချင်းနန္ဒရဲ့စကားတွေက သူ့နှလုံးသားတွေထဲသို့





သံချွန်နှင့် ထိုးစိုက်လိုက်သလိုပင်။ မေဘယ် နောက်ထပ်ယောကျ်ားတစ်ယောက်နှင့် တွဲနေတယ်ကြားရစဉ်က သူ လက်မခံခဲ့ပေ။

သူ မေဘယ်အား ယောကျ်ားကောင်းပီသစွာ ရှာဖွေကျွေးမွေးခဲ့သည်။ ပြည့်စုံစွာ ထား၏။ ပျော်ရွှင်ချမ်းမြေ့တဲ့မိသားစုလေးကို ဖန်တီးလိုသည်။

'မောင် ရင်သွေးလေးတွေ အများကြီးယူချင်တယ်မေဘယ်၊ ပျော်စရာမိသားစုလေး တည်ဆောက်ချင်တယ်'

'ဟင်း… ဟင်း… မေဘယ်ကတော့ ကလေးအများကြီး မလိုချင်ပါဘူး မောင်ရာ၊ ဘာလုပ်မှာလဲ၊ မေဘယ့်ဘဝမှာ ကလေးတွေထိုင်မွေးပြီး အိုမင်းရင့်ရော်သွားမှာ အကြောက်ဆုံးပဲ၊ သိလား'

သူ့ချစ်သူ ငယ်ငယ့်ကိုထားခဲ့ပြီး မာမီသဘောတူတဲ့မေဘယ်အား လက်ထပ်ခဲ့ရပေမယ့် ချစ်မြတ်နိုးစွာ ဆက်ဆံပေါင်းသင်းသည်။

သူ ရင်ဆိုင်လက်တွဲရမည့် မိန်းကလေးအပေါ် ကြင်နာယုယမှုတွေ ပေးခဲ့၏။ ဒါပေမဲ့လည်း သားလေးကောင်း စစ်ကိုမွေးပြီးတော့ မေဘယ် ခြေလှမ်းတွေက ပျက်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'မင်း သားက မင်းနဲ့မတူဘူးနော် သွန်းစစ်၊ မင်းမိန်း ဘာတွေလုပ်နေတယ်ဆိုတာ မင်းသိရဲ့လားကွာ'

နန္ဒက သူ့ကို သတိပေးသည်။ မေဘယ်ကို လုံးဝကြည့် မရ။

နန္ဒသဘောတူတာက ငယ်ငယ်ပဲ။ ဆင်းရဲနွမ်းပါးတဲ့ ငယ်ငယ့်ကို ထားခဲ့တာ ရက်စက်လွန်းတယ်တဲ့။

'မင်းကိုကြည့်ရတာ မေဘယ်ကို ချစ်သွားပြီလား သွန်းစစ်၊ မတရားလိုက်တာကွာ၊ ငယ်ငယ်ဘက်ကနေ နည်းနည်း လေးတောင် မင်း မစဉ်းစားပေးဘူး'

'ငါ ဘာမှမတတ်နိုင်တော့ဘူး နန္ဒ၊ တောင်းပန်ပါတယ် လောလောဆယ် မေဘယ်က ငါ့ဇနီးပဲ၊ ငါ့ဘဝတစ်လျှောက်လုံး မလွဲမသွေ လက်တွဲရမယ်လေ၊ သားလေးလည်း မွေးလာတော့ ကိုယ့်မိသားစုဘဝလေးကိုပဲ ဦးစားပေးချင်တယ်'

'ဟား… ဟား… ဟား… သွန်းစစ်၊ မင်းက တော်းပဲ ကလေးက မင်းနဲ့တူလို့လား၊ မင်းမိန်းမ မေဘယ် ဘာတွေလုပ်နေ လဲဆိုတာ မင်းသိလား'

'နန္ဒ'

'မင်းကို ငါ လက်တွေ့ပြမယ်၊ မင်းလိုက်ခဲ့'



နန္ဒက ဟိုတယ်ကြီးတစ်ခုဆီ သူ့ကို ခေါ်ဆောင်သွား

အခန်းတစ်ခုထဲမှာ မေဘယ်ကို ယောက်ျားတစ်ယောက် အတူတူတွေ့ခဲ့ရ၏။

သူ့ဒေါသတွေ ပေါက်ကွဲတော့သည်။

'ဟုတ်တယ်၊ မေဘယ် ရှင်နဲ့ ကွာရှင်းမယ်၊ ကလေးက ရှင်ပဲ တာဝန်ယူပါ၊ ကျွန်မချစ်တာက သူပဲ'

ပြတ်ပြတ်သားသားဆုံးဖြတ်ကာ ရက်စက်သွားသည်။ အိုင်းအဝိုင်းအလယ်မှာ အရှက်သိက္ခာကျခဲ့ရ၏။ သူ့ငယ်ချစ် ငယ်ငယ်ကလည်း နန္ဒနှင့် လက်ထပ်သည်။

'ငါ ဘာဆက်လုပ်ရမလဲ၊ ဘယ်သူ့ကို အပြစ်တင်ရမှာ

ငွေခရုဆိုတဲ့ ကောင်မလေး ဝင်စွက်ဖက်နေတာကို အမြင်ကတ်နေသည်။ ကောင်းစစ်နှင့်ပတ်သက်ပြီး သူ့သွေး ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ။ သူ အဖြေမှန်ကို မသိချင် သွန်းစစ် စိတ်ညစ်လွန်း၍ လသာဆောင်ကို ထွက်လာ လသာဆောင်မှာထိုင်ပြီး အရက်သောက်၏။ တစ်ခွက်ပြီး တ်ပဲ။ လောကကြီးတစ်ခုလုံးကို မေ့ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေခရ… မင်းက ဘာမှမသိဘဲ ငါ့ကို အပြစ်တင် ရတာလဲကွ၊ ငါ ဘာကြောင့်ဒီလိုဖြစ်ရတာလဲ မင်းသိလို့

ငွေခရကိုလည်း မကျေနပ်မိ။ ကြီးကြီးကျယ်ကျ သူ့ကို အပြစ်တင်ဝေဖန်နေသည်။ မင်း ဘယ်လိုကောင်မ မျိုးလဲ။ သူ့ရင်တွေ ဗလောင်ဆူနေ၏။ ငါ့အတွက် အရ အဖော်ပဲကွ။ မင်းသိရဲ့လား ငွေခရ။ မာမီက သူ့အနား လာသည်။

'သားရယ်… ဒီလောက်အထိ မသောက်ပါနဲ့၊ ကျန်းမာရေးကို ထိခိုက်မယ်လေ'

'ကျွန်တော် သောက်ပါရစေ၊ မတားပါနဲ့၊ လောက ကို သား မေ့ပစ်ချင်လို့ပါဗျာ'

သားအဖြစ်တွေကို ဒေါ်ဝေဝေခင် မကြည့်ရက်။ ကြောင့်ပါ။ သားချစ်သူနဲ့ သဘောမတူဘဲ ငွေကြေးချမ်းသာ မေဘယ်နှင့် အတင်းအကျပ် လက်ထပ်စေခဲ့မိသည်။ အရက်သမားကြီးပဲ။ ဒေါ်ဝေဝေခင် ရင်နာနေရ၏။ မြေးကို သူ့သားမဟုတ်ဘူးတဲ့။

မိမိကတော့ အပြစ်ရှိသူအနေနှင့် သားကို တားဆီး ခွင့်မရှိဘဲ ဖြစ်နေသည်။





'မာမီ'

'ပြောပါ သားရယ်'

'ငွေခရဆိုတဲ့ ကောင်မလေးကို ပြောထားပါ၊ သားကိစ္စတွေမှာ ဝင်ပြီးမစွက်ဖက်ပါနဲ့လို့'

'ငွေခရလေးက စေတနာနဲ့ပြောတာပါကွယ်၊ အခု မြေးလေးတောင် စာသင်လို့ရလာပြီ၊ ဆူပူသောင်းကျန်းတာတွေ မလုပ်တော့ဘူး'

'မာမီ အလိုလိုက်ထားတာပဲ၊ ဒီကောင်လေးကို တင်းတင်းကျပ်ကျပ် စည်းကမ်းပေးရမှာပါ'

'အရက်ကို လျှော့သောက်ပါ သားရယ်၊ လောကကြီးထဲမှာ ဖြစ်ပျက်တတ်တဲ့ အဖြစ်အပျက်ကြီးတစ်ခုလို့ပဲ သဘောထားပါတော့'

'သား ဘာမှမကြားချင်ဘူး မာမီ၊ ဒီမှာပဲ နေပါရစေ၊ သားတစ်ယောက်တည်း ဒီမှာနေပါရစေဗျာ'

သားအနားကနေ ဒေါ်ဝေဝေခင် ထွက်လာခဲ့သည်။ တားလို့လည်း ရမှာမှမဟုတ်တာ။ သားမှာ အပြစ်မရှိပါဘူး။ မိသားစုတာဝန်ကို ကျေပွန်အောင်လုပ်ပေးခဲ့တဲ့သူပါ။ ဒေါ်ဝေဝေခင် အောက်ထပ်ကိုဆင်းလာတော့ ရှုနှင့်ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းစစ်လေး လိမ္မာလာပါပြီ မာမီဝေ၊ စာလည်း ကောင်းကောင်းရေးတယ်၊ ဉာဏ်ထက်မြက်တဲ့ ကလေးပဲ'

မာမီဝေ့ပုံစံကြည့်ရတာ အားမရ။ နှမ်းဖတ်ညှိုးရော်နေသည်။ ရှ စိတ်ပူမိသွား၏။ မေမေ့လိုအဖြစ်မျိုးနှင့် ကြုံတွေ့ရမှာ ရှ စိတ်ပူမိသည်။ ဦးသွန်းစစ်ဦး နားလည်မှုမရှိတာပဲ။ မာမီဝေ့အား သေအောင်သတ်နေသလို ဖြစ်နေ၏။ ရှကတော့ အတတ်နိုင်ဆုံး အားပေးကူညီချင်သည်။

'ရှလေး'

'ပြောပါ အန်တီဝေ'

'တကယ်တော့ သားမှာ ဘာအပြစ်မှမရှိပါဘူးကွယ်'

'ဦးသွန်းစစ်ဦးမှာ အပြစ်မရှိရင် ကောင်းစစ်လေးမှာ အပြစ်ရှိနေတာလား'

မာမီဝေက ဦးသွန်းစစ်ဦးအပေါ် အပြစ်မတင်တာပဲ ရှ ဒေါသဖြစ်မိသည်။

'မာမီဝေ အပြစ်တွေပါ ရှရယ်၊ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးတစ်ယောက်နဲ့ အတင်းအကျပ်လက်ထပ်ပေးခဲ့တယ်'

သားနှင့်ပတ်သက်တာတွေကို ရှလေး နားလည်သဘောပေါက်စေရန် ပြောပြသည်။ မိမိက ချွေးမအဖြစ် ရွေးချယ်ထား၏





အပေါ် အပြစ်မတင်စေလိုပေ။ ရှက ဟိုဒေါက်တာညြရသ

လူငယ်ချင်း ရင်းနှီးကျွမ်းဝင်နေပုံပင်။ သားနဲ့ပဲ လက်ထပ်

ယ်။ ဒီတစ်ကြိမ်တော့ သား နှစ်သက်စေချင်တယ်။ နီးစပ်

စေရန် ကြိုးပမ်းရမည်ဖြစ်သည်။

'မေဘယ်က ဖောက်ပြန်သွားတယ်၊ အပျိုဘဝကတည်း ရှုပ်ပွေတတ်တာကို မာမီဝေက မေးမြန်းစုံစမ်းမှု မလုပ်ခဲ့

သားငယ်ချစ်ဦးကလည်း သားသူငယ်ချင်းနန္ဒနဲ့ လက်

သွားခဲ့သည်။

'သားမှာ ထိခိုက်နစ်နာမှုတွေ အများကြီးပဲ၊ နန္ဒက င်းစစ်လေးကိုတောင် မင်းသွေးမဟုတ်ဘူးလို့ ပြောတော့ ဝိုပြီးခံစားနေရတယ်'

ကိုသွန်းစစ်ဦး ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အိမ်ထောင်ရေး နာကြည်းကြေကွဲစရာအတိပင်။ ကောင်းစစ်လေးကလည်း င်နှင့် လုံးဝမတူပေ။

ကိုသွန်းစစ်သားရော ဟုတ်ရဲ့လားဟု ရှပင် သံသယ နေသည်။

'ကောင်းစစ်လေးက မာမီဝေရဲ့ မြေးလေးပါ၊ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းတယ်၊ ကြားထဲကနေ မြေဇာပင်ဖြစ်ခဲ့ရ
လေ'

ရှလေးက ဒေါက်တာသြရသကို ချစ်နေပြီလား။
သတိထားမိသလောက် ဒေါက်တာသြရသကလည်း ရှလေးအ
မေတ္တာသက်ဝင် ချစ်ခင်နေပုံပါပဲ။ မိမိ တားဆီးရမည်ဖြစ်သ

'သားကိုလည်း ရှ အတတ်နိုင်ဆုံး နားလည်မှုပေး
မြေးလေးတောင် လိမ္မာလာပြီပဲ၊ မိခင်မေတ္တာ ငတ်နေရှာတာ
ကွယ်'

မြေးလေးက ရှကို သံယောဇဉ်ကြီးမားစွာ တွယ်နေ
သည်။ သားကိုရောပဲ မိမိ စိုးရိမ်တယ်။ သော့်လို ရှတ်တ
ရောဂါဝေဒနာတွေဖြစ်လာရင်ရော ဒီအတိုင်းကြီး ဖြစ်မသွားနိုင်
ကြိုတင်စီစဉ်မှုတွေ လုပ်ချင်သည်။

'ရှက မာမီ့ဝေ့သမီးလေးပါပဲကွယ်၊ မာမီဝေ အား
ပါတယ်၊ အနားမှာနေပေးပါ ရှ'

'ဟုတ်ကဲ့... ရှလည်း အားကိုးတွယ်တာရာမရှိတဲ့အ
ပါ မာမီဝေရယ်၊ စိတ်မပူပါနဲ့နော်၊ ကောင်းစစ်လေးကိုလည်း
ရှ သံယောဇဉ်တွယ်နေပါပြီ'

'ရှလေးရယ်'

ရှလေးကို မိမိရင်ခွင်မှာ ပွေ့ဖက်ထားမိသည်။
သားနှင့် လက်ထပ်ဖို့ အတင်းအကျပ်တော့ မစီစဉ်ချင်
...ဘူး။
သားကို အပြစ်မတင်စေရန် ဒေါ်ဝေဝေခင် ရှင်းပြနေ
...သည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

ဦးသွန်းစစ်ဦး လသာဆောင်မှာ ရှိနေသည်။ ရှ သွားပြီ တားမြစ်ရင် ကောင်းမလားပဲ။ မဖြစ်သေးပါဘူး။ ဦးသွန်းစစ်ဦး က ရှနှင့်မဆိုင်တဲ့ကိစ္စ ဝင်မပါနဲ့တဲ့။ မာ့မီဝေ ပြောတော့လည်း ဦးသွန်းစစ်ဦး ရင်ဆိုင်ရတဲ့ပြဿနာတွေက ကြောက်မက်ဖွယ်ရာ ပဲ စိတ်သောကတွေ ရောက်စရာပါ။ သူမ လိုအပ်နေတာက ဦးသွန်းစစ်ဦးရဲ့ ဆံပင်တွေ။ ကောင်းစစ်လေးနှင့် DNA စစ်ဆေး ပြီး သူ့ရင်ထဲမှာရှိနေတဲ့ သံသယတွေကို ပယ်ဖျက်ချင်သည်။

'မမလေးရှ... ဖုန်းလာနေပါတယ်'

'ဘယ်သူလဲဟင်'

'ဒေါက်တာဩရသတဲ့'

'လာပြီနော်'





ကိုဩရသပဲ။

မာမီဝေက ရှနှင့် ကိုဩရသ ပြောဆိုဆက်ဆံတာ မကြိုက်ပေ။

ဒါပေမဲ့ ရှ သတိရတမ်းတနေမိသူက သူပဲဖြစ်နေသည်။ ဖုန်းလာသည်ဆို၍ ရှ ရင်တွေခုန်နေ၏။

ဖုန်းခွက်ကို ကိုင်လိုက်တော့မည့် ရှလက်လေးတွေပင် တုန်နေသည်။

'ဟဲလို...'

'ရှ'

'ပြောပါ ကိုဩရသ'

'မနက်ဖြန် ရှ ကျောင်းကိစ္စတွေလုပ်ရမယ် မဟုတ်လား'

'အင်း...'

'ကိုယ် စောင့်နေမယ်'

'ဟို... ဟို အိမ်ကကားနဲ့ တခြားကိစ္စတွေ ကိုယ်လိုက်လုပ်ပေးရမှာပေါ့ ရှ၊ တွေ့ချင်တယ်၊ ရှကို အမြဲတမ်းသတိရနေတယ်'

ရှလည်း သတိရနေတာပဲ ပြောချင်သည်။ ဖုန်းထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်။ မာမီဝေကေ အနားရောက်လာ၏။ မနှစ်သက်တဲ့ပုံပင်။ သူပြောတာပဲ ရှ နားထောင်နေရသည်။

'ရှ'

'ဟင်…'

'ကိုယ်စောင့်နေမယ်နော်၊ ရှကို အရမ်းတွေ့ချင်တယ်ကွာ၊ အခုလေ ကိုယ် အလွမ်းရပ်ရှင်ဇာတ်လမ်းတွေ ကြည့်နေရသလို ပဲ အရမ်းကြေကွဲနေတယ်'

'ဘာဖြစ်လို့လဲဟင်'

'ရှကို အရမ်းသတိရလို့လေ'

ရှ ဘာပြန်ပြောရမှန်းပင် မသိ။

မာမီဝေကေ ရပ်နေသည်။

'ရှ ကိုယ်လာခဲ့မယ်၊ တွေ့ချင်တယ်ကွာ၊ နော် ရှ'

'အင်း…'

'ရှကို အရမ်းတွေ့ချင်တယ်၊ အရမ်းလွမ်းတယ်၊ ကိုယ် နာကျင်နေရတယ်၊ ဖြူစင်နဲ့လည်း တွေ့ဖြစ်တယ်၊ ကိုယ် ကူညီ နေပါတယ်၊ ဖြူစင့်ကို ဆိုင်လေးဖွင့်ပေးမလားလို့လေ'

'အင်း… ကောင်းတယ်၊ ဖြူစင်က ရှအပေါ်တော့ ကောင်းပါတယ်၊ ကူညီပါ'





'ဒါပဲနော် ရှ၊ မနက်ဖြန် ကိုယ်စောင့်နေမယ်၊ ရှကိစ္စတွေ …းလုံး ကူညီမယ်၊ ရှရော ကိုယ့်ကို သတိရရဲ့လား'

'ရပါတယ်'

'ကိုယ်တို့ မနက်ဖြန်မှ တွေ့မယ်'

'အင်း…'

ရှ ဖုန်းချလိုက်သည်။ မာမီဝေကေ ရှအနားမှာ လာရပ်နေ… ရှ စိတ်ကျဉ်းကျပ်လိုက်တာ။ တစ်စုံတစ်ခုကို မေးမြန်းချင် …ကြောင်း သိသည်။

'ဒေါက်တာသြရသပါ'

'ရှနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

'မိတ်ဆွေတွေပါ၊ ရှအခက်အခဲကို သူက အကူအညီ …ပေးတယ်လေ၊ အခု ရှသူငယ်ချင်းဖြူစင်ကိုလည်း ကူညီနေ …တယ်'

'သော်က ရှကို မပေါင်းစေချင်တဲ့ အပေါင်းအသင်းတွေ …မှာ ဖြူစင်လည်း ပါတယ်လေ'

'မေမေက ရှကို တန်ဖိုးထားလွန်းနေတာပါ၊ ဖြူစင်က …အလုပ်လုပ်ပြီး ငွေရှာတာ မေမေ မကြိုက်တာလေ၊ ဖြူစင် … နာမည်နဲ့လိုက်ပါတယ် မာမီဝေရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှ'

'ရှင်...'

'မနက်ဖြန် ရှကျောင်းကိစ္စတွေကို သွားလုပ်ပေးလိုက်မယ်'

'ရှင်...'

'ဒေါက်တာသြရသနဲ့ ပတ်သက်တာ မာမီဝေ မကြိုက်ဘူး ရှ'

'ဘာဖြစ်လို့လဲဟင်'

'သော်က အပ်ထားတာလေ ရှ၊ အန်တီဝေ့မှာ စောင့်ရှောက်ရမယ့်ဝတ္တရား ရှိတယ်'

ကိုသြရသက လူကြီးလူကောင်း ဆရာဝန်တစ်ယောက်ပါ မာမီဝေရယ်။ ဦးသွန်းစစ်ဦးက ရှကိစ္စတွေကို လုပ်ပေးချင်မှာမဟုတ်ပါဘူး။ မာမီဝေ အတင်းအကျပ်နိုင်းစေလို့ပဲ မ[illegible] မရှောင်သာ လုပ်ပေးမှာပါ။

ရှလည်း ကိုသြရသနဲ့ တွေ့ဆုံချင်တဲ့ ဆန္ဒတွေ ဖြစ်နေသည်။

'ရှ အားနာလို့ပါနော်၊ ကိုယ့်ဘာသာပဲ လုပ်ပါ့မယ်'

'ရှလေးရယ်... မာမီဝေ့ကို ဘာမှအားနာစရာမရှိပါဘူး



စောင့်ရှောက်ရမယ့်တာဝန် ရှိတယ်လေ၊ သားသွန်းစစ်ကူညီရမှာလေ'

ရှလေးကို တခြားယောကျ်ားလေးတွေနှင့် ရင်းနှီးတာမျိုး [illegible]ခွင့်မခံနိုင်ပေ။ ဒေါ်ဝေဝေခင် မျက်ခြည်မပြတ် စောင့်ကြည့်[illegible]သည်ဖြစ်သည်။ ရှက သားအတွက်ပဲဖြစ်စေရမယ်။ ထို့ကြောင့် [illegible]င် မြေးလေးကောင်းစစ်နှင့် ရင်းနှီးစေရန် မြေးလေးအား ရှ[illegible]ထဲ အပ်ထားသည်။

'ရှလေး'

'ရှင်...'

'မာမီဝေ မြေးလေးကျောင်းကိစ္စ သွားရမယ်၊ ကျောင်း[illegible]မယ်လို့ ပြောနေတယ်၊ အဲဒါ ရှလေးကျေးဇူးကြောင့်ပါပဲ[illegible]ယ်၊ မာမီဝေတို့မိသားစုကို စောင့်ရှောက်ပေးပါဦး'

မာမီဝေ ထွက်သွားသည်။ ရှကိစ္စတွေမှာ ဦးသွန်းစစ်ဦးက [illegible]ဝင်စားပါ့မလား။ မိန်းမတွေကို အခြောက်တိုက်မုန်းနေတာကို [illegible]မကြိုက်ပေ။ ကောင်းစစ်လေးကိုကြည့်ဖို့ အပေါ်ထပ်တက်သွား[illegible]ာ ဦးသွန်းစစ်က လသာဆောင်မှာ ရှိနေဆဲပင်။ သူ့ အရက်တွေ [illegible]သွန်အကျုံသောက်ထားပြန်ပြီ ထင်တယ်။ ဥပေက္ခာပြုထားတာ [illegible]ကောင်းပါတယ်လေ။ ဒါပေမဲ့ ရှစိတ်က မရက်စက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



မာမီဝေ့မိသားစုပဲ ရှ ကျောင်းဆက်တက်ဖို့အတွက် ပြည့်စုံ ထောက်ပံ့ထားသည်။

'ငွေခရု'

'ဟင်…'

သူမ တွေဝေစွာရပ်ကြည့်နေဆဲမှာပင် သူက ရှဘက် လှည့်လာသည်။ ထုံးစံအတိုင်း မျက်လုံးတွေက နီကြောင်နေ ရှ မနှစ်သက်သလို ကြည့်မိသည်။

'မင်းမျက်လုံးအကြည့်တွေက ငါ့ကို အထင်သေးနေတာ လား ငွေခရု'

'ရှက ဦးသွန်းစစ်ဦးတို့ဆီမှာ မှီခိုနေရတာပါ၊ အားလုံး အဆင်ပြေပြေ ဆက်ဆံချင်ပါတယ်၊ မာမီဝေ့ကိုလည်း စိတ်ချမ်း သာစေချင်တာပါ'

သူ ငွေခရုကို ကြည့်သည်။ မေဘယ်နှင့် ဘာမှမဆိုင် သော ယဉ်ကျေးသိမ်မွေ့တဲ့ ကောင်မလေး။ ရိုးသားသည်။

ရှ ငါက မိန်းမတွေကို နာကြည်းမုန်းတီးနေတာက ငါ့ဘဝကြီးတစ်ခုလုံးကို ဖောက်ထိုးမိုးမျှော်လုပ်ခဲ့တဲ့ မေဘယ် ကြောင့်လေ။ ဒါပေမဲ့ မင်းကိုတော့ ငါ အရမ်းသတိရတယ်၊ တမ်းတနေမိတယ် ရှ။ မင်းက အရမ်းငယ်လွန်းတဲ့ ကောင်မလေး





။ ရှမျက်နှာလေးက မှုံးယစ်ဝေသီနေတဲ့ သူ့မျက်လုံးတွေထဲမှာ ထင်ရစ်နေသည့် ကောင်မချောချောလေးပါ။ သူ ဒယိမ်းဒယိုင် င့် ထလိုက်၏။

ရှကတော့ တည်ငြိမ်စွာကြည့်နေသည်။

'မင်းမျက်လုံးတွေက ငါ့ကို အပြစ်တင်နေတာလား ငွေခရု'

'ဟုတ်တယ်'

'ငါ့သားအပေါ် တာဝန်မကျေလို့လား၊ ငါ အရက်သမား တစ်ယောက်ဖြစ်နေလို့လား၊ ပြောစမ်း'

ရှ စိတ်ပျက်စွာဖြင့် ကြည့်မိသည်။ စီးပွားရေးလုပ်ငန်း တွေကို ဦးစီးလုပ်ဆောင်နေသူတစ်ယောက်ဖြစ်နေပြီး အသိဉာဏ် သင်းမဲ့လွန်းရာ ကျသည်ဟု ထင်၏။ သူမ လှည့်ထွက်ခဲ့သည်။

'နေပါဦး ငွေခရု'

'မာမီဝေက ဦးသွန်းစစ်ဦးကို ဒီလိုပုံစံမျိုး မြင်ချင်မှာ ဟုတ်ဘူး ထင်ပါတယ်၊ ရှမေမေလို လူ့လောကကြီးထဲကနေ တ်တရက်ထွက်သွားရရင် ဘယ်လိုလုပ်မလဲဟင်'

'ငါ့စိတ်တွေ အရမ်းပဲ လေလွင့်နေတယ်၊ မင်း နားလည် ပေးနိုင်မလား ငွေခရု'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း...'

'ဘာကွ'

'မိန်းမတစ်ယောက်အတွက် ဘဝကြီးတစ်ခုလုံး ထိ...
ကျသွားအောင် စိတ်ဓာတ်မခိုင်မာတဲ့ ယောကျ်ားတစ်ယောက်...
အားမပေးဘူး၊ ရှု ထောက်လည်း မထောက်ခံချင်ဘူး'

သူ့မျက်ဝန်းတွေထဲမှာ ရီဝေမှုန်ဝါးနေသည်။ ငွေခ...
မင်းက အသိဉာဏ်ရှိလွန်းတဲ့ မိန်းကလေးလား။ ငွေခရှေ့...
ရပ်နေတာပင် သေးသိမ်သွားသလို ခံစားရ၏။ ငါ ဖြစ်ချင်တ...
ငွေခရ။ ငါ့စိတ်တွေ နောင်တတွေရလာပြီထင်တယ်။ တစ်ညလ...
တွေဝေနေတယ်။

မင်းလိုကောင်မလေးတစ်ယောက်ရှေ့မှာ ငါ ရပ်တည်...
နိုင်စွမ်းတောင် မရှိတော့ဘူး။ သူ့ခန္ဓာကိုယ်က မထိန်းနိုင်...
ယိမ်းယိုင်ပြိုလဲမတတ် ဖြစ်နေသည်။

'ဦးသွန်းစစ်ဦး'

'ဘာလဲ'

'ရှု တစ်ခုတော့ လုပ်ပေးချင်တယ်၊ အဲဒါက ကောင်းစ...
လေးနဲ့ ဦးသွန်းစစ်ဦးတို့ သားအဖအရင်းဟုတ်မဟုတ် DN...
စစ်ဆေးကြည့်ပေးဖို့ပဲ'





'မလုပ်နဲ့၊ ငါ လုံးဝမလုပ်ချင်ဆုံးအလုပ်ပဲ ငွေခရ၊
...ခုနးပြုပြီး မလုပ်ပါနဲ့'

'ဘာဖြစ်လို့လဲ'

'ငါ အမှန်တရားတွေကို ရင်မဆိုင်နိုင်ဘူး ရှု၊ တောင်းပန်
...ဘယ်ကွာ၊ အဲဒါတော့ မလုပ်ပါနဲ့'

'သတ္တိမရှိလိုက်တာ... သံသယတွေနဲ့နေမယ့်အစား
...ဆိုင်သင့်တယ်'

'လုံးဝမလုပ်နဲ့၊ ငါ့မှာ သတ္တိမရှိဘူး၊ အမှန်တရားက
...လဲဟင်၊ မင်း သိလား'

'ဘာပဲဖြစ်ဖြစ် ဦးသွန်းစစ်ဦး ရင်ဆိုင်သင့်ပါတယ်'

'No, No, ငါ မလုပ်နိုင်ဘူး၊ ခွင့်မပြုဘူး၊ မသိချင်ဘူး
...ွာ၊ မင်းနဲ့မဆိုင်ဘူးထင်တယ်'

'ကျွန်မ လုပ်မှာပဲ'

'ငွေခရ'

'ကောင်းစစ်လေးအတွက်လေ'

'ဟော့...'

သူမ ချာခနဲလှည့်ထွက်လာခဲ့သည်။ ဦးသွန်းစစ်ဦး လဲပြို
...သံကြားရပေမယ့် သူမ လှည့်မကြည့်တော့။ ရှင် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး သတ္တိနည်းလိုက်တာ။ ယောကျ်ားမပီသတာပဲ။ အ
တရားဆိုတာ လက်ခံရမှာပဲလေ။

သူမ အခန်းဆီ ပြန်လာခဲ့သည်။

'မမ'

'ဟင်... ကောင်းစစ်လေး'

'ဖေဖေရော'

'လာ... မမ သားလေးကို ထမင်းကျွေးမယ်'

မသွယ်က ကောင်းစစ်လေးကို ပွေ့ချီလာသည်။ က
က ဖခင်ကို စွဲလမ်းနေသည်။

'ဖေဖေ အရက်တွေ တစ်ညလုံးသောက်နေတယ်၊ သာ
သွားကြည့်တာ'

'မင်း... မင်း တစ်ညလုံးထွက်ကြည့်နေတာလား'

'အင်း...'

'မင်းအဘွား မသိဘူးလားဟင် ကောင်းစစ်'

'မသိဘူး၊ သားတစ်ယောက်တည်း တိတ်တိတ်လေး
ထွက်ကြည့်တာပါ'

'ကောင်းစစ်လေးရယ်'

ကောင်းစစ်လေး သံယောဇဉ်ကိုကြည့်ပြီး ရှုရင်ဖွေ





နာကျင်ကြေကွဲသွားရသည်။ ကောင်းစစ်လေး နိုးရမယ့်အချိန်မနိုး ၍ စိတ်ပူပြီး ရှာသွားကြည့်ခဲ့တာ။ ထမင်းစားချိန်ပင်ရောက်နေ ၍ မသွယ်ကို အတင်းနှိုးခိုင်းခဲ့ရသည်။

'မင်း အိပ်ရာထနောက်ကျတာ မင်းဖေဖေကို ထထ ကြည့်နေခဲ့တာကြောင့်ကိုး ဟုတ်လား ကောင်းစစ်လေး'

'ဟုတ်ကဲ့'

'ကလေးရယ်'

ကောင်းစစ်လေးကို ပွေ့ဖက်ထားရင်း နာကျင်သွားရသည်။ ကလေးက ဖခင်အား သံယောဇဉ်တွယ်နေ၏။ စိတ်ပူပင်စွာ အရွယ်နှင့်မလိုက်အောင် ဂရုတစိုက်ကြင်နာနေသည်။ ဦးသွန်းစစ်ဦးက ငယ်ရွယ်တဲ့ ကောင်းစစ်လေးလောက်တောင် အသိဉာဏ်ကင်းမဲ့လွန်းနေ၏။ ကောင်းစစ်လေးက အရင်ကနှင့်မတူဘဲ လိမ္မာနေသည်။

'ဖေဖေ အရက်သောက်တာ ကောင်းစစ်ကြောင့်လား၊ ကောင်းစစ် ငိုရင် ဖေဖေ ဒေါသထွက်တယ်၊ ဖေဖေ စိတ်မဆိုးအောင် ကောင်းစစ် ငြိမ်ငြိမ်လေးနေပါတော့မယ်၊ အရက်တွေ အရမ်းမသောက်ဖို့တော့ မမ ပြောပေးပါလား'

မသွယ်ရော ရှုပါ မျက်ရည်တွေဝဲရသည်။ ငါးနှစ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ ဖခင်အတွက် စိုးရိမ်ပူပန်မှုတွေ နှင့် ပြည့်နှက်နေ၏။ ဦးသွန်းစစ်ဦးက သားကို လက်မခံချင်ပေ။ ဆိုးဝါးလိုက်တာ။ ရှကတော့ လုပ်သင့်တာကို လုပ်ဖို့ပဲ ဆုံးဖြတ် ထားသည်။

❧ ❧ ❧



(၁၃)

'ကိုဩရသ… မာမီဝေက ရှကို နည်းနည်းတော့ ...ည်းကမ်းတင်းကျပ်သား၊ ပေါင်းသင်းဆက်ဆံရေးကအစ ကန့် ...သတ်မှုတွေရှိနေတယ်'

'ရှ'

'ဟင်…'

'ကိုယ် ရှကို ထောက်ပံ့ထားနိုင်တဲ့လူတစ်ယောက်ပါ၊ ... အခွင့်အရေးတွေကိုတော့ ချုပ်ချယ်ကန့်သတ်နေတာမျိုး မဖြစ် ...သင့်ပါဘူး'

'မေမေက ရှကိုအပ်ခဲ့တာလေ၊ ရှကို သားသမီးနဲ့မခြား ...ထားပါတယ်၊ အခုလည်း ကားနဲ့လိုက်ပို့တာပဲ၊ ဦးသွန်းစစ်ဦး ...ကိုယ်တိုင် လိုက်ပို့တာပါ'

'ဦးသွန်းစစ်ဦးဆိုတာက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မာမီဝေရဲ့ သားပါ၊ ရှ စာသင်ပေးရတဲ့ ကောင်းစစ်လေးရဲ့ အဖေလေ'

'ဟုတ်လား၊ သူက အိမ်ထောင်နဲ့လား'

'မိန်းမနဲ့ ကွာရှင်းထားပါတယ်'

'ရှ'

'ဦးသွန်းစစ်ဦးက မိန်းမတွေကို စိတ်နာနေတာလေ၊ လူခွစာကြီးပဲ'

သူ ရှအတွက် စိတ်ပူသွားရသည်။ ကားပေါ်မှာ ဦးသွန်းစစ်ဦးဆိုတဲ့လူက ထိုင်နေ၏။ မျက်နှာထားကတော့ တင်းတင်းပဲ။ လူက သိပ်အသက်အကြီးကြီး မဟုတ်သေး။ ချောမောခန့်ညားသူတစ်ယောက်ပါ။ ဩရသ စိတ်ပူမိသည်။

'ကိုယ် စိတ်ပူတယ် ရှ'

'ဟင်... ဘာဖြစ်လို့လဲ'

'ဟိုလူနဲ့ ရှကို စိတ်မချတာပါ'

'အမလေး... ဒီလူက မိန်းမတွေကို မုန်းနေတာ၊ အရှကြည့်ပါလား၊ မျက်နှာကြီးတင်းနေတာလေ'

ဩရသကတော့ စိတ်ပူသည်။ ဒေါ်ဝေဝေခင်က ဘာဖြစ်လို့ ရှနှင့် သူ့ရဲ့ ခင်မင်မှုကို ကန့်သတ်နေရတာလဲ။ တစ်မျိုးပဲ။





ပြီးတော့ ကွာရှင်းထားတဲ့သူ။ ရှကို သူချစ်နေပြီ။ ဘယ်လိုဖွင့်ပြောရမလဲ။ ရှကလည်း လုပ်စရာရှိတာတွေကို ခပ်သွက်သွက်လုပ်သည်။

'ဦးသွန်းစစ်ဦး စောင့်နေတယ်၊ အရမ်းအားနာစရာကောင်းတယ် ကိုဩရသရဲ့၊ သူက အလုပ်သိပ်များတာ၊ ရှကို လိုက်ပို့ပေးတာတောင် မာမီဝေက အတင်းအကျပ်နိုင်းလို့လေ'

'ရှ'

'ရှင်...'

'နောက်နေ့တွေ ကိုယ် လာကြိုမယ်'

'ရပါတယ် ကိုဩရသ၊ အားနာတယ်'

'ဘာပြောတယ် ရှ၊ ကိုယ့်ကို မိတ်ဆွေအရင်းအချာလို သဘောထားပါလို့ ပြောထားတာပဲ၊ ကိုယ့်ကို မစိမ်းပါနဲ့ကွာ'

ကိုဩရသကို ရှလည်း ခင်မင်ပါတယ်။ မာမီဝေတို့အိမ်မှာနေရတာ ရှ စိတ်ညစ်ရသည်။ ဒါပေမဲ့ ကိုဩရသအပေါ် အားကိုးဖို့ကျတော့လည်း ကိုဩရသတစ်ယောက်တည်းကပဲ ရှကို အရေးတယူဆက်ဆံမှာပေါ့။ သူတို့က အရမ်းချမ်းသာကြ၏။ ရှ ယုံရဲ့ဘူး။ ကျောင်းကိစ္စတွေ ခပ်မြန်မြန်ပြီးစေရန်ပဲ ရှ လုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှကိုကြည့်ရတာ ဟိုလူကို တော်တော်လေးကြောက်နေသလိုပဲကွာ'

'အားနာလို့ပါ'

'မင်းပြန်တော့၊ ကိုယ်ပဲ ကျန်တာတွေ ဆက်လုပ်လိုက်မယ်၊ မနက်ဖြန်မှ ထပ်တွေ့ကြမယ်၊ ရှတစ်ယောက်တည်း ထွက်လာခဲ့နော်'

'ဟို… ဟိုလေ… '

'ဘာဟိုလေလဲ၊ ရှတစ်ယောက်တည်းပဲ ထွက်လာဖြစ်အောင် ထွက်ခဲ့ပါ၊ ရှထွက်မလာရင် ကိုယ်လာခေါ်မှာပဲ'

'လာတော့ မခေါ်ပါနဲ့၊ ရှ ထွက်လာခဲ့ပါ့မယ်၊ ကလေးကိုလည်း စာသင်ပေးရဦးမယ်၊ ညနေမှ ရှ ထွက်ခဲ့မယ်နော်'

'ရှ ကိုယ်ပေးတဲ့ဟမ်းဖုန်းလေးကို လက်ခံပါကွာ၊ ဒါမှ ကိုယ်နဲ့ ရှ အဆက်အသွယ်မပြတ်ကြပါ'

ဒေါက်တာသြရသက ရှအပေါ် အရမ်းဂရုစိုက်ပြီး ကြင်နာနေတာ ရှလည်း ရင်ခုန်နေမိသည်။ ရှအတွက် အကောင်းဆုံးအဖော်မွန်တစ်ယောက်ပါဟု ဖြူစင်က ပြော၏။ သူ့အကြည့်တွေ တစ်ခါတစ်ရံ စူးစိုက်လွန်းနေ၍ ရှပင် ရှက်သွားရသည်။

'ရှ ပြန်တော့မယ်'





'အင်း… ရှ မနက်ဖြန်ညနေတော့ ထွက်လာနော် တစ်ယောက်တည်းပဲ၊ ကိုယ် ပြောစရာရှိတယ်'

'အင်းပါ'

'ဒီဟမ်းဖုန်းလေးကို ယူထားပါ ရှရာ၊ ကိုယ် အကြောင်းထိစရာရှိရင် အလွယ်တကူ ဆက်သွယ်လို့ရတယ်လေ'

'အင်းလေ… ရှ ယူထားပါ့မယ်'

မာဓိဝေက ကိုသြရသနဲ့ ပတ်သက်တာ အတိအလင်း အန့်ကွက်ထား၍ ရှ အိမ်ဖုန်းကို မဆက်သွယ်လိုပေ။ သူ လက်ဆောင်ပေးတဲ့လက်ကိုင်ဖုန်း အနီရောင်လေးကို လက်ခံထားလိုက်သည်။

'ရှ ကိုယ် ရှနဲ့ဝေးသွားမှာ ကြောက်လာတယ်ကွာ၊ ကိုယ်လည်း ရှအတွက် ထောက်ပံ့ပေးနိုင်ပါတယ်၊ ရှကို ကိုယ့်မေမေနဲ့ တွေ့ပေးချင်တယ်'

'ဟင့်အင်း… ရှ ဒီအတိုင်းပဲ ဆက်နေရတော့မယ် ကိုသြရသ'

'ရှ'

'ရှ သွားတော့မယ်နော်'

ရှ အတန်းဆောင်တွေထဲကနေ ကားရှိရာသို့ ပြန်ရောက်လာသည်။ ဦးသွန်းစစ်ဦး ဘေးမှာ ဝင်ထိုင်လိုက်၏။ ကိုသြရသ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်ပြီး ရု ဘယ်လိုဖြေရှင်းရမလဲဟုပဲ စဉ်းစားထား သည်။ သူကတော့ ရုနှင့်ပတ်သက်တာတွေ မေးမှာလည်း မဟုတ်။ သူမ ဝင်ထိုင်လိုက်၏။ သူ့အကြည့်တွေက သူမထံ ဆတ်ခနဲရောက်လာသည်။

'ငွေခရု'

'ရှင်'

'စောစောကလူက မင်းနဲ့ ဘယ်လိုပတ်သက်နေလဲ'

'မိတ်ဆွေပါ၊ ဒေါက်တာသြရသလေ'

'ဒေါက်တာ'

'ဟုတ်ကဲ့'

'မင်းနဲ့ ချစ်သူတွေလား'

'မဟုတ်ပါဘူး ဦးသွန်းစစ်ဦး၊ သူငယ်ချင်းမိတ်ဆွေတွေ ပါ၊ သူက ဆရာဝန်ပညာကို ဒီကျောင်းမှာ သင်ခဲ့လို့ လာပြီး ကူညီမှာပါ'

'ဟုတ်လား'

သွန်းစစ်ဦး စိတ်ထဲမှာတော့ ငွေခရုနှင့် ဒေါက်တာ သြရသကို ခင်မင်ရင်းနှီးနေတာ မနှစ်သက်ပါ။ ဒေါသဖြစ်မိသလို ပင်။ သူနဲ့ ဘာဆိုင်လို့လဲ။ ငွေခရုက သားအတွက်ပဲ ရောက်လာ တာပါ။ မာမီကိုယ်တိုင်ရော သူနှင့် ရုကို ရင်းနှီးစေချင်သည်။





'မင်းကရော ကိုယ့်ကို ဘာဖြစ်လို့ အကူအညီမတောင်း တာလဲ'

'ဟို… အားနာလို့ပါ ဦးသွန်းစစ်ဦး'

'သြော်…'

မင်း ဒေါက်တာသြရသနဲ့ ပတ်သက်ဖို့ မလိုအပ်ဘူးဟု ပြောချင်သည်။ သူနှင့် ဘာဆိုင်လို့လဲ။ သွန်းစစ်စိတ်ခါတ်တွေ ကြည့်လင် ဒေါသတွေပဲ ဖြစ်တည်နေ၏။

သူ မှားနေတာလား။

ရုရဲ့ အထင်သေးတဲ့ မျက်ဝန်းအကြည့်တွေကိုလည်း သူ သိနေသည်။

မလိုလားပေ။

သူ့အပြုအမူတွေကို ပြင်ဆင်ရမည်။

'ပြန်ကြစို့လေ ဦးသွန်းစစ်၊ ကျွန်မကိစ္စတွေ ပြီးပါပြီ'

'သြော်… ဟုတ်သားပဲ'

သူ ကားစက်နှိုးဖို့ သတိရသွားပြီး စက်နှိုးလိုက်သည်။ ... မင်း ဘာတွေဖြစ်နေတာလဲ။ ငွေခရုကို မင်း စိတ်ဝင် ... တာလား။

မဖြစ်နိုင်တာပဲ။ ရုနှင့် ဒေါက်တာသြရသ ပတ်သက်မှု ... သူ့စိတ်အား အနှောင့်အယှက်ဖြစ်စေသည်။ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သားက ရှဆီပြေးဖက်လိုက်၏။ သူကတော့ တိုက်ကြီး[illegible]
ဝင်လာသည်။

'သား… ရှလေး ကျောင်းကိစ္စတွေ အဆင်ပြေရဲ့[illegible]
သားကိုယ်တိုင် ကူညီလိုက်လားကွယ်'

'ဟုတ်ကဲ့'

ဒေါက်တာသြရသအကြောင်း သွန်းစစ် မပြောလို[illegible]
မိန်းမတစ်ယောက်အကြောင်း မာမီနှင့် မပြောလိုခဲ့။ မာမီ သ[illegible]
တူတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်မိ၍ သူ့ဘဝ[illegible]
တစ်ခုလုံး ဓောက်ထိုးမိုးမျှော်ဖြစ်သွားရသည်။

'သား'

'ဗျာ… မာမီ'

'မင်း အရက်တွေ သိပ်ပြီးမသောက်ပါနဲ့တော့လား၊ [illegible]
သစ်ကို ပြန်စစေချင်တယ်'

မာမီကို သူ ဘာမှတုံ့ပြန်ပြောမနေတော့ဘဲ အပေါ်[illegible]
တက်လာခဲ့သည်။ ရှကလည်း ကလေးကိုချီပြီး တိုက်ထဲဝင်[illegible]
၏။

မေမေက ရှကို အလုပ်ကိစ္စတွေ အဆင်ပြေလား[illegible]
မေးနေသည်။

'ရှလေး အဆင်ပြေရဲ့လားကွယ်'



'ပြေပါတယ် မာမီဝေ'

'သားကရော အစစအရာရာ အကူအညီရဲ့လား'

'ဟုတ်ကဲ့'

စောစောက ဦးသွန်းစစ်ဦးက ဘာမှပြောသွားပုံမပေါ်
[illegible]။

ရှကိုလည်း သူ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ဘယ်လို
[illegible]စာကြီးလဲ မသိပါဘူး။ သားလေးကို ဥပေက္ခာပြုထားတာပင်
[illegible] သဘောမကျဘဲ ဒေါသတွေထွက်နေသည်။

'ရှ ရောက်လာလို့ မြေးလေးလည်း လိမ္မာလာပြီကွယ်
[illegible]'

'မမကို ချစ်တယ်၊ မေမေလို့ခေါ်ချင်တယ် ဘွားဘွား'

'အို…'

ကောင်းစစ်လေးက အသံကျယ်ကျယ်နှင့် ပြောနေ၍
[illegible]ခေါ်ထပ်ကများ ကြားသွားမလားလို့ ရှ အထိတ်တလန့်ဖြစ်
[illegible]ရသည်။

'သားက မေမေလို့ပဲ ခေါ်ချင်တယ်၊ သားအနားမှာ
[illegible] ရှိစေချင်တယ်'

'ကောင်း အဲဒီလို မပူဆာရဘူးလေ၊ မမပဲခေါ်နော်၊ သား
[illegible]မေက ရှိမှမရှိတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ့ကြောင့် အဝေးကြီးကို ရောက်သွားတာလား ဟင်'

ကောင်းစစ်လေးအား ဘယ်လိုရှင်းပြရမှန်းပင် မသိတော့ မာမီဝေက ပွေ့ချီပြီး အပေါ်ထပ်ကိုခေါ်သွားမှ ရ အသက်ရှူရဲတော့သည်။

❧ ❧ ❧



(၁၄)

ဒေါက်တာသြရသဆီက ဖုန်းလာတော့ သူမ အထိတ်တလန့်ဖြစ်ရသည်။ သူမ အိပ်ခန်းထဲမှာဆိုပေမယ့် မာမီဝေက အချိန်မရွေး ရောက်လာနိုင်၏။ မာမီဝေက ရကို မျက်ခြည်ပြတ်တာ မဟုတ်။ သူမ ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်သည်။

'ရ'

'ဒေါက်တာ'

'ကိုယ့်ကို ရင်းရင်းနှီးနှီး နာမည်ပဲခေါ်စမ်းပါ ရရယ်'

'ဟုတ်ကဲ့ ကိုသြရသ'

'ရ'

'ရှင်...'

'ကိုယ့်မေမေကလေ ရကိုတွေ့ချင်တယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဘာဖြစ်လို့လဲဟင်၊ ရှကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ'

'စေ့စပ်ဖို့လေ'

'ဘာ…'

'ရှုနဲ့ ကိုယ် စေ့စပ်ကြမယ်၊ ပြီးတော့ လက်ထပ်ကြမယ်'

'ကိုသြရသ'

'ရှုကို ကိုယ်ချစ်တယ်၊ လက်ထပ်ပါရစေ၊ ကိုယ်စဉ်းစားမိတိုင်း ရှုကို စိတ်မချဘူး၊ ဒေါ်ဝေဝေခင်ရဲ့ သဘောထားဘာလဲ၊ ဘာလို့ ရှုရဲ့ လွတ်လပ်ခွင့်တွေကို ပိတ်ပင်နေတာလဲ'

ရှု ဘယ်လိုပြန်ပြောရမှန်းပင် မသိတော့ပေ။ ရှုဆန္ဒလည်း ကိုသြရသအပေါ် သံယောဇဉ်တွယ်နေသည်။ ရှု ဘာဆက်လုပ်ရမလဲ။ မေမေက မာမီ့လက်ထဲ အပ်ထားခဲ့၏။ ရှု ဘယ်လိုနည်းနှင့်မှ ရုန်းထွက်မရနိုင်။ သားလေးကောင်းစစ်အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

'ရှု'

'ဟင်…'

'ဘယ်လိုလဲ၊ ကိုယ်ပြောတာ လက်ခံပါ၊ ရှုအတွက်





…ယ် အရမ်းစိတ်ပူနေတယ်၊ ရှုဘဝ မလုံခြုံမှာလည်း စိုးရိမ်တယ်'

'ရှုအတွက် မစိုးရိမ်ပါနဲ့ ကိုသြရသ၊ ဒီမှာလည်း ရှုဘဝ …ခြုံပါတယ်၊ လောလောဆယ်တော့ ရှု ရုန်းထွက်သွားလို့ မဖြစ်…ဘူး'

'ဘာပဲဖြစ်ဖြစ် ကိုယ့်မေမေကိုတော့ ရှု လာတွေ့ဖြစ်အောင် လာတွေ့ပါ၊ ကိုယ်ချစ်တဲ့ မိန်းကလေးကို မာမီ အရမ်းတွေ့ချင်နေတယ်'

'ဟို… ဟိုလေ… ရှု ဘာမှမဆုံးဖြတ်ရသေးလို့ တောင်း…ပါတယ် ကိုသြရသ၊ လူကြီးတွေနဲ့ မတွေ့ချင်သေးပါဘူး'

'ကိုယ် ရှုနဲ့တွေ့ချင်တယ်၊ အန်တီခင်ခင်ဝေနဲ့ ဦးသွန်းစစ်…တို့ပုံစံက တစ်မျိုးပဲ၊ ကိုယ့်ကို မလိုလားတဲ့သဘောပဲ ရှု'

'ရှု တောင်းပန်ပါတယ်နော်၊ အခြေအနေမပေးသေးလို့…'

'မနက်ဖြန် ရှု ထွက်ခဲ့ပါ၊ ကိုယ်တို့နှစ်ယောက်တည်း…တွေ့ချင်တယ်၊ ကိုယ် နေလို့မရအောင် ရှုအတွက် စိတ်ပူနေတာ…'

'ရှု ထွက်လာခဲ့ပါ့မယ်၊ ဖုန်းထပ်မဆက်ပါနဲ့တော့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှ ဘာကိုကြောက်နေတာလဲ'

'ကိုသြရသ... ရှ တောင်းပန်ပါတယ်၊ လောလော ဘယ်လိုမှ မာမီဝေမကြိုက်တဲ့ အပြုအမူတွေကို မလုပ်နိုင် ပါ'

'ကိုယ်နဲ့ပတ်သက်တာ ဘာဖြစ်လို့ မလိုလားရတာ ကိုယ်က လူကြီးလူကောင်း ပညာတတ်တစ်ယောက်ပါ ရှ'

'မာမီဝေမှာ စိတ်သောကဝေဒနာတွေနဲ့ပါ၊ အဆင်မ မှုတွေ များပါတယ်၊ ရှမေမေရဲ့ကိုယ်စား ရှ စောင့်ရှောက်ပေး ပါတယ်'

'ရှရာ'

သြရသ ဘယ်လိုမှ ရှအား စိတ်မချနိုင်တော့။ ဒေါ်ခင် ဝေက ဘယ်လိုသဘောလဲ။

သရသစိတ်တွေ ပူလောင်ပြီး ရှကို သူ့ရင်ခွင်ထဲ ထွေးပွေ့ထားချင်သည်။

'သား'

'မေမေ'





'မင်းချစ်တဲ့ကောင်မလေးက မေမေနဲ့တွေ့ဖို့ ငြင်းဆန်နေတာလား'

'မဟုတ်ပါဘူး မေမေ၊ ရှက ရှက်နေတာပါ'

'ဒီခေတ်မိန်းကလေးတွေက သတ္တိရှိပါတယ် သားရဲ့'

ဒေါ်သော်တာချစ်ကတော့ သားအတွက် ချွေးမအကောင်းစားကိုပဲ ရွေးချယ်စေချင်သည်။ ဒါပေမဲ့ မိမိက မရွေးချယ်ပေးချင်ပါဘူး။ သားဘဝတစ်လျှောက်လုံး လက်တွဲရမယ့်မိန်းကလေးဖြစ်နေ၍ သား ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်စေချင်မိသည်။

'မေမေက သားအတွက်ပါ၊ ချွေးမကို တွေ့ချင်တယ်၊ ရင်းနှီးချင်တယ်၊ ဘာရက်စရာရှိလို့လဲကွယ်'

'သားနဲ့ ရှက ချစ်သူတွေ အတိအလင်းမဖြစ်ကြသေးပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ ရှိနေကြတာပါ၊ ဖြည်းဖြည်းတော့ မေမေနဲ့ တွေ့ပေးပါ့မယ်'

သားကောင်မလေး ငွေခရက ဆေးကျောင်းတက်မှာဆိုတော့ သားရွေးချယ်တာ မမှားပါဘူးဟု ထင်သည်။ မိမိ လက်ခံနိုင်တဲ့ မိန်းကလေးပါပဲ။

ဘာပဲဖြစ်ဖြစ် သားက ချစ်မြတ်နိုးတဲ့ မိန်းကလေးပါလို့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟပြောလာတော့လည်း ဒေါ်သော်တာချစ် ပဏာမအဖြစ် လက်ခံလိုက်ရသည်။

'မိဘတွေကရော'

'မိဘနှစ်ပါးလုံး ဆုံးသွားကြပါပြီ မေမေ'

'ဘယ်သူနဲ့နေလဲ'

'အဒေါ်နဲ့ပါ'

'ဟုတ်လား'

ချွေးမလောင်းရဲ့ အခြေအနေကိုတော့ ဒေါ်သော်တာချစ် လေ့လာရဦးမည်ဖြစ်သည်။

သားအိမ်ထောင်ရေးအတွက် လွတ်လပ်ခွင့်တွေ အပြည့်အဝပေးထားပေမယ့် မိခင်တစ်ယောက်ရဲ့ တာဝန်အရ စုံစမ်းတာတော့ လုပ်ရမည်။

'သားရွေးချယ်မှု မမှားဘူးလို့ မေမေ ထင်ထားပါတယ်လေ'

'ရုကို သား အရမ်းချစ်မြတ်နိုးတယ် မေမေ၊ ပိုင်ဆိုင်ချင်တယ်၊ ရင်ထဲမှာ ရှုးသွပ်မတတ်ပဲ'

'မင်း အဲဒီလိုဖြစ်နေရင် မင်းကောင်မလေးက တန်ဖိုးတွေ အရမ်းမြင့်တင်လိုက်မယ် သား'





'ရုက အရမ်းဖြူစင်ရိုးသားတယ်၊ အဲဒီလိုမိန်းကလေးမျိုး ဟုတ်ပါဘူး မေမေရယ်'

'မင်း အထင်ကြီးလွန်းနေပြီထင်တယ် သား၊ အင်းလေ… မေမေ အကဲခတ်ကြည့်ပါ့မယ်၊ သားဘက်ကသာ အမေ့ဆီ ခေါ်လာပေးပါကွယ်'

'စိတ်ချပါ မေမေ၊ သားတွေ့ပေးမှာပါ'

'သား… အိပ်တော့နော်၊ မင်း တစ်ကြိမ်တစ်ခါမှ မိန်းကလေးတစ်ယောက်အတွက် အဲဒီလိုမဖြစ်ဖူးပါဘူးကွယ်'

ဒေါ်သော်တာချစ်ကတော့ သားဆန္ဒပဲလို့ ပြောထားခဲ့ပေမယ့် ငွေခရုရဲ့ မိသားစုအကျင့်စရိုက်တွေကို အဓိကလေ့လာချင်မိသည်။ မျိုးရိုးအရေးကြီးတယ်။ သားက မာနအရမ်းကြီးတယ်။ ဘော်ရုံတန်ရုံမိန်းကလေးတွေဆို ပတ်သက်ဆက်ဆံတာမျိုးပင် မလုပ်။ မိမိ ယုံကြည်ထား၏။ သားရွေးချယ်တတ်မှာပါ။ ကြည့်ပေါ့။ သားရွေးတဲ့ ငွေခရုက ဆေးကျောင်းသူ။ ပညာအရည်အချင်းကိုတော့ နှစ်သက်သည်။

'ငွေခရုကိုတော့ မာမီ တွေ့ချင်တယ်'

'ငွေခရုကို မာမီ တွေ့သွားရင် အရမ်းချစ်မှာပါ၊ အရမ်းသနားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မေမေ ထင်ထားပါတယ်၊ သားက အကောင်းဆုံးတွေ ပဲ ရွေးချယ်မယ်ဆိုတာ'

သားရော သမီးကိုရော မိမိက အကောင်းဆုံးတွေပဲ ကြိုက်နှစ်သက်တတ်စေရန် လေ့ကျင့်ပေးထားသည်။ ဘယ်လောက်ပဲ လွတ်လပ်ခွင့်ပေးပါစေ မိမိဆန္ဒနှင့်တော့ ကိုက်ညီရမည်ဖြစ်သည်။

'ကောင်မလေးက မာနရှိပုံပဲ သားရယ်၊ မေမေ သဘောကျပါတယ်၊ မိန်းကလေးဆိုတာ ကိုယ့်တန်ဖိုးကိုတော့ မြှင့်ထားရတယ်လေ'

သမီးကိုလည်း ဒေါ်သော်တာချစ် တန်ဖိုးရှိအောင် မာနတွေနှင့် နေထိုင်တတ်ဖို့ လေ့ကျင့်ပေးထားသည်။ သမီး တိမ်ဆွေချစ်က မာနလည်းကြီး၏။ အကောင်းဆုံးတွေပဲ ကြိုက်နှစ်သက်သူပင်။

စိတ်ချရတယ်။ သားပဲ။ ဒေါ်သော်တာချစ်က သားအတွက်ပဲ စိတ်ပူသည်။

'မေမေ'

'ဟင်... သမီး'

'ကိုကို့မှာ ရည်းစားရှိနေပြီဆို'





'အင်းလေ'

'မေမေနော်... ဘယ်လောက်အိမ်ထောင်ရေးမှာ လွတ်လပ်ခွင့်ပေးပါစေ ကိုကိုနဲ့ လက်ထပ်မယ့်မိန်းကလေးက ကလေးချေတော့ အဖြစ်မခံနိုင်ဘူး'

'သမီးရယ်... ကိုကို ဒီလောက်အထိ ညံ့ဖျင်းပါ့မလား၊ အခုကြည့်လေ၊ ကိုကို့ချစ်သူက ဆေးကျောင်းသူပါ'

'မဟုတ်ဘူးထင်တယ်နော်၊ သမီး အခုပဲကြားလာတာက ကိုကိုတွဲနေတာက ရုပ်ရှင်ရုံမှာ လက်မှတ်မှောင်ခိုရောင်းတဲ့ မိန်းကလေးတဲ့၊ အဲဒီရပ်ကွက်ထဲကိုလည်း ကိုကို သွားတယ်တဲ့'

'ဘာ... ဘာပြောတယ် သမီးချစ်၊ ရုပ်ရှင်ရုံမှာ လက်မှတ်မှောင်ခိုရောင်းတာ၊ ဟုတ်လား'

'ချစ်သူငယ်ချင်း ရွှေစင် တွေ့တာ၊ သူတို့ကတောင် ကိုကို ဟုတ်မဟုတ် အချင်းချင်းငြင်းခုံပြီး သေသေချာချာလိုက်ကြည့်တော့ ကိုကိုတဲ့'

'အမလေး... ဘုရားရေ၊ ဟုတ်ရဲ့လား သမီးချစ်ရယ်၊ မေမေ ရင်တုန်လိုက်တာကွယ်၊ ဘယ်လောက်ပဲ လွတ်လပ်ခွင့်ပေးပါစေ ဒီလိုအဆင့်အတန်းမျိုးကိုတော့ မေမေ လုံးဝသဘောတူဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သော်တာချစ်ရင်ကို ဖိထားရသည်။ သမီးချစ်က အခုပဲ ကိုကိုသတင်းကြားလို့ အမြန်ဆုံးလာပြောတာတဲ့။ တစ်ခုခုတော့ လွဲနေပြီဟုထင်သည်။

'သားကောင်မလေးနေတဲ့ ရပ်ကွက်ကို ဘယ်သူသိလဲ သမီးသူငယ်ချင်း ရွှေစင် သိလား'

'သိတယ်'

'မနက်ဖြန်ညကျရင် မေမေတို့ လိုက်သွားမယ်၊ ဘာပဲဖြစ်ဖြစ် အခြေအနေကိုတော့ လေ့လာစုံစမ်းသင့်တယ်လေ'

'မေမေ အရှမ်းသဘောတူလက်ခံလိုက်မှာစိုးလို့ ချစ်လာပြောတာ၊ ကိုကို ဘယ်လောက်ပဲချစ်ချစ် လက်မခံနိုင်ဘူးနော်'

'အေးပါကွယ်'

သားကပြောတော့ အရှမ်းချောမောလှပတဲ့ မိန်းကလေးတဲ့။ ဆေးကျောင်းတက်မှာတဲ့။ သမီးကပြောတော့ ရုပ်ရှင်လက်မှတ်မှောင်ခိုရောင်းတာတဲ့။ ဘုရားရေ… ဘာတွေဖြစ်ကုန်ပြီလဲ။ သားဘဝလက်တွဲဖော်က သားချစ်မြတ်နိုးတဲ့ မိန်းကလေး ဖြစ်စေချင်ပေမယ့် နိမ့်ကျလွန်းတာတော့ လက်မခံနိုင်ပါဘူး။ ဒေါ်သော်တာချစ် အိပ်လို့ပင်မရ။ ရင်တွေပူနေသည်။ မနက်မိုးလင်းသည်





နှင့် သမီးချစ်ကိုခေါ်ကာ ရွှေစင်လိုက်ပြတဲ့ ရပ်ကွက်အိမ်လေးဆီ သွားကြ၏။ ဒေါ်သော်တာချစ် ရင်ကျိုးမတတ်ပင်။ အိမ်လေးထဲရောက်တော့ မိန်းကလေးတစ်ယောက် ထွက်လာသည်။

'မင်းက ငွေခရလားကွယ်'

'မဟုတ်ပါဘူးရှင်၊ သမီးက ဖြူစင်ပါ၊ ငွေခရကတော့ သူ့အမေ ဆုံးသွားပြီ၊ အသိတစ်ယောက်အိမ်မှာ သွားနေပါတယ်၊ ညာဆက်သင်ပေးဖို့နဲ့ ကလေးတစ်ယောက်ကို စာသင်ပေးဖို့လေ'

ဖြူစင်တဲ့။ သားချစ်တဲ့ ငွေခရကလည်း ဖြူစင့်လို အဆင့်အတန်းမျိုးထဲကပါပဲလား။ အမေက အဆုတ်ရောဂါနဲ့ ဆုံးတာတဲ့။ ငွေခရကတော့ ဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့အောင်လို့ ဆေးကျောင်းတက်မှာတဲ့။ ငွေခရသတင်းကို ရပ်ကွက်ထဲမှာ မေးမြန်းစုံစမ်းရတာ။ သားက ဖြူစင်ဆီ မကြာခဏရောက်လာတတ်ပြီး ငွေကြေးအကူအညီတွေ ပေးနေတာတဲ့။ ဒေါ်သော်တာချစ် ဘယ်လောက်ပဲ အဆင့်အတန်းခွဲခြားမှုမရှိဘူး ပြောပါစေ။ မိမိချွေးမလောင်းကိုတော့ ဒီလိုအခြေအနေမျိုး မတွေ့စေလိုပေ။ လက်ခံသဘောတူဖို့ ခက်သွားသည်။

'မေမေနော်… အဆင့်အတန်း မခွဲခြားဘူးပြောပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကိုကို့အနာဂတ်က မလှနိုင်တော့ဘူး၊ စိတ်ပျက်လိုက်တာ ဘာတွေလဲ ချစ်တော့ လက်မခံဘူး၊ ကိုကို့ကို အပြတ်ကန့်ကွက်မယ်'

'နေပါဦး… သမီးချစ်ရယ်၊ သားက အရမ်းချစ်နေတယ် မေမေ လက်ခံမယ်လို့ ပြောထားတယ်၊ လူချင်းတွေ့ရဦးမယ်လေ ကောင်မလေးဘက်က သားကို လက်မခံသေးပါဘူး'

'ဘာပြောတယ် မေမေ၊ သူက ငြင်းနေတယ်၊ ဟုတ်လား'

'မေမေနဲ့တွေ့ဖို့တောင် လက်မခံသေးဘူး၊ အခြေအနေကို စောင့်ကြည့်ပါဦးကွယ်၊ အချိန်သတ်ပြီး နောက်မှ တဖြည်းဖြည်း ဖြတ်ရမယ်၊ သမီးချစ် စိတ်ကိုထိန်းစမ်းပါကွယ်'

'ချစ်တော့ သဘောမတူဘူးနော်၊ မေမေက ချစ်တို့ကို အကောင်းဆုံးရွေးချယ်တတ်အောင် လေ့ကျင့်ထားခဲ့တာပါ၊ ကိုကို့ အရှုံးပဲ၊ လုံးဝပဲနော်'

သားက တစ်ကြိမ်တစ်ခါမှ မိန်းကလေးကိစ္စ သဲသဲလှုပ်မျှပင် မကြားရ။ စိတ်ဝင်စားဟန်လည်း မပြခဲ့။ ဘာတွေဖြစ်ရတာလဲ။ သားတောက်ပံ့နေတဲ့ ဖြူစင်ဆိုတဲ့မိန်းကလေးကလည်း နိမ့်ကျလိုက်တာ။ မောင်နှမတွေ အများကြီးပဲ။ ရှုညံ့ပွက်လောနေတဲ့ စရိုက်တွေ၊ ဒေါ်သော်တာချစ် ရင်တွေပန်းတွေပင် တုန်ရသည်။

သားကိုတော့ အချိန်သတ်ပြီး ငွေခရကို ဖြည်းဖြည်းချင်း သနားရှာပစ်ဖို့ပဲ ဆုံးဖြတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ရှအလုပ်ချင်ဆုံးအလုပ်က ဦးသွန်းစစ်ဦးနှင့် ကောင်း… လေးအား သွေးသားအရင်း ဟုတ်မဟုတ် DNA စစ်ဆေးခြင်း… ဖြစ်သည်။ ကောင်းစစ်လေးအား သနားမိနေ၏။ ဦးသွန်းစစ်ဦး… စိတ်သောကတွေကိုလည်း ဖယ်ရှားပေးလိုသည်။ ရှ အပေါ်ထ… ကိုတက်သွားတော့ လသာဆောင်မှာ ဦးသွန်းစစ်ဦးက အရ… သောက်နေ၏။ မဖြစ်သင့်ဟု ရှ ထင်သည်။ နေပါစေ။ လူကြ… လူကောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်ပြီး ကိုယ့်… စိတ်ကို လွှတ်မပေးသင့်ပေ။ ထိန်းချုပ်သင့်၏။ ရှနဲ့ ဘာဆိုင်… လဲ။ ရှ ဥပေက္ခာပြုပြီး ဆက်သွားမည်ပြင်တော့ ဦးသွန်းစစ်ဦး… လဲပြိုကျသွားသည်။

'အား…'

'ဝုန်း…'





သူမ ဥပေက္ခာပြုမနေနိုင်တော့။ ဦးသွန်းစစ်ဦးထံ ပြေး…သွားမိသည်။

'ဘယ်သူလဲ၊ မင်း… မင်း ငါ့ကို ဘာဖြစ်လို့ လာပြီး …တ်နေရတာလဲ'

'ရှပါ၊ ဦးသွန်းစစ်ဦး စိတ်ကိုထိန်းချုပ်ပါဦး၊ အဲဒီ …သောက်ထိ စိတ်လွှတ်ကိုယ်လွှတ်မနေပါနဲ့'

'ရှလား'

'ဟုတ်ပါတယ်'

'မင်းက ဘာဖြစ်လို့ ငါ့ကို ဦးသွန်းစစ်ဦးလို့ ခေါ်ရတာ…လဲ'

'ရှင်…'

'ငါက ဦးလေးအရွယ်လားကွ'

'ရှက ရိုသေမှုနဲ့ ခေါ်တာပါ၊ အခန်းထဲကို ပြန်ဝင်ပါ…တော့'

ခေါင်းမထူနိုင်အောင် ဇက်ကျိုးကျတဲ့အထိ သောက်ထား…သော ဦးသွန်းစစ်ဦးအား ရှ တွဲထူမပေးသည်။

'ရှတယ်၊ ငါထနိုင်တယ်၊ မင်းသွားစရာရှိတာသွားပါ…ခရု'



www.burmeseclassic.com

www.burmeseclassic.com

'ဦးသွန်းစစ်ဦး အဲဒီလောက်အထိ စိတ်ကိုမလွှတ်ထား သင့်ပါဘူး၊ မာစီဝှေကိုလည်း ငဲ့ညှာထောက်ထားပါဦး၊ အသက် ကြီးပြီလေ'

'ဟား… ဟား… ဟား… မင်းက လူကြီးစကားတွေ တောင် ပြောနေတာလား ရှ၊ မင်း ဘယ်အရွယ်ရှိသေးလို့လဲကွ'

သူ့ခန္ဓာကိုယ်အား မတ်လိုက်သည်။ ငွေခရက အရှင် ဖြူစင်တဲ့ ကောင်မလေးပဲ။ မေဘယ်နဲ့လည်း တခြားစီပဲ။ မင်းမှာ ငွေကြေးအခက်အခဲတွေ ဖြစ်နေပေမယ့် မင်း ဘဝနဲ့မရင်းဘူး သန့်ရှင်းတဲ့ ငွေခရ။ မင်းကိုတော့ ဒီတစ်ချက် အထင်ကြီးတယ် ကွာ။ သူ့ကို ဦးလို့ခေါ်တာတော့ မကျေနပ်ဘိ။ တကယ်ဆို အစ်ကို အရွယ်ပါကွာ။ ငါက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပျက်သွား ရတာပါကွ။

'ဝုန်း…'

'အမလေး…'

'ရတယ်… ရတယ်၊ ဒါကို လူတွေက သနားတာတွေ ဖေးမကူညီအားပေးတာမျိုးတွေ ငါ လုံးဝမကြိုက်ဘူး'

ဦးသွန်းစစ်ဦးက ခန္ဓာကိုယ်အား အနိုင်နိုင်ထိန်းပြီး ထဖို့ ကြိုးစားနေသည် မရပေ။





ဝုန်းခနဲ လဲပြိုကျသွား၏။ ရှ ရုတ်တရက် စိတ်ပူပြီး သူ့အနားပြေးကပ်လာမိသည်။

'ရတယ်၊ ရပါတယ်'

'ဝုန်း…'

'ဦးသွန်းစစ်ဦးအနေနဲ့ ဒီလောက်အထိ သရုပ်ပျက်တဲ့ အထိ ပြုမူနေထိုင်တာမျိုးတွေ မလုပ်သင့်ပါဘူး'

'ငါ အရှမ်းစိတ်ညစ်လို့ပါ၊ လောကကြီးကို ငါ မေ့ပစ် ချင်တယ်၊ ငါ့ရင်ထဲမှာ ဘယ်လောက်အထိခံစားနေရလဲ မင်းသိလို့ လား'

သူ စကားတွေကို လေးလေးကြီးပြောရင်း ထလိုက်စဉ် လဲပြိုကျသွားပြန်၍ ရှ တွဲမလိုက်စဉ် နှစ်ယောက်လုံး ရစ်ပတ် ပြီးတွေး ပြုတ်ကျသွားသည်။

'ဟင်…'

'အို…'

'ဟာ…'

'ဝုန်း…'

ငွေခရခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ လဲပြိုကျလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့လက်တွေကလည်း ငွေခရေ ခန္ဓာကိုယ်လေးအား ပွေ့ ထားပြီးသား ဖြစ်သွားသည်။

'အား… ငွေခရေ၊ မင်း… မင်း…'

'ဟို… ဒုက္ခပါပဲ၊ ရှ ဦးသွန်းစစ်ဦးကို စိတ်ဆိုးလာ နော်'

သူမ ပြောပြောဆိုဆို ထိတ်ထိတ်လန့်လန့်ဖြင့် ဦးသွန်း ဦးရဲ့လက်တွေထဲမှ ရုန်းဖယ်ပစ်လိုက်သည်။ သူ့လက်တွေ မလွှတ်တော့။ ရှ ကြောက်လန့်တကြားနှင့် ရုန်းဖယ်ပစ်လိုက် လသာဆောင်မှာ ရှနဲ့ နှစ်ယောက်တည်းဖြစ်နေသည်။

'ငွေခရေ… ကိုယ့်ရင်ခွင်ထဲကနေ ထွက်မသွားပါ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် အရမ်းအထီးကျန်နေလို့ပါ

'အို… ဦးသွန်းစစ် စိတ်ကိုထိန်းပါဦး၊ ရှ အရမ်း ဆိုးလာပြီနော်'

'စိတ်မဆိုးပါနဲ့ ရှရယ်၊ ကိုယ် မင်းကို ချစ်နေပြီ၊ အ ချစ်တယ်၊ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ဘယ်မိန်းကလေး မချစ်ဖူးတဲ့အချစ်တွေနဲ့ ချစ်တာပါ'

'ဖယ်ပါ၊ ရှမှာ ချစ်သူရှိတယ်၊ ရှ ရှင့်ကို လုံးဝ နိုင်ဘူး၊ ကျွန်မက ရှင်ထင်သလိုဘူးနော် ဦးသွန်းစစ်ဦး'





သူ့လက်ထဲမှာ သူမ အတင်းအကျပ် ရုန်းပစ်လိုက်သည်။ သူ့ကို လူကြီးလူကောင်းလို့ ထင်မိတာ။ ရှ အမှားပါပဲ။ ကြည့် အိုး… သက်သက်မှူးချင်ယောင်ဆောင်ပြီး ရှကို အခွင့်အရေး ယူတာပါ။ ရှ ရုန်းပစ်သည်။ သူက မလွှတ်ပေ။ ရှကို ချစ်တယ် ဟုပြောပြီး ရှမျက်နှာလေးအား နမ်းရှိုက်ဖို့ စတင်ကြိုးစားသည်။

'ရှကို အရမ်းချစ်တယ်၊ ကိုယ့်အနားမှာ ရှ နေပေးပါ၊ ကိုယ် အရမ်းပဲအထီးကျန်နေလို့ပါ ရှရယ်'

'လွှတ်ပါ၊ ရှင် မယုတ်မာနဲ့နော်၊ ရှင် မမူးဘဲနဲ့ ရှကို အခွင့်အရေးယူ စော်ကားတာပဲ'

ရှ ဒေါသဖြစ်ဖြစ်နှင့် သူ့မျက်နှာအား ကုတ်ခြစ်ရုန်းဖယ် ပြီး သူ့လက်တွေထဲမှလွှတ်မြောက်အောင် ရုန်းထွက်ပစ်လိုက် သည်။

'ရှ ကိုယ့်ကို မထားခဲ့ပါနဲ့ ရှရယ်၊ ရှ'

သူမ ထွက်လာခဲ့သည်။ ရှင့်ဟာရှင် ဖြစ်ချင်တာသာ ဖြစ်တော့။ ရှကို အထင်မသေးပါနဲ့။ မိန်းမတွေကို မုန်းနေတဲ့ သူက ရှကို ချစ်တယ်တဲ့လား။ မဖြစ်နိုင်တာပဲ။ ရှင်ယုတ်မာတာ။ အခွင့်အရေးယူတာ။ ကျွန်မဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာ။ သူမ ဒေါသတကြီးနှင့် သူမ အခန်းထဲ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှာရပ်ပြီး ဖရိုဖရဲဖြစ်နေတဲ့ သူမမျက်နှာအား ကြည့်ရင်း ရှ ငိုပစ်မိ၏။ ရှင် လူကြီးလူကောင်းမဆန်ဘူး။ ရှ နောင်တ ရနေမိသည်။

'ရှကို ချစ်တယ်၊ အရမ်းချစ်တယ်၊ ကိုယ့်အနားက ထွက်မသွားပါနဲ့၊ ကိုယ် ခံစားရလို့ပါ'

ဦးသွန်းစစ်ဦးရဲ့စကားတွေကို ကြားယောင်လာပြီး ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားနေပြီး ရှက်လည်း ရှက်မိသည်။ ရှ ရွေးချယ်သင့်တာက ဒေါက်တာသြရသပဲ။ ဟုတ် တယ်။ ဦးသွန်းစစ်ဦးကိုတော့ မရွေးချယ်ဘူး။ ချမ်းသာကြွယ် တဲ့ ဦးသွန်းစစ်ဦးနှင့် သူမ ဘယ်လိုမှ ချစ်သူအဖြစ်လက်တွဲ ဖြစ်မှမဖြစ်နိုင်တာပဲ။ ရှ ထွက်သွားချင်သည်။ တစ်ညလုံး အိပ်မပျော်။ ဦးသွန်းစစ်ဦးက လသာဆောင်မှာပဲလား။ သွား မကြည့်ပါဘူး။ ရှင့်ဟာရှင် ဖြစ်ချင်ရာဖြစ်။ ရှက သနားနေ ထင်လို့လား။ ကိုယ့်သွေးသားအပေါ်မှာတောင် ရက်စက်နိုင် လူ။ သူမ စိတ်ကို ထိန်းချုပ်ထားလိုက်သည်။ ရှ မိုးလင်းကာ မှ အိပ်ပျော်သွား၏။ ဒေါက်တာသြကရသဆီက ဖုန်းလာမှ လန့်နိုးသွားသည်။

'ရှ'





'ဟင်…'

'အိပ်နေတုန်းပဲလား၊ ကိုယ် ညက တစ်ညလုံး အိပ်မပျော် လို့ ကိုယ့်စိတ်တွေ အရမ်းပူလောင်နေတယ်'

'ရှ ကျောင်းကို လာခဲ့မယ်၊ အဲဒီမှာပဲစောင့်နေပါ၊ ရှ လာခဲ့မယ်'

'တစ်ယောက်တည်းပဲ လာခဲ့ပါ ရှ၊ ကိုယ်စောင့်နေမယ်'

'ဟုတ်ကဲ့'

သူမ စိတ်တွေ တုန်လှုပ်ချောက်ချားနေဆဲပင်။ သူမ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

သူရော။ ဦးသွန်းစစ်ဦးရော လသာဆောင်မှာပဲလား တွေးပြီး စိတ်ပူသွားရ၏။ ရှ ဥပေက္ခာပြုရမယ့် ဦးသွန်းစစ်ဦးနှင့် ကင်းကင်းရှင်းရှင်းနေတာ အကောင်းဆုံးပါပဲ။

ရှ ရေချိုးပြင်ဆင် ပြီး အပြင်ထွက်လာကာ သူမစိတ်တွေ လသာဆောင်ဘက်မသွားမိစေရန် စိတ်ကိုထိန်းပြီး အောက်ထပ် ဆင်းလာခဲ့သည်။

'ရှ ဘယ်သွားမလို့လဲ'

'ကျောင်းပါ မာမီဝေ'

'သားရော… မင်းကိုလိုက်ပို့ဖို့ ပြောထားတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် မာမိဝေ၊ ဦးသွန်းစစ်က အရက်တွေအရမ်းသောက်နေတယ်၊ ရကို လိုက်ပို့နိုင်မှာမဟုတ်ပါဘူး'

'ဟင်…'

'ရက တစ်ယောက်တည်းလည်း သွားနိုင်ပါတယ်၊ ရကားနဲ့မသွားချင်ဘူး မာမိဝေ'

'ရလေး'

'သွားပြီနော်'

ဒေါ်ဝေဝေခင်ကတော့ ရလေးကို သားနှင့်နီးစပ်စေချင်သည်။ သားကို ဒီလိုဘဝမျိုးနဲ့ မနေစေချင်တော့ဘူး။ ရလေးက တစ်ယောက်တည်း ဘာဖြစ်လို့သွားချင်ရတာလဲ။ ဒေါက်တာဩရသနှင့် ချစ်သူတွေဖြစ်သွားပြီလားပဲ။ ဒေါ်ဝေဝေခင် လက်မခံနိုင်ဘူး။ ရလေးက သားအတွက်ပဲ။ မြေးလေးကောင်းစစ်အတွက်မိခင်ပဲ။ ဒေါ်ဝေဝေခင် လသာဆောင်ဆီ ရောက်လာသည်။

'သား ဘယ်လိုဖြစ်ရတာလဲ သားရယ်၊ လသာဆောင်မှာ အိပ်ပျော်နေရတယ်လို့'

သားကို ကြမ်းပြင်မှာ မှောက်လျက်အနေအထားနှင့် အိပ်ပျော်နေတာ တွေ့လိုက်ရ၍ ဒေါ်ဝေဝေခင် အထိတ်တလန့်နှင့် နှိုးလိုက်သည်။





'သား… သားသွန်းစစ်'

'ဟင်…'

'ဘာဖြစ်လို့ ကြမ်းပြင်မှာ အိပ်နေရတာလဲ၊ မင်း… မင်း ညလုံးပေါက် အရက်တွေသောက်နေတာလား'

'မာမီ'

'ထပါဦး သားရယ်'

သူ့ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲနာကျင်နေသည်။ သူ ဘယ်မှာအိပ်နေတာလဲ။ ခေါင်းထဲမှာ နောက်ကျိရီဝေနေသည်။

'သားရယ်'

'ရပါတယ် မာမီ၊ သား လွှတ်လွှတ်လပ်လပ်နေပါရစေ၊ ဥပေက္ခာထားပါ'

'မင်း ဒီလိုကြီးဖြစ်နေတာကို မာမီ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်မှာလဲ'

'သားကို ဂရုမစိုက်ပါနဲ့ မာမီ၊ လွှတ်ထားပေးပါဗျာ၊ သွားပါတော့'

မေဘယ်နှင့် ဓာမီ အတင်းအကျပ် လက်ထပ်ပေးခဲ့သည်။ သူ့ဘဝကြီးတစ်ခုလုံး ပျက်စီးခဲ့ရသည်။

'သားကိုထားခဲ့ပါ မာမီ၊ ထားခဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'သားရယ်… မာမီက ရုလေးနဲ့ သားကို ရင်းနှီးစေချင်တယ်'

'ဗျာ…'

ရုနာမည်ကို ကြားလိုက်ရသဖြင့် သွန်းစစ် တုန်လှုပ်သွားသည်။ သူ့ဆီ ရု ရောက်လာ၏။ သူ ရုကိုဖက်ပြီး နမ်းရှိုက်ခဲ့မိလား။ အိပ်မက်လား။ လသာဆောင်မှာ အိပ်ပျော်သွားတဲ့အခါ သူ အရက်တွေကို အလွန်အကျွံသောက်မိနေသည်။ မာမီပြန်ထွက်သွား၏။ ရုလေးနဲ့ နီးစပ်စေချင်သည်တဲ့။ လာပြန်ပြီလား။ အချစ်ဆိုတာကို သူ လုံးဝမစဉ်းစားချင်တော့ပေ။ သူ ထလိုက်သည်။

'ဂျလောက်'

'ဟင်…'

အရာဝတ္ထုတစ်ခုက သူ့ရင်ခွင်ထဲကနေ ပြုတ်ကျသွားမိသည်။ သူကြည့်လိုက်တော့ ရွှေရောင်ကလစ်လေးတစ်ခု။ ဒါ ရုပစ္စည်းလေးပဲ။ ဒီကလစ်ကလေးက သူ့ရင်ခွင်ထဲ ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ။ ပြီးတော့ သူ့ရင်ဘတ်ကြယ်သီးမှာ ဆံပင်တွေးတွေ။ သူ အထိတ်တလန့်ဖြစ်သွားသည်။

'ရု… ရု… ရောက်လာတာပဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ဘူး'





ရုကို သူ ဘာလုပ်ခဲ့လဲ ပြန်စဉ်းစား၍မရပေ။ ရု သူ့ရင်ခွင်ထဲရောက်လာတာတော့ အမှန်ပင်။ သူ အရက်တွေ သောက်ပြီး လုပ်ချင်တာတွေ လုပ်ခဲ့မိသည်။ အိပ်မက်တွေလား၊ အကယ်လား။ သူ ရုကို ဖက်၍နမ်းမိသည်။

'ရု မင်းက ဘာဖြစ်သွားသေးလဲ၊ မင်းကို ငါ ဘာလုပ်ခဲ့သလဲ'

သူ ဆောက်တည်ရာမရအောင် ချောက်ချားသိမ်ငယ်လာသည်။ ရုဆီက အထင်သေးတဲ့ မျက်ဝန်းအကြည့်တွေ၊ ဒေါသငွေ့အသက်တွေကို သူ အကြောက်ဆုံးပဲ။ ရုကို ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိ။ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၁၆)

'ရ'

'ရှင်...'

'ရမျက်နှာလေးလည်း မကောင်းပါလား။ ဘာတွေဖြစ်နေလဲကွာ'

သြရသရဲ့ မျက်ဝန်းတွေက ရမျက်နှာလေးအား ကြင်နာစွာကြည့်မိသည်။ ရမျက်ဝန်းလေးတွေ ညှိုးရော်ရီဝေနေသလိုပဲ။ ဟိုအိမ်မှာ ရနေရတာ အဆင်ပြေရဲ့လား။ သူ ရကို မေမေနှင့် တွေ့စေချင်သည်။

'ရ ဟိုမှာနေလို့ အဆင်ပြေရဲ့လား၊ ကြေကွဲနေသလိုပဲ ကိုယ့်မေမေနဲ့ လာတွေ့လိုက်ပါကွာ'

'ဟင့်အင်း... ရနဲ့ ကိုသြရသက ချစ်သူတွေအဆင့်အထိ မရောက်သေးဘူးလေ'





ရ စိတ်တွေချောက်ချားနေသည်။ ဦးသွန်းစစ်ဦးနှင့် ဖြစ်ခဲ့တာတွေကို မေ့ပစ်၍မရ။ သူ လသာဆောင်မှာ တစ်ညလုံး ရှိနေခဲ့တာ ရ သိသည်။

'ရ'

'ဟင်...'

'ကိုယ် ရကိုချစ်တယ်'

'ရှင်...'

'ကိုယ် လက်ထပ်ပါရစေကွာ၊ ကိုယ့်အိမ်ထောင်ရေးအတွက် ကိုယ်ရွေးချယ်ပိုင်ခွင့်ရှိပါတယ်၊ ရကို တွေ့ချင်နေတယ်၊ ကိုယ့်မေမေကို လာတွေ့ပါနော် ရ'

'ရ မတွေ့ချင်သေးပါဘူး၊ ကိုသြရသကိုလည်း ချစ်သူအဖြစ် ရ လက်မခံပါရစေနဲ့ဦး'

ရ ရွေးချယ်သင့်တာက ကိုသြရသကိုပါ။ ရရွေးချယ်ဖို့ ဆိုတော့လည်း တွေဝေနေသည်။ ကိုသြရသကို ရ ချစ်သွားပြီလား။ ရစိတ်တွေ လေးလံနေသည်။ မာမီဝေကလည်း ရတစ်ယောက်တည်း အပြင်ထွက်တာကို နှစ်သက်ပုံမရ။ ရကို ချုပ်ချယ်ထိန်းနေ၏။ ရ ကိုသြရသကိုပဲ ရွေးချယ်လိုက်ရမလား။ အချစ်ဆိုတာကို ရ စဉ်းစားချင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှက သူများအိမ်မှာ နေရတာပါ၊ ရှမှာ အားကိုးမှီခိုရာလည်း မရှိပါဘူး ကိုသြရသရယ်၊ ရှ အပြစ်ကင်းကင်းပဲ နေပြချင်တယ်'

'ကိုယ် အရမ်းစိတ်ပူနေတယ် ရှရယ်၊ ရှကို ကိုယ်အရမ်းချစ်တယ်၊ ကိုယ်ဆုံးရှုံးရမှာ ကြောက်နေတယ်၊ ကိုယ့်ဆန္ဒက အမြန်ဆုံး လူကြီးတွေနဲ့ စေ့စပ်ထားချင်တာပါ'

'ဟင့်အင်း… ရှ စဉ်းစားပါရစေဦးနော်၊ မာမီဝေကိုလည်း ရှ တိုင်ပင်ရပါမယ်'

'ဒေါ်ဝေဝေခင်က ကိုယ်နဲ့ပတ်သက်တာတောင် ကန့်ကွက်နေတာပဲ ရှ၊ မင်းဘဝပျော်ရွှင်ချမ်းမြေ့ဖို့ ကိုယ် တာဝန်ယူပါတယ်'

မေမေက မာမီဝေ့လက်ထဲ အပ်ထားတာပါ။ ဒါပေမဲ့ ဦးသွန်းစစ် ဦးကြောင့် ရှ မနေချင်တော့ပေ။ ကိုသြရသကို ရွေးချယ်ဖို့ကျတော့လည်း ရှ တွေဝေနေသည်။

'ရှ'

'ဟင်…'

'ဘာတွေစဉ်းစားနေတာလဲကွာ၊ ကိုယ့်အချစ်တွေကို ယုံကြည်လက်ခံပေးပါ၊ ကိုယ့်မေမေက အဆင့်အတန်းမခွဲခြားတတ်ဘူး၊ ကိုယ့်ဆန္ဒကိုပဲ အဓိကထားမှာပါ'





'ရှ စဉ်းစားပါရစေဦး၊ အလွယ်တကူ အဖြေမပေးပါရစေနော်'

'ရှရယ်'

သူက ရှလက်လေးကို ဆုပ်ကိုင်လိုက်တော့ ရှ ရုန်းဖယ်သည်။ ရှမျက်ဝန်းတွေထဲမှာ သူနှင့်ပတ်သက်ပြီး အချစ်တွေရှိမနေ…ဟု သူ့စိတ်က ထင်မှတ်နေသည်။ ဘာကြောင့်လဲ။ ရှမျက်ဝန်း…တွေ ဒီလောက်ထိ အေးစက်နေတာ။ ရှ စဉ်းစားနေတာ ဘယ်သူ့အကြောင်းတွေလဲ။ သြရသကတော့ ရှကို ပိုင်ဆိုင်နိုင်အောင် …ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။

'ကိုယ် ရှကိုချစ်တယ်၊ လုံးဝအဆုံးရှုံးမခံနိုင်ဘူးနော် … ကိုယ် ဆုံးဖြတ်ထားတယ်၊ ရှကို လက်ထပ်ဖို့ကြိုးစားမယ်'

ရှ တွေဝေနေသည်။ ဘာဖြစ်လို့လဲ မသိဘူး။ ကိုသြရသ… ရှ ချစ်နေသလိုလိုဖြစ်ရပေမယ့် သူမ ခေါင်းညိတ်လက်ခံ…တော့ နှလုံးသားတွေက ငြင်းဆန်နေပြန်သည်။

'ရှလည်း ကိုယ့်ကို ချစ်တယ်မဟုတ်လား၊ မာမီဝေ့ကြောင့်လား၊ ဦးသွန်းစစ်ဦးကြောင့်လား'

'ဟင်…'

သူမ အထိတ်တလန့်နှင့် သူ့ကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များ ဦးသွန်းစစ်ဦးနာမည်ကို သုံးရတာလဲ။ သူ
ချောက်ချားသိမ်ငယ်သွားရ၏။ သူ့အကြည့်တွေက စူးစိုက်လျ
နေသည်။

'ပြောလေ ရှု'

'ရှုဘဝတစ်သက်တာအတွက် ဖြစ်နေလို့ပါ၊ ရှု ခေါ
အေးအေးနဲ့ စဉ်းစားနေတာပါ၊ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူ
ရှုအသက်အရွယ်က ပညာသင်ဖို့အရွယ်လေ'

မေမေ့ဆန္ဒနဲ့ ရှုအဖြစ်ချင်ဆုံးဆန္ဒတွေဖြစ်အောင်ပဲ
ကြိုးစားချင်သည်။ ရှု ဆရာဝန်ဖြစ်ချင်တယ်။ ရှု ဘယ်လော
အထိ ဆန္ဒတွေပြင်းပြရသလဲ။ ဒေါက်တာသြရသက ရှုဆန္ဒ
ကို ဖြည့်စွမ်းပေးနိုင်တဲ့သူပါပဲ။ ဒါပေမဲ့လည်း ရှုနှလုံးသား
ထဲမှာ နှစ်ပြီးချစ်နိုင်သူတစ်ယောက် ဖြစ်မလာခဲ့ပေ။

❧ ❧ ❧

ရှု ကျောင်းစတက်တဲ့နေ့တွင် ဒေါက်တာသြရသ
အစစအရာရာ လိုက်လံကူညီဆောင်ရွက်ပေးနေပေမယ့် သူ
စိတ်ပူပင်နေရတာက ဦးသွန်းစစ်ဦး ဖြစ်နေသည်။

'သူ လသာဆောင်မှာပဲ ရှိနေမှာပါ၊ အရက်တွေ အ





သောက်ထားတယ်၊ လူမှန်းတောင် မသိတော့ပါဘူး၊ သူ ဘာများ
ဖြစ်နေပြီလဲ၊ ရှု သိချင်လိုက်တာ'

ဦးသွန်းစစ်ဦး တစ်စုံတစ်ခုများဖြစ်နေမလားဆိုပြီး ရှု
ချင်သည်။ မာမိဝေ့ဆီ ဖုန်းဆက်ချင်နေ၏။ ကိုသြရသက
အနားမှာ အရိပ်လိုပင်။ သူ… သူ ပေတေလွန်းတယ်။
သာဆောင်က လေတဟူးဟူးနဲ့ လေဖြတ်နေပြီလား။ ရှုစိတ်တွေ
နိုးချုပ်ထားပေမယ့် မရ။ စိတ်တွေပူပြီး မာမိဝေ့ထံ ဖုန်းဆက်
သည်။

'ရှုလေးလား… မင်း အတန်းတက်နေပြီလား၊ မင်း
စ်ယောက်တည်း အဆင်ပြေရဲ့လား ရှု'

'ဟုတ်ကဲ့… ပြေပါတယ် မာမိဝေ၊ ကောင်းစစ်လေး
ရော'

'မူကြိုမှာလေ'

'အို… ဟုတ်သားပဲ၊ ရှု သတိရနေတာပါ'

'ရှု'

'ရှင်…'

'မင်းနဲ့အတူ ဒေါက်တာသြရသ ရှိနေတာလား'

'ဟင့်အင်း…'

'ရှုကို ပြောရဦးမယ်၊ မနက်က သားသွန်းစစ် ဖသာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာပဲ အိပ်ပျော်နေတယ်။ မာမီဝေ အတွေ့မြန်လို့ပေါ့၊ အ
အခန်းထဲမှာ ဖျားနေပြီလေ'

'ဟင်…'

'ကိုယ်တွေ့ပူတာမှ ခြစ်ခြစ်တောက်ပဲ၊ အအေးမိတာ
မှာ ခေါင်းတွေလည်း ကိုက်တယ်တဲ့၊ ဒါပေမဲ့ သားက အန်
သူ့အနားလာတာ မကြိုက်ဘူးလေ'

'ရှင် ဘာဖြစ်လို့လဲ'

'သားစိတ်ထဲမှာ မာမီဝေ သဘောတူပြီး အတင်းအကျ
လက်ထပ်စေခဲ့တဲ့ မိန်းမကြောင့် သူ့ဘဝပျက်ရတာလို့ ထင်
တယ်'

သူ ဖျားနေပြီတဲ့။ အရမ်းပေတေတဲ့လူပဲ။ ရှ စိတ်ပူသွား
သည်။ မာမီဝေ့ကိုလည်း သူက ကင်းကင်းပဲနေတတ်၏။ ရှင်
ကြောင့်ပဲ။ မိဘဆိုတာ စေတနာနဲ့လေ။ ရှဝ်က မိန်းမတစ်ယောက်
အတွက် ရှင့်ဘဝကြီးကို ဖျက်ဆီးပစ်နေတာပါ။ ရှ ဖုန်းကိုပိတ်
လိုက်သည်။

'ရှ'

'ဟင်…'

'ဒေါ်ဝေဝေခင်ဆီကို မင်း ဘာဖြစ်လို့ဖုန်းဆက်ရတာလဲ'

'ကောင်းစစ်လေးကြောင့်ပါ ကိုသြရသ'





'ကောင်းစစ်လေးက မူကြိုမှာလေ'

ရှ ဘာမှဆက်မပြောချင်တော့ပေ။ သူမ ကျောင်းစာတွေ
ထဲမှာပဲ စိတ်ကို နှစ်ထားပစ်သည်။ ရှအတန်းတွေပြီးတော့လည်း
ကိုသြရသက စောင့်နေ၏။ သူ့ပုံစံက စိတ်တွေ ပူပင်နေသည်။

'ကိုယ့်မေမေနဲ့ လိုက်တွေ့ပါ ရှရယ်၊ ကိုယ် တောင်းဆို
တာပါ၊ ချစ်သူရည်းစားမဟုတ်လည်း ရှနာမည်လေးကိုကြားပြီး
တည်းက မေမေ အရမ်းတွေ့ချင်နေတာပါ'

'ဒီနေ့တော့ ရှ အချိန်မရသေးလို့ပါနော်၊ တောင်းပန်
ပါတယ်၊ မာမီဝေက စိတ်ပူနေတယ်၊ ရှ အမြန်ပြန်လာတဲ့'

'ရှ မင်းကို ဘာဖြစ်လို့ ဒီလောက်အထိ ချုပ်ချယ်နေရ
တာလဲ'

'မေမေက ရှကို မာမီဝေ့ဆီမှာ အပ်ထားတာပါ၊ ရှ
ငြင်းဆန်လို့မရဘူး၊ ရှ ပြန်မှဖြစ်မယ်'

ရှစိတ်တွေက ဦးသွန်းစစ်ဦးအား ပေတေပြီး ဆေး
သောက်မှာ တစ်ခုခုဖြစ်နေမှာ စိတ်ပူသည်။ ဒေါက်တာသြရသ
ကတော့ ရှကို မိခင်နှင့်တွေ့ဖို့ပဲ တတွတ်တွတ်တောင်းဆိုနေ၏။
ရှစိတ်က ဦးသွန်းစစ်ဦးဆီပဲ ရောက်နေသည်။

'မင်းကို ငါ ချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့ ရှရှင်
ငါ အရမ်းအထီးကျန်ပြီး ခံစားနေရလို့ပါ'

ဦးသွန်းစစ်ဦးရဲ့ စကားတွေကို ကြားနေသည်။ သူ
ပါးပြင်လေးအား အတင်းအကျပ်နမ်းရှိုက်ခဲ့၏။ ရှရှင်ထဲ
နက်ရှိုင်းစွာ စူးဝင်သွားသော မြားတစ်စင်းပင်။ ဒေါက်တာသြရှ
တားဆီးနေသည့်ကြားမှပင် ရှ ပြန်လာခဲ့သည်။

'ရှ'

'မာမီဝေ'

'သားလေး အရမ်းဖျားနေတယ်၊ ကိုယ်တွေလည်း ခြစ်
ခြစ်တောက်ပဲ၊ မာမီဝေကို အဝင်မခံဘူး'

'ဆရာဝန်ရောဟင်'

'မခေါ်နဲ့တဲ့၊ သူဘာမှမဖြစ်ဘူးတဲ့၊ မာမီဝေ မြေးလေး
ကို ကျောင်းသွားကြိုမယ်၊ ရှလေးပဲ သားကို ဖျောင်းဖျပေးပါ'

'သူကရော ရှလိုကောင်မလေးတစ်ယောက်ရဲ့ စကားကို
နားထောင်ပါ့မလားဟင်'

'ဘာပဲဖြစ်ဖြစ် ရှလေး ကူညီပါဦးကွယ်၊ မာမီဝေလည်း
ဘာမှမတတ်နိုင်လို့ပါ၊ မြေးလေး ကျောင်းကြိုရဦးမယ်'

မာမီဝေ အပြင်ထွက်သွားတော့ ဦးသွန်းစစ်ဦးထံ ရှ





သွားဖို့ ခြေလှမ်းတွေက တုံ့နှေးနေသည်။ ဖြစ်ပါ့မလား။ သူနှင့်
ပတ်သက်ချင်းဆိုင်ရမှာ ရှ ဝန်လေးနေ၏။ ပြီးတော့လည်း ပူပင်နေ
သော စိတ်တွေက ထိန်းချုပ်မရ။ သူ့အခန်းသို့ ခြေလှမ်းတွေက
ဦးနေသည်။ ထိုအချိန်တွင် ကိုသြရှသဆီကနေ ဖုန်းလာ၏။
မေ့သွားစလိုက်တာ။ ရှကို ချစ်ပါတယ်ဆိုတဲ့ ကိုသြရှသလို
လူတစ်ယောက်ဆီက ဖုန်းကို လက်မခံချင်ဘဲ ဖြစ်နေသည်။

'ရှ'

'ဟင်...'

'ဘာတွေလုပ်နေလဲကွာ'

'ရှလည်း သတိရပါတယ်၊ ဟိုလေ အိမ်မှာ အလုပ်တွေ
များနေလို့ပါ'

'မမေနဲ့တွေ့ဖို့ ရှကို တောင်းပန်ပါတယ်ကွာ၊ ကိုယ်
အရမ်းစိတ်ပူနေရတယ်လေ'

'မနက်ဖြန်မှ တွေ့ကြမယ်နော် ကိုသြရှသ'

'ရှ ဘာတွေအလုပ်ရှုပ်နေတာလဲ၊ ကိုယ်နဲ့တောင် အေး
အေးဆေးဆေး စကားမပြောတော့ဘူးလား'

'မာမီဝေ ရှိနေလို့ပါနော်၊ ရှ တောင်းပန်ပါတယ်၊ ဖုန်း
ချလိုက်တော့မယ် ကိုသြရှသ'



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောနိုင်ခင် ရု ဖုန်းကိုပိတ်ပစ်လိုက်သည်ကိုကြြရသရယ်။ ရုစိတ်တွေ အရမ်းပြောင်းလဲသွားတယ်ထင်တယ်။ ဦးသွန်းစစ်ဦးအတွက်ပဲ ပူပင်နေတယ်။ ဘာဖြစ်လို့လဲ ဟင်။ ရု ရူးသွပ်နေပြီလား မသိပါဘူး။ ရု ခြေလှမ်းလေးတွေ နှေးကွေးလေးလံနေသည်။ ဦးသွန်းစစ်ဦး အပူရှိန်တွေ အရမ်းများနေပြီလား။ မိသားစုအပေါ် အေးစက်နေတဲ့လူ။ ဦးသွန်းစစ်ဦးအား ဒီလိုပုံစံမျိုးနှင့် ရု မတွေ့လို။ ဒါပေမဲ့ သူ့အခန်းဝဆီသို့ ရု ရောက်သွားသည်။

❧ ❧ ❧



## (၁၇)

ရု အခန်းတံခါးကို တွန်းကြည့်လိုက်တော့ တံခါးပိတ်မထားပေ။ ရု အထဲကို အရဲစွန့်ပြီး ဝင်လာခဲ့သည်။ ဦးသွန်းစစ်ဦးက အိပ်ရာပေါ်မှာ လဲလျောင်းနေ၏။ ရု သွားလို့ သင့်တော်ပါ့မလား။ ဦးသွန်းစစ်ဦး ငြိမ်သက်နေလွန်း၍ ရု အထိတ်တလန့်နှင့် သူ့အနားရောက်သွား၏။ သူ ငြိမ်သက်နေသည်။

'ဦးသွန်းစစ်ဦး'

'အင်း…'

'ဒီမှာ'

'ဦးသွန်းစစ်ဦး သတိထားပါဦး၊ အဖျားတွေအရမ်းတက်နေပါလား၊ ကိုယ်တွေလည်း ပူခြစ်တောက်နေတာပဲ'

ဦးသွန်းစစ်ဦးက အသိကင်းမဲ့နေသည်။ တကယ်တော့ သူက ရုအစ်ကိုကြီးအရွယ်ပဲ။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မှုဒေါသတွေ ခံစားနေရ၏။ ရု သနားမိသလိုပင်။ ရုစိတ်တွေကို ရု မယုံနိုင်။ လူပျိုလူလွတ် ကိုသြရသအပေါ် ခံစားမှုတွေ ကင်းမဲ့နေသည်။ ဦးသွန်းစစ်ဦးကို ရု သနားကြင်နာမိတာလား။ နဖူးကို စမ်းကြည့်လိုက်တော့ အပူရှိန်က မီးတောက်နေသလိုဖြစ်နေ၏။ ရု စိတ်ပူသွားသည်။

'မသွယ်၊ မသွယ်'

'ရှင်… မမလေး'

'ရေပတ်တိုက်ရမယ်၊ ဦးသွန်းစစ်ဦး အပူရှိန်တွေ အရမ်းတက်နေလို့၊ နင်လည်း မိသားစုဆရာဝန်ဆီ ဖုန်းဆက်ဦး'

'ဟုတ်ကဲ့ မမလေး'

မသွယ်က ရေဇလုံနှင့် တဘက်လာပေးသည်။ ရု ရေပတ်တင်ပေးနေရ၏။ ဦးသွန်းစစ်ဦးကတော့ ရုနာမည်ကိုပင် တတွတ်တွတ်ခေါ်နေသည်။

'ရု… ရုလေးရယ်၊ ကိုယ့်ကို မမုန်းပါနဲ့၊ ပစ်မသွားပါနဲ့ကွယ်'

ဦးသွန်းစစ်ဦးရဲ့ မျက်လုံးတွေက မဖွင့်ဘဲ နှုတ်ကနေ ပြောချင်တာတွေ တတွတ်တွတ်ပြောနေသည်။ ရု သူ့မျက်နှာပြင်ကို စိုက်ကြည့်မိနေ၏။ ဦးသွန်းစစ်ဦးရဲ့ အိမ်ထောင်ရေးက အဆင်





ပြေခဲ့ပေ။ သနားဖို့ကောင်းလိုက်တာ။ ရေပတ်တင်ပေးရင်းနှင့် သတိပြန်ရလာသည်။

'ဟင်… မင်း… မင်း ရု'

'ဟုတ်ပါတယ် ဦးသွန်းစစ်၊ မာမီဝေက ဦးသွန်းစစ် အရမ်းဖျားနေတယ်ဆိုလို့ လာကြည့်တာပါ'

'ရု'

'ဟင်…'

'ကိုယ် ဘာတွေလုပ်မိလဲ၊ မင်းအပေါ် ဘာတွေစော်ကားမိလဲ'

'ဟို… ဟို ဘာမှမလုပ်ပါဘူး၊ ရုကိုလည်း ဘာမှမစော်ကားပါဘူး'

ရုရဲ့ ဆံပင်တွေနှင့် ကလစ်လေးက သူ့ရင်ခွင်ထဲမှာ ရောက်နေသည်။ အနည်းဆုံးတော့ ရုကိုယ်လုံးလေး သူ့ရင်ခွင်ထဲရောက်လာနိုင်၏။

ရုမျက်နှာလေးက ရှက်သွေးဖြန်းနေသည်။

'ရုရယ်… ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်စိတ်တွေ အရမ်းလွတ်ထွက်သွားတယ်'

ရု ရေပတ်တိုက်ပေးပြီးတော့ ဆရာဝန် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရ ခေါ်လိုက်တာဖြစ်နေသဖြင့် သူ အသာတကြည်လက်ခံခဲ့၏။ မာမီဝေကတော့ ကျေးဇူးတွေအရမ်းတင်နေသည်။

'ရလေးကြောင့်ပါကွယ်၊ သားက အရမ်းခေါင်းမာတယ်။ မာမီဝေက သားအိမ်ထောင်ရေးကို အတင်းအကျပ်စီစဉ်လိုက်မိတာကိုး'

'ဘယ်အရာမဆို အတင်းအကျပ်မလုပ်တာ အကောင်းဆုံးပါပဲ မာမီဝေ'

'မာမီဝေ နောင်တရနေပါပြီ ရလေးရယ်'

ဦးသွန်းစစ်ဦး အဖျားကျသွားပြီး အိပ်ပျော်နေသည်။ ရလည်း ကျောင်းသွားရဦးမယ်။ ကောင်းစစ်လေးကလည်း လိမ္မာနေ၏။ ဒါပေမဲ့ ဖခင်ရဲ့ လက်ခံမှုကိုမရဘဲ ဖြစ်နေသည်။

'ရ'

'ရှင်...'

'မြေးလေး ကောင်းစစ်ကိုလည်း သားသွန်းစစ်က လက်ခံစေချင်တယ်'

'ရှင်...'

'ရလေး ကြိုးစားပေးပါဦး၊ အခုအချိန်မှာ ရလေးက မာမီဝေ့ဆန္ဒတွေကို ဖြည့်စွမ်းပေးနိုင်တာပါ'





ရလေးကို ချွေးမအဖြစ် ဒေါ်ဝေဝေခင် သတ်မှတ်ထားသည်။ စိတ်သဘောထားဖြူစင်ပြီး ရိုးသားတဲ့ ရလေးပါ။ သားနဲ့သက်ပါစေ။ မိမိကတော့ သားနှင့် ရလေးအား နီးစပ်စေချင်သည်။

'ရလေးရောက်လာလို့ အဆင်ပြေသေးတာပေါ့ကွယ်၊ မာမီဝေတစ်ယောက်တည်း စိတ်သောကတွေနဲ့ ချောက်ချားနေတာပါ'

ရ ကျောင်းသွားဖို့အတွက် ပြင်ဆင်နေသည်။ ဦးသွန်းစစ်ကိုလည်း စိတ်ပူနေမိ၏။ တစ်လောကလုံးကို မကျေမနပ်ဖြစ်နေသူပါ။ ကောင်းစစ်လေးကလည်း ရကို ချစ်ခင်နေသည်။

'ရ'

'ရှင်...'

'ချစ်သူတွေ ဘာတွေ မထားပါနဲ့ကွယ်'

မာမီဝေ့မျက်ဝန်းတွေက ရအား အသနားခံတောင်းပန်နေသည်။ ရ ဘယ်လိုလုပ်ရမလဲ။ ရချစ်နေတာက ကိုဩရသအား သူစောင့်နေတော့မည်။ ရကို လက်ထပ်ခွင့်တောင်းဆိုထားသည်။ ရစိတ်ထဲမှာလည်း ကိုဩကရသအား ယုံကြည်အားကိုးနေမိသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှလေးရဲ့ လွတ်လပ်ခွင့်တွေကို မာမီဝေ တားဆီးနေတာ မဟုတ်ပါဘူး ရှလေးရယ်'

ရှ အပြင်ထွက်လာသည်။ ကျောင်းမှာတော့ ကိုသြရသက စောင့်နေ၏။ ရှစိတ်တွေ လွင့်မျောနေသည်။

'ရှ'

'ဟင်...'

'ရှကိုကြည့်ရတာ စိတ်မသက်မသာဖြစ်နေလို့ကွာ'

ရှမျက်နှာလေးက ညှိုးနွမ်းနွမ်းလေးဖြစ်နေသည်။ ဦးသွန်းစစ်ဦးက ရှနှင့် အသက်အရမ်းကြီးကွာတာမှ မဟုတ် တာပဲ။ သြရသ စိတ်ပူနေရ၏။ ရှဘက်ကလည်း သူ့အပေါ် အေးစက်နေသည်။

'ရှ ကိုယ့်မေမေကို လာတွေ့ပါ'

'ကိုသြရသ'

'ပြောလေ ရှ'

'ရှကို အချိန်နည်းနည်းလေးပေးပါ၊ ဘဝတစ်သက်တာအတွက် ရှ လွယ်လွယ်နဲ့ အဖြေမပေးချင်လို့ပါ'

'ကိုယ့်ကို ဘာဖြစ်လို့ မယုံကြည်ရတာလဲ ရှ၊ ကိုယ် ရှဘဝကို အတင့်တယ်ဆုံးဖြစ်အောင် ဖြည့်စွမ်းပေးနိုင်ပါတယ်'





'အချိန်ပေးပါဦး'

'ကိုယ် စိတ်မချဘူး'

'ဦးသွန်းစစ်ဦးကြောင့်လားဟင်'

'ဟုတ်တယ် ရှ'

'ရှရဲ့ ကိုယ်ကျင့်တရားတွေကို အဲဒီလောက်အထိ အထင်သေးသင့်ပါဘူး'

'ရှကို အရမ်းချစ်တယ်၊ လက်လွတ်ဆုံးရှုံးရမှာ ကိုယ်အရမ်းကြောက်နေတယ်'

ရှ တွေဝေနေတာတော့ အမှန်ပဲဖြစ်သည်။ ရင်ထဲမှာ သံယောဇဉ်တွယ်ငြိနေတာက ဘယ်သူဖြစ်နေမလဲဆိုတာ ရှပင် စဉ်းစားရခက်နေ၏။

ရှ ရွေးချယ်သင့်တာက ကိုသြရသပါ။ ဒါပေမဲ့ ရှနှလုံးသားတွေက လက်မခံနိုင်ဘဲဖြစ်နေသည်။

'ရှကို ကိုယ် လက်ထပ်မယ်'

'အို...'

'ကိုယ့်အချစ်တွေကို ရှ လက်ခံပေးပါ၊ ကိုယ် ရှနဲ့ဝေးမခံနိုင်ဘူး'

'လောလောဆယ်တော့ လက်ခံပေးဖို့ လုံးဝမဖြစ်နိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါ ကိုသြရသ၊ ရှဘဝတစ်သက်တာအတွက် ရှ အလွယ်တကူ မစဉ်းစားပါရစေနဲ့'

ရှ ရွေးချယ်ရမှာက ကိုသြရသပဲဖြစ်မှာပါ။ ဦးသွန်းစစ်ဦးနဲ့ ရှ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ စိတ်မပူပါနဲ့။ ရှ မာမီဝေ့ကယ်တင်စောင့်ရှောက်မှုကိုရပြီး သူ့သားကို အမိအရဖမ်းတာ အပြောမခံနိုင်လို့ပါ။ ဦးသွန်းစစ်ဦးကလည်း ရှကို ချစ်သည်ဟု ကယောင်ကတမ်း ပြောဆိုနေသည်။

'ရှ သွားတော့မယ်နော်'

'ရှ'

'ရှကို အချိန်ပေးပါ၊ အလွယ်တကူတော့ အဖြေမပေးပါရစေနဲ့နော်'

ရှ ထွက်လာခဲ့သည်။

အချစ်ရေးကို ရှ မစဉ်းစားချင်သေးပေ။ မာမီဝေ ကိုသြရသနှင့် ပတ်သက်မှုတွေကို တားဆီးနေသည်။ ရှ အားကိုးရသွားမှာကို ကြောက်ရွံ့နေ၏။ ရှကရော။ မာမီဝေ့ကိုတော့ ရှ ထားခဲ့လို့မဖြစ်ဘူး။ ဥပေက္ခာလည်း မပြုနိုင်ပါဘူး။ ကောင်းစစ်လေးကို ရှ သံယောဇဉ်တွယ်နေတာလား။ လိမ္မာသွားပြီဖြစ်တဲ့ ကောင်းစစ်လေးက တစ်ခါတစ်ရံ ယောင်ယောင်မှားမှားနှင့် မေမေဟု ခေါ်နေတတ်သည်။





'ရှ ကိုယ့်ကို ပစ်မသွားပါနဲ့၊ ကိုယ် ရှကိုချစ်နေပြီ'

ဦးသွန်းစစ်ဦးရဲ့ ကယောင်ကတမ်းစကားတွေက ရှ ေခါင်းထဲမှာ အမြဲတမ်းစိုးမိုးနေသည်။ ရှ စက္ကန့်မလပ် ကြားယောင်နေတာက ထိုအသံတွေပဲ။ ရှ သင်တန်းတွေပြီးတော့ ဦးသွန်းစစ်ဦးက ကားနှင့်စောင့်နေသည်။ ကိုသြရသက ရှအနား ကပ်လာတော့ သူ့မျက်နှာ ညိုသွား၏။ ကိုသြရသကလည်း ရှကို ကပ်လိုကပ်လိုက်နေသည်။

'ဦးသွန်းစစ်ဦးနဲ့ပဲ ရှ ပြန်တော့မယ်နော်'

'ရှ'

'ဘာမှစိတ်မပူပါနဲ့၊ မာမီဝေကြောင့်ပါ'

'ရှ စိတ်ညစ်နေရတာ သူ့ကြောင့်မဟုတ်လား၊ ရှ ပြတ်ပြတ်သားသား ဆုံးဖြတ်လေ၊ ရှ စိတ်မပါရင်လည်း ကိုယ် အားလုံးကူညီပေးနိုင်တာပဲဟာ'

'မာမီဝေ့ကို ရှ မထားခဲ့ရက်ဘူး၊ ရှ လက်ထပ်ဖို့ ရည်ရွယ်ခဲ့ရင်တောင် မာမီဝေ့ကို မိဘအရာမှာထားမှာပါ'

'ရှ... မင်း...'

'ရှ လုပ်သင့်တဲ့အလုပ်လို့ပဲ ထင်ပါတယ်'

ကိုသြရသအပေါ် ရှ အရှုံးပဲ ပြတ်သားလိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကိုသြရသက ရကို ချစ်မြတ်နိုးပြီး အစစအရာရာ ကူညီစောင့်ရှောက်နေသူပါ။ ဖြူစင်လည်း ကိုသြရသကိုပဲ ရွေးချယ်ဖို့ ထောက်ခံတိုက်တွန်းနေသည်။

'ရ ကိုသြရသလိုယောကျ်ားတစ်ယောက်ကို နင်ရှာကြည့်စမ်း၊ အစစအရာရာ နင့်အတွက် လိုအပ်မှုတွေနဲ့ ပြည့်စုံနေ… ယောကျ်ားပဲ နင်ရွေးသင့်တယ်'

ဖြူစင်တို့မိသားစုကိုလည်း အရင်းအနှီး ငွေကြေး… ထုတ်ပေးပြီး ကူညီနေသည်။ ရပဲ မပြတ်သားတာပါ။ ကိုသြရ… ကိုထားခဲ့ပြီး ရ ခြေလှမ်းကို ရှေ့ဆက်လှမ်းလာခဲ့၏။ ဦးသွန်းစ… ဦး ကားနားရောက်လာသည်။

'ရ ညှော်သည်ရောက်နေတာလား၊ သွားလေ… ကိုယ်က… မာမီ ကြိုခိုင်းလို့ပါ၊ ကိုယ့်အတွက် စိတ်အနှောင့်အယှက်မဖြစ်… နဲ့၊ သွားလေ'

'ဟင့်အင်း… ရပါတယ်၊ ရ အိမ်ပဲပြန်တော့မယ်'

မနက်က ဦးသွန်းစစ်ဦး အရမ်းနေမကောင်းဘူး။ အ… တော့ လန်းဆန်းနေသလိုပင်။ သူက ပေတေနေတတ်၍ ရ စိတ်… နေရသည်။

'ဦးသွန်းစစ် နေကောင်းသွားပြီလား'





'ကိုယ့်ကို ဘယ်အချိန်အထိ ဦးသွန်းစစ်လို့ ခေါ်နေဦးမှာလဲ'

'ရှင်…'

'ကိုသွန်းစစ်လို့ ခေါ်ချင်ခေါ်ကွာ၊ ဒါမှမဟုတ် ကိုကိုပေါ့'

'ဟင်…'

'ကိုယ်က မင်းအစ်ကိုအရွယ်ပါ'

'ရကတော့ ဦးသွန်းစစ်လို့ပဲ ခေါ်ချင်တယ်၊ ဘယ်လိုပဲခေါ်ခေါ် ရတယ်မဟုတ်လား'

'ကိုယ့်အသက် အရမ်းကြီးသွားပြီလားလို့'

သူက ရယ်မောနေသည်။ ရလည်း ရယ်မိသွား၏။ စောစောက ရှုပ်ထွေးနောက်ကျိနေတဲ့ စိတ်တွေ ပေါ့ပါးလန်းဆန်းသွားသလိုပင်။ ကိုသြရသ ကျန်ရစ်ခဲ့တာပင် ရ မေ့လျော့သွားသည်။

'ရ'

'ရှင်…'

'ကိုယ်တို့ တစ်ခုခုစားကြမလား'

'ရှင်…'



www.burmeseclassic.com

www.burmeseclassic.com



'သြော်... ရ ဆန္ဒမပါလည်း ရပါတယ်၊ အိမ်ပဲပြန်ကြမယ်'

'ရက ဦးသွန်းစစ်နဲ့ ညစာအတူတူစားချင်ပါတယ် ဒါပေမဲ့ ကောင်းစစ်လေးလည်း ပါသင့်တယ်လို့ ထင်တယ်'

သူ့မျက်နှာပေါ်မှာ ကြည်လင်တောက်ပမှုတွေ ပျောက်ကွယ်သွားသည်။ မဖြစ်သင့်ဟု ထင်၏။ ကောင်းစစ်လေး၏ သားတစ်ယောက်အဖြစ် လက်မခံချင်တာ။ ဦးသွန်းစစ်ဦးနဲ့ မှားယွင်းမှုပဲ။ သူ ညစာစားဖို့ မပြောတော့ဘဲ ကားကို အိမ်မောင်းသည်။

* * *



(၁၈)

'မေမေ'

'ကောင်းစစ်လေးရယ်၊ မမပါ'

'ဟင့်အင်း... မမကို ချစ်တယ်၊ အရမ်းချစ်တယ်၊ မေမေ လို့ပဲ ခေါ်မယ်'

'ရှူး... တိုးတိုး၊ အဲဒီလိုမဆိုးရဘူးလေ၊ မမ ဘာပြောထားလဲ၊ လူကြီးစကား နားထောင်ရမယ်လို့'

ကောင်းစစ်လေး ငြိမ်သက်သွားသည်။ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်ပြည့်နေ၏။ အပြစ်မဲ့တဲ့ ကောင်းစစ်လေးပါ။ ဦးသွန်းစစ်ဦးက သူ့သွေးမဟုတ်ဘူးဟု ထင်နေသည်။ ရ သနားသိုက်တာ။ ကောင်းစစ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းစစ်လေးအတွက် မမ အစွမ်းကုန်ကြိုးစားဖြည့်စွမ်းပေးပါ့မယ်ကွယ်၊ ဖေဖေက စိတ်တွေညစ်နေလို့ပါ'

'ကောင်းစစ်လည်း ဖေဖေမချစ်လို့ စိတ်ညစ်နေတယ်'

'ကလေးရယ်'

လူကြီးစကားပြောတတ်သော ကောင်းစစ်လေးကို ရ ကြင်နာစွာ ပါးပြင်လေးအား နမ်းရှိုက်မိသည်။ အပြစ်မရှိတဲ့ ကလေးတစ်ယောက်ရဲ့ နာကျင်မှုတွေကိုရော ထည့်ပြီးစဉ်းစားသင့်ပါတယ် ဦးသွန်းစစ်ဦးရယ်။

ရထက် ကောင်းစစ်လေးကို ပိုချစ်တာကိုပဲ ရ အလိုအင်ဆုံးပါ။ တစ်ခါတစ်ရံ ရအား မေမေဟုခေါ်တတ်သော ကောင်းစစ်လေးရဲ့ မိခင်ကို မျှော်လင့်တမ်းတနေခြင်းကိုလည်း ဦးသွန်းစစ်ဦးရဲ့ နှလုံးသားအား ထိခိုက်နာကျင်စေပြီး သားကိုနာကြည်းစရာအဖြစ် သတ်မှတ်နေပုံပင်။ ရ လုံးဝလက်မခံနိုင်တဲ့အချက်ပဲ။ ကောင်းစစ်လေးအတွက် ရ အစွမ်းရှိသလောက် လုပ်ဆောင်ပေးရမည်။ ဦးသွန်းစစ်ဦးနှင့် ကောင်းစစ်လေးတို့အား DNA စစ်ဆေးရန် ရ ကြိုးစားနေသည်။

'ကောင်းစစ်လေး ညစာစားပြီးပြီလား'

'ဟင့်အင်း... မမကို စောင့်နေတာပါ'





'ဒါဆို မမတို့ အပြင်မှာထွက်ပြီး ညစာစားကြရင် ကောင်းမလား'

'ကောင်းတယ်၊ အရမ်းကောင်းတာပဲ၊ ဘွားဘွားကိုရော ဖေဖေ့ကိုရော ခေါ်မယ်နော်'

'OK ၊ ဖေဖေ့ကို မမသွားခေါ်မယ်၊ ဘွားဘွားကို ကောင်းစစ်လေးသွားခေါ်'

'ဖေဖေ့ကို ရအောင်ခေါ်နော် မမ'

'အင်း…'

ကောင်းစစ်လေးက ဖခင်အပေါ် တွယ်တာလွန်းသည်။ ဖေဖေ ဖေဖေနှင့် ပါးစပ်ဖျားကမချ။ ဒီသားအဖကိုတော့ နီးစပ်သွားအောင် ရ ကြိုးစားရမယ်။ ရ ဦးသွန်းစစ်ဦးအခန်းကို ရောက်လာသည်။

'ဦးသွန်းစစ်'

'ပြောပါ ရ'

'ရတို့ ညစာကို အပြင်မှာထွက်စားမလို့၊ မိသားစုလေး အမိဝေရော ကောင်းစစ်လေးရောပဲ'

မဘယ်ကြောင့် ကောင်းစစ်လေးအား သူ့သားအဖြစ် လက်ခံဖို့ ခက်ခဲနေသည်။ အတူတူမသွားချင်။ သူ့စိတ်တွေ သိမ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချောက်ချားရလွန်းလို့ပါ။ ရုကတော့ ထင်မှာပဲ။ ကိုယ်
သဘောထားသေးသိမ်တဲ့ ယောကျ်ားတစ်ယောက်လို့။ မေဘယ်
သစ္စာမဲ့မှုတွေ သူနှင့် လက်မထပ်ခင်ကတည်းက ရှုပ်ပွေနေခဲ့
တွေကို သိလာရတဲ့အချိန်ကို သူ ထိတ်လန့်တုန်လှုပ်နေခဲ့သည်

'ကလေးရဲ့ဆန္ဒပါ၊ အပြစ်ကင်းမဲ့တဲ့ ကောင်းစစ်လေး
လူကြီးတွေရဲ့ မိုက်မဲမှုတွေကို အပြစ်ဒဏ်ခံယူရမလား ဦးသွန်း

'ကိုယ် မလိုက်ချင်ဘူး ရု၊ ကိုယ်အရက်တွေမူးပြီး
ခဲ့တဲ့စကားတွေကို ပြန်ရုပ်သိမ်းပါတယ်၊ အနူးအညွတ်လည်း
တောင်းပန်ပါတယ် ရုရယ်၊ ကိုယ်က ရုနဲ့ဘယ်လိုမှမလိုက်
တဲ့ ယောကျ်ားတစ်ယောက်ပါ၊ မိန်းမတစ်ယောက်ရဲ့ သစ္စာ
ကြောင့် မိန်းမတွေကို မုန်းတီးနာကြည်းနေတဲ့ သွန်းစစ်က ငွေခ
ကိုတွေ့မှ ကြွေသွားတယ်၊ ရယ်ရတယ်ကွာ၊ ဟား··· ဟား
ဟား···'

သူ ရယ်မောနေတာက နာနာကြည်းကြည်း ရှုံးရှုံး
သွပ်။ သူ့မှာ အပျော်တွေကင်းမဲ့နေကြောင်း ကြေကွဲရီဝေနေ
သူ့မျက်ဝန်းတွေက သက်သေခံနေသည်။ ရုကို ချစ်တယ်ဆို
စကားတွေကို ပြန်ရုပ်သိမ်းနေတဲ့ သူ့ကို ရု ရိုက်နှက်ကုတ်ဖဲ့
ချင်လာ၏။ ရုရဲ့ ရင်ထဲကခံစားချက်တွေကို ရှင် သိလို့လား





ဦးသွန်းစစ်ကို ရုက ပျော်ရွှင်တက်ကြွစေချင်တာပါ။ ရှင် အခု
အရက်သောက်တော့မယ် မဟုတ်လား။ လသာဆောင်မှာ တစ်ည
လုံးထိုင်နေတော့မယ်။ ဦးသွန်းစစ်အတွက် တစ်ညလုံး ရု ပူပင်
နေရမှာကိုရော သိရဲ့လားဟင်။ သူက အရယ်ကိုရပ်ပြီး ရုကို
ကြည့်သည်။

'သွားတော့လေ ငွေခရု၊ ကိုယ် မလိုက်ဘူး၊ ကောင်းစစ်
လေးက မင်းကို ခင်တွယ်နေတာကိုတော့ ကျေးဇူးတင်ပါတယ်၊
ဆက်ပြီးအကူအညီပေးပါဦး'

ငွေခရုတဲ့။ သူ့ဘက်က စတင်စိမ်းကားသွားပြီဟု ပြော
လိုက်ခြင်းပင်။

ရု နှုတ်ခမ်းလေးတွေ စူထော်သွားရသည်။

'ရုက မိသားစုပျော်ရွှင်ရေးအတွက် စည်းစည်းလုံးလုံး
လေးဖြစ်သွားအောင် ကြိုးစားပေးတာပါ၊ ကောင်းပါပြီ ဦးသွန်း
စစ် မနှစ်သက်ဘူးဆိုရင်လည်း စိတ်ထဲမှာ မခံစားပါနဲ့၊ ရုပါတယ်
နော်၊ ရု မခေါ်တော့ပါဘူး'

ရု အောက်ထပ်သို့ပြန်ဆင်းလာတော့ မာမီဝေနှင့် ကောင်း
စစ်လေးက အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေသည်။

'သားက ဘာပြောလဲ ရု'



www.burmeseclassic.com

www.burmeseclassic.com



'မလိုက်တော့ဘူးတဲ့၊ သူ ကုမ္ပဏီက အလုပ်တွေများနေလို့တဲ့'

ဦးသွန်းစစ်ဦး မလိုက်လိုတဲ့အကြောင်းကို ကောင်းစစ်လေး စိတ်ဒုက္ခရာမရစေရန် ရှု အကြောင်းပြချက်နှင့် ပြောသည်။ ကောင်းစစ်လေးမျက်နှာ ညှိုးရော်သွား၏။ မာမီဝေကတော့ ဘာမှ မပြောပေ။

ကောင်းစစ်လေးနှင့် အပြင်မှာ ညစာစားပြီး ရှုက အရုပ်တွေဝယ်ပေးသည်။ ကစားကွင်းမှာ ကစားပြီး ရှုတို့ ပြန်လာတော့ သူက လသာဆောင်မှာ ရှိနေသည်။

'မသွယ်ရေ… မြေးလေးကို 'သွားသိပ်လိုက်တော့ အရမ်းပင်ပန်းလာတယ်'

'ဟုတ်ကဲ့'

အိပ်ငိုက်လာတဲ့ ကောင်းစစ်လေးအား မသွယ် လက်ထဲ ထည့်ပြီး မာမီဝေက ရှုနှင့် စကားပြောသည်။

'မာမီဝေလည်း စိတ်သောကတွေ အရမ်းရောက်တယ် ရှုရယ်၊ သားက တကယ်တော့ စိတ်သဘောထားနူးညံ့ပြီး ကြင်နာတတ်သူပါကွယ်၊ ကံကြမ္မာဆိုးတွေကြောင့်ပဲ အရက်ရဲ့ကျေးကျွန် ဖြစ်နေရတယ်၊ မာမီဝေ ဘာဆက်လုပ်ရမလဲ ရှု'





'ကံအကြောင်းကိုပဲ ပုံချလိုက်ပါ မာမီဝေ၊ ဘယ်တတ်နိုင်တော့မလဲ၊ သူက အရမ်းခေါင်းမာတယ်'

မြေးလေးက ရှုကို သံယောဇဉ်တွယ်နေ၍ ဒေါ်ဝေဝေခင်တော့ သားကို လက်ထပ်ပါလို့ ပြောမထွက်။ သားကိုယ်တိုင်ကလည်း မိမိဆန္ဒအား လက်ခံမှာမဟုတ်ပေ။ မြေးလေး မိထွေးဆိုးနှင့် နေရမှာလည်း မိမိ စိတ်ပူမိသည်။

'အင်းလေ… ဘယ်တတ်နိုင်မလဲ၊ ရှုလေးလည်း အနားယူပါတော့ကွယ်၊ မာမီဝေကတော့ မြေးကို ရှုလေးလက်ထဲ အပ်ပါတယ်၊ စောင့်ရှောက်ပေးပါနော်'

'မာမီဝေက ရှုကို စောင့်ရှောက်ထားတာပဲ၊ ကောင်းစစ်သားကိုလည်း ရှု စောင့်ရှောက်မှာပါ'

မာမီဝေ အပေါ်တက်သွားတော့ ရှုလည်း ကိုယ့်အိပ်ခန်းထဲ ဝင်လာသည်။ အဝတ်အစားတွေလဲပြီး အိပ်ဖို့ကြိုးစားပေမယ့် ရှုစိတ်က ထင့်နေ၏။ သူ လသာဆောင်မှာပဲလား။ အရက်တွေ အရမ်းသောက်နေပြီလား။ မပူပါနဲ့ ရှု။ သူက အသိဉာဏ်ရှိတဲ့ လူကြီးတစ်ယောက်ပဲ။ နေပါစေ။ ဟုတ်တယ်။ ရှု ရွေးချယ်ခဲ့တာက ကိုသြရသ။

သူ့မ မျက်လုံးတွေကို မှိတ်ပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲဟယ်၊ ဒီလူအကြောင်းကိုပဲ ဘာဖြစ်လို့ တွေး[illegible] နေမိတာလဲ မသိပါဘူး၊ သူ့ဟာသူ ဘာပဲဖြစ်ဖြစ် ရစိတ်တွေကို [illegible] ထိန်းချုပ်ဖို့ကြိုးစားရင်း သူ့အတွက် စိတ်သောကတွေက ရရင်[illegible] လာထိခတ်နေသည်။ အိပ်ရာကနေ ဆတ်ခနဲထထိုင်မိ၏။ သူ[illegible] ရ ဘာမှမဆိုင်ပါဘူး။ အရူးပဲ။

ကိုယ့်ရင်သွေးအပေါ်ရော မိခင်ကိုပါ လျစ်လျူရှုထား[illegible] လူ။ ရ အိပ်ရာပေါ်သို့ ပြန်လှဲအိပ်ပစ်သည်။ နောက်ဆုံးတော့ [illegible] ရစိတ်တွေ ရ မနိုင်တော့ဘဲ လသာဆောင်ဘက် ထွက်လာမိ[illegible] သူ အရက်သောက်နေဆဲပင်။ ရ ထင်သားပဲ။ လေတဟူးဟူး [illegible] တိုက်ခတ်နေတဲ့ လသာဆောင်မှာ အရက်ထိုင်သောက်နေတာ [illegible] ဘယ်လောက်အထိ အန္တရာယ်များမယ်ထင်လဲ။ ရ ခြေလှမ်းမှ[illegible] သူ့အနားရောက်သွားသည်။

'ဦးသွန်းစစ်'

'ဟင်...'

'အခန်းထဲဝင်ပါတော့၊ ရ တောင်းပန်ပါတယ်၊ မာမီ[illegible] ကိုလည်း သနားပါဦး၊ သားအတွက် စိတ်သောကတွေ အ[illegible] ရောက်နေရပြီ'

'မင်း ဘာသိလို့ လာပြောနေရတာလဲ ငွေခရ၊ သွား[illegible]



[illegible]ကွာ၊ မေဘယ်နဲ့ မာမီက အတင်းအကျပ်လက်ထပ်ပေးခဲ့တာ [illegible]သ'

'အဲဒီအတွက် မာမီဝေကို လုံးဝခွင့်မလွှတ်တော့ဘူးလား၊ [illegible]မီဝေ့ကိုရှဲ့ပြီး တမင်လုပ်ပြနေတာလား'

'No, အဲဒါတော့ မဟုတ်ဘူး၊ ကိုယ့်ရင်ထဲမှာ အရမ်း [illegible]တျင်ခံစားနေရလို့ပါ၊ ကိုယ် အရာရာမေ့ပစ်ချင်တာကွ၊ မေ့မရ [illegible]'

'ဦးသွန်းစစ်က ထူးချွန်ထက်မြက်တဲ့ ယောကျ်ားတစ် [illegible]ာက်ပါ၊ ဘာဖြစ်လို့ လောကကြီးကို အလွယ်တကူအရှုံးပေး [illegible]ရတာလဲ'

'ဟုတ်တယ် ငွေခရ၊ မင်းက လူငယ်ပေမယ့် အသိဉာဏ် [illegible]တယ်ကွာ၊ လေးစားတယ်'

သူ ထသည်။ ငွေခရအမြင်မှာ သူ့ကို အခွင့်အရေးယူ [illegible]တတ်တဲ့ ယောကျ်ားတစ်ယောက်ဟု မမြင်စေချင်ပေ။ မင်းနဲ့ [illegible]တ်တန်တာက ဟိုလူပဲ။ ဒေါက်တာသြရသပဲ။ ကိုယ်က တစ်ခု [illegible]ယ်၊ ကလေးတစ်ယောက်အဖေ။ ငွေခရကို ချစ်မိသွားလို့ မဖြစ် [illegible]ဘူး။ မင်းဆီက အချစ်တွေကိုလည်း ကိုယ် မတောင်းခံသင့် [illegible]ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငွေခရအား ချစ်မိသွားတာကလည်း သူ့ရင်ကို ထိခိုက်နာကျင်စေသည်။

'ကိုယ် မသောက်တော့ဘူး၊ မင်းကို ကတိပေးတယ် ကိုယ် အရက်သောက်တာ မင်း မကြိုက်ဘူးမဟုတ်လား'

ငွေခရက ညဝတ်အင်္ကျီအနက်ရောင် လက်ပြတ်လေးနှင့် သူမလက်မောင်းသားလေးတွေက ဖြူစင်အိစက်နေသည်။ အရမ်းလှတဲ့ ကောင်မလေး။ သူ့အတွက် စိတ်ပူတတ်တဲ့ မိန်းကလေးပဲ။ မေဘယ်နဲ့တော့ တခြားစီပဲ။ ယောကျ်ားကို ဥပေက္ခာပြုပြီး အိမ်ရှင်မတစ်ယောက်ရဲ့ တာဝန်ကို မထမ်းဆောင်ချင်တဲ့မိန်းမ။ သူ့ကို ဘယ်တုန်းကမှ မပူပင်ခဲ့။ နေချင်ရာနေ၊ သွားချင်ရာသွားပဲ။ ငွေခရ မင်း အရမ်းတော်တယ်။ ကိုယ်လက်ထပ်ချင်တဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းတွေ မင်းမှာရှိနေတယ်။ ဒါပေမဲ့ မဖြစ်ဘူး။ မင်းဘဝ အရမ်းသိမ်နုပ်သွားမယ်။ မတင့်တယ်နိုင်ဘူး။ ဒေါက်တာသြရသကိုပဲ ရွေးချယ်ပါကွာ။ သူ ထသည်။

'အား…'

'အို…'

သူ့ခန္ဓာကိုယ်က ယိုင်ကျသွားသဖြင့် သူမက လာဆွဲသည်။ သွန်းစစ်စိတ်တွေ လှုပ်ရှားသွားပေမယ့် အခွင့်အရေးမယူ





ချင်ဘူး။ မင်းဘဝလေးကို အနာဂတ်မှာ တောက်ပထွန်းလင်းနေစေချင်တယ်။ ရုက တွဲသည်။ သူ ဖယ်ပစ်လိုက်၏။ သူ့ခန္ဓာကိုယ်အား တည့်မတ်အောင်ထူသည်။

'Sorry… ကိုယ် ရတယ်၊ သွားပြီ ငွေခရ၊ ဒီလောက်မူးသေးပါဘူး၊ ကျေးဇူးပဲ'

သူ ခြေလှမ်းကိုမှန်မှန်လှမ်းပြီး သူ့အိပ်ခန်းထဲ ဝင်သည်။

'တွေ့လား ငွေခရ၊ ကိုယ် မမူးပါဘူး၊ ကတိနော်၊ ကိုယ် အရက်မသောက်တော့ဘူး ငွေခရ၊ မင်းကို စိတ်မပူစေချင်ပါဘူး၊ Good Night နော်၊ ဒေါက်တာသြရသနဲ့ လှပသော အချစ်ခရီး ဖြောင့်ဖြူးသာယာပါစေ'

သူ့ဆန္ဒအမှန်တွေကို ထုတ်ဖော်ပြောလိုက်သည်။ ဒေါက်တာသြရသက မင်းဘဝအတွက် ရွေးချယ်သင့်ပါတယ်။ လှပတဲ့ အနာဂတ်တွေကိုပဲ မင်း ပိုင်ဆိုင်ပါ။ သူ့အခန်းထဲ ဝင်လာခဲ့သည်။

'ကိုယ် အရက်မသောက်တော့ဘူး ငွေခရ၊ ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ ငါက ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် သတ္တိကြောင်ပြီး ငါ့အနာဂတ်ကို ငါကိုယ်တိုင် ဖျက်ဆီးနေတာပဲ'

သူ အရင်လောက်တော့ မမူးပေ။ ငွေခရအတွက် အရက်



www.burmeseclassic.com

www.burmeseclassic.com



သောက်ခြင်းကို ရပ်ဆိုင်းရမယ်။ ကိုယ်က အသုံးမကျတဲ့ ယောကျ်ားတစ်ယောက်အဖြစ် မင်းရဲ့ စိတ်တွေ မထင်စေရဘူး။ ဒါပေမဲ့ မင်းဘဝအတွက် ဒေါက်တာသြရသကိုပဲ ရွေးချယ်ပါ။ ကိုယ် ထောက်ခံတယ်။ ငွေခရုက သူ့အပေါ် စိတ်ပူပေးတာကို တော့ ကျေနပ်မိသည်။ မိန်းမတစ်ယောက်ရဲ့ ယဉ်ကျေးသိမ်မွေ့ တဲ့ အတွင်းစိတ်ပဲ။ ငွေခရုရှေ့မှာ သူ့ခန္ဓာကိုယ်အား တည့်တည့် မတ်မတ်ရပ်ဖို့ ထိန်းချုပ်ထားခဲ့ပေမယ့် သူ့အိပ်ရာပေါ် ရောက်တော့ ဘုန်းခနဲပစ်လဲကျသွားသည်။

* * *



(၁၉)

ရှု တစ်စုံတစ်ခုအား တိကျပြတ်သားစွာဆုံးဖြတ်ဖို့ လိုအပ် ...ည်ဟု ထင်သည်။ ဦးသွန်းစစ်ဦးရဲ့ ချစ်သူ ဇနီးဘဝကိုတော့ ...ယ်နည်းနှင့်မှ မခံယူလိုပေ။ ကောင်းစစ်လေးကို သံယောဇဉ် ...ယ်နေ၏။ ဒါပေမဲ့လည်း ရုပတ်ဝန်းကျင်မှာ အထင်သေးစရာ ...ခြအနေကိုတော့ ရှု မလုပ်လိုပေ။ ကိုသြရသကိုပဲ ရှု ရွေးချယ် ...။ သူမ အိပ်ရာမှထတော့ ခန္ဓာကိုယ်က လေးလံနာကျင်နေ ...ည်။ ရှု ဖုန်းကိုဖွင့်လိုက်သည်နှင့် ကိုသြရကဖုန်းက ဝင်လာ၏။ ...တ်ကပါ လေးလံထိုင်းမှိုင်းလာသည်။

'ရှု နိုးပြီလား၊ ကိုယ် လမ်းထိပ်ကနေ စောင့်နေမယ်၊ ... အေးအေးဆေးဆေးပြင်ဆင်ပါ၊ ကိုယ့်ကို အားမနာနဲ့၊ ရှုကို ...ချင်လို့၊ ညက အိပ်လို့တောင်မပျော်ဘူးကွာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုသြရသက ရှအတွက် အမြဲတမ်းရှင်လန်းတက်ကြွ… ဂရုတစိုက်ရှိလွန်းနေသည်။ ရှလေးစားရမယ့် ဦးသွန်းစစ်ကလည်း… ရှကို ဒေါက်တာသြရသကိုပဲ ရွေးချယ်ပါတဲ့။ ရှကို မချစ်နိုင်… ဘူး။ ရှ ရေချိုးခန်းထဲဝင်လာသည်။ ဦးသွန်းစစ် အရက်… အရမ်းသောက်ပြီး အိပ်ခန်းထဲမှာ တစ်စုံတစ်ခုများ ဖြစ်နေပြီလား ဟု ရူးသွပ်စွာတွေးမိနေသည်။ မုန်းလိုက်တာ။ ဦးသွန်းစစ်… ကြောင့် ရှရင်တွေ ဘာဖြစ်လို့ ပူလောင်နေရတာလဲ။ လောကကြီး ကလည်း ရတာမလို လိုတာမရပါလား။ ရှ ရေယန်းအောက်… တိုးဝင်လိုက်သည်။

'No, No, ငွေခရ၊ ကိုယ့်ကို မတွဲနဲ့ ရတယ်၊ ကိုယ်… မမူးပါဘူး၊ မှန်တယ်၊ မင်းရွေးချယ်သင့်တာက ဒေါက်တာသြရ… ပဲ'

ရှက ကိုသြရသကိုပဲ ရွေးချယ်မယ်လို့ ထင်နေလား… ရှရင်ထဲမှာ ဘယ်သူရှိနေတယ်ဆိုတာရော သိလား။ ဟုတ်တယ်… ရှ ရွေးချယ်သင့်တာ ဒေါက်တာသြရသပဲ။ ရွေးမယ်။ အကြင်… တရားမရှိတဲ့လူကြီး။ ရှ တွေးရင်း ဒေါသတွေဖြစ်လာပြီး ရေယန်း အောက်မှာ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်သွားသည်အထိ ရပ်နေ သည်။



'မမ… မမ… ဒုန်း… ဒုန်း… ရေချိုးခန်းထဲမှာ …ဘာလုပ်နေတာလဲ၊ ကြာလိုက်တာ မမ'

ရေချိုးခန်းတံခါးကို တဝုန်းဝုန်းထုသံ ကျယ်လောင်လာ… သူမ အသိဝင်လာပြီး ရေယန်းကို ပိတ်ပစ်သည်။

'မမ'

'မမ'

'အီး… အီး…'

ကောင်းစစ်လေးခေါ်သံနှင့် ငိုသံကြောင့် ရှ တဘက်ကို …ကိုယ်ခန္ဓာမှာပတ်ပြီး ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။

'သား ဘာဖြစ်တာလဲ၊ မမ ဘာဖြစ်လို့လဲ'

'ဟင်…'

ရှအတွက်နှင့် ဦးသွန်းစစ်ဦးကလည်း အခန်းထဲပြေးအဝင် …သည်။ ကောင်းစစ်လေးက ရှကိုတွေ့တော့ အငိုရပ်ပြီး ဖက် …၏။ သူက ရှကိုကြည့်ပြီး မျက်နှာအကြည့်ကို ချာခနဲလွှဲပစ် …သည်။

'မမ အကြာကြီးပဲ ရေချိုးခန်းထဲမှာ သားသားခေါ်တာ …ကြားဘူး၊ မမ သေနေပြီထင်လို့'

'ကောင်းစစ်လေးရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစစ်လေးပါးကို ရှု နမ်းရှိုက်ရင်း ရှု နှစ်သိမ့်နေ
တော့ သူက အခန်းထဲမှထွက်သွားသည်။ ဘုရားရေ… ရှု
ခန္ဓာကိုယ်တစ်ပိုင်းလောက်ပဲ တဘက်နှင့် ကာကွယ်ထားမိတ
ပါ။ အမလေး… ရှက်လိုက်တာ။ သူ့ကို ကောင်းကောင်းမွန်မွန်
တွေ့လိုက်ရတော့လည်း စိတ်သက်သာသွားသည်။

'မမ ဘာမှမဖြစ်ပါဘူး ကောင်းစစ်လေးရယ်၊ ရေချိုး
တာ ကြာသွားလို့ပါ၊ တိတ်တော့နော်'

'မမ'

'ပြော'

'သားသား ကျောင်းသွားတော့မလို့၊ ခြံထဲအထိ လိုက်
ပေးပါ'

'မမ ရေတွေစိုနေတယ် ကောင်းစစ်လေးရယ်၊ မာမီ
ပဲ သွားနော်၊ ကြည့်ပါဦး… ကျောင်းသွားခါနီး မမကို လာနှုတ်
ဆက်တဲ့ကလေး၊ အရမ်းလိမ္မာတယ်'

'မမကို ချစ်တယ်'

'ကောင်းစစ်လေးရယ်'

ကောင်းစစ်လေးက ရှုပါးပြင်ကို ရွှတ်ခနဲနမ်းရှိုက်ပြီး
ပြေးထွက်သွားသည်။ အရင်ကနှင့် လုံးဝမတူအောင် ကောင်းစ





သား လိမ္မာလွန်း၏။ ရှုကိုတော့ မျက်စိအောက်က အပျောက်မခံ
သေး၊ ရှု ဘာဆက်လုပ်ရမှာလဲ။ ဦးသွန်းစစ်ဦးနှင့် ကောင်းစစ်လေး
အား ရှု သံယောဇဉ်ဖြတ်ထားသင့်သည်ဟု ထင်သည်။ ရှု ပြင်ဆင်
ပြီး အောက်ထပ်ဆင်းလာတော့ ဧည့်ခန်းမှာ ဦးသွန်းစစ်နှင့် ဆုံ၏။
လိုက်ပို့မလားဟု တွေးနေဆဲမှာပင် သူက ရှုကို နှုတ်ဆက်ဖော်ပင်
မရဘဲ ကားမောင်းထွက်သွားသည်။

'မေမေဝေက ရှုကို လိုက်ပို့ပေးလိုက်လို့ပြောတာ အင်း
ဆိုပြီး အစ်ကိုကြီး ဘာဖြစ်လို့မပို့ပေးတာလဲ၊ ရှုတို့ ရန်ဖြစ်ထား
လို့လား'

'အင်း…'

အလုပ်သမားအဒေါ်ကြီးကို ရှု ရှည်ရှည်ဝေးဝေး ဘာမှ
ပြန်မဖြေမနေတော့ဘဲ ထွက်လာခဲ့သည်။ ဦးသွန်းစစ်ဘက်ကနေ
ထောင်၍ ရှုကို စိမ်းကားလာ၏။ ကောင်းပါတယ်။ ရှုကလည်း
ဦးသွန်းစစ်ကို အမိဖမ်းတဲ့ မိန်းမတစ်ယောက်အဖြစ် မရပ်တည်နိုင်
ပါဘူးနော်။ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ပြောပြီး
နောက်ချင်းပြန်ရုပ်သိမ်းပစ်တာ ရှင် အရှုံးလား။ ရှင်ကြီးက မိန်းမ
သွေကို အထင်သေးနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှ မကျေမနပ်နှင့် အပြင်ထွက်လာတော့ အိမ်နှင့်မလှမ်း မကမ်းတွင် ဒေါက်တာဩရသနှင့် ဆုံသည်။

'စောစောကပဲ ဦးသွန်းစစ် ကားနဲ့ဖြတ်သွားတယ်၊ ကိုယ့်ကိုတောင် လက်ပြနှုတ်ဆက်သွားသေးတယ်'

'မာမီဝေနဲ့ရော တွေ့လားဟင်'

'မာမီဝေနဲ့တော့ မတွေ့ပါဘူး၊ ရှ ဘာကိုကြောက်နေတာလဲ၊ ရှဘဝရဲ့ အကောင်းဆုံးရွေးချယ်မှုလေ၊ သူတို့ လက်ခံသင့်တယ်'

ရှ တွေဝေကြောက်ရွံ့နေတာကိုပဲ မကျေမနပ်ဖြစ်ရသည်။ သူက ရှအတွက် အသင့်တော်ဆုံးယောကျ်ားတစ်ယောက်ပဲ။ ရှဘဝအား အမြင့်မားဆုံးအဆင့်အထိ ဖြည့်စွမ်းပေးနိုင်နေ၏။ မိဘဆွေကောင်းဆိုရင် လက်ခံပေးသင့်သည်။

'ဦးသွန်းစစ်ကို ရှ သံယောဇဉ်တွယ်နေတာတော့ မဟုတ်ပါဘူးနော်'

'ဟင်…'

'ကိုယ် သတင်းကြားတာတော့ သူက မိန်းမတွေကို မုန်းတီးအထင်သေးနေတာတဲ့၊ မာမီဝေက ရှကို ချွေးမအတင်းတော်ပစ်ရင် သူရော ရှဘဝပါ ထပ်ပြီး သောကတွေနဲ့နစ်မွန်းရမှာပါ'





'အို… အဲဒီအထိမတွေးပါနဲ့ ကိုဩရသ၊ သူတို့က အကောင်းတွေပါ၊ လောလောဆယ်မှာ ဘယ်နည်းနဲ့မှ ဥပေက္ခာပြုထားနိုင်တာပဲ ရှိတာပါ'

'ရှ'

'ဟင်…'

'ကိုယ့်မေမေနဲ့ တွေ့ပါ၊ ကိုယ် ပြတ်သားပါရစေ၊ ရှကို စိတ်မချဘူး၊ လက်မထပ်နိုင်သေးရင်တောင် စေ့စပ်ထားချင်တယ်၊ ပေါ်ပေါ်တင်တင် ပိုင်ဆိုင်ထားချင်တယ်'

ရှလည်း ပြတ်သားချင်ပါတယ်။ ဦးသွန်းစစ်ဦးဆီက အချစ်တွေကိုလည်း ရှ တောင့်တမနေချင်ပေ။ ဟုတ်တယ်။ ရှ တွေ့မယ်။ ကိုဩရသအမေနဲ့တွေ့ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

'ရှ တွေ့ပါ့မယ်၊ ကိုဩရသရဲ့မေမေနဲ့ တွေ့ပြီးမှ ရှ တစ်စုံတစ်ခု ဆုံးဖြတ်ပါ့မယ်'

'ကိုယ် ဝမ်းသာလိုက်တာ ရှရယ်၊ မေမေက ရှကို တွေ့ချင်တယ်၊ ကိုယ့်ကို စိတ်ချမ်းသာစေချင်တယ်၊ ရှကိုတွေ့ရင်လည်း အရမ်းချစ်သွားမှာ၊ ကိုယ့်မေမေရော ညီမလေးရောက အဆင့်အတန်းမခွဲခြားတတ်ပါဘူး ရှရယ်'

ရှ တွေ့ကြည့်ရမယ်။ တိတိကျကျ ပြတ်ပြတ်သားသား



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်သင့်သည်။ ရုကတော့ ကောင်းစစ်လေးကို မွေးစားချ ၏။ စောင့်ရှောက်လိုသည်။ ဖခင်ရဲ့မေတ္တာကို ငတ်နေတဲ့ကလေ ပါ။ ကိုညြရသက ဒေါက်တာတစ်ယောက်ပဲ။ ကြင်နာသနားတ မှာပါ။ ရု ကောင်းစစ်လေးအတွက်လည်း ဒေါက်တာညြရသအ ရွေးချယ်ခြင်းဖြစ်သည်။

'ရုဆုံးဖြတ်တာ မှန်တယ်၊ ကိုယ်က ရုအတွက် အားကိုး အားထားပြုနိုင်တဲ့ ယောက်ျားပါ'

'ကိုညြရသ'

'ပြောလေ ရု'

'ရု တစ်ခုလောက်တောင်းဆိုချင်တယ်၊ ရမလားဟင်'

'မေးနေရသေးလား ရုရယ်၊ ရုဆန္ဒက ကိုယ့်ဆန္ဒပဲ ပြောလေ'

သူက ရုလက်လေးကို ဆုပ်ကိုင်သည်။ ရု မငြင်း ရင်ထဲမှာ လှုပ်ရှားမှုကင်းမဲ့နေတာ ရုပင် အံ့ညြနေ၏။ နောင်တ ရသွားမလား အချစ်ဆိုတာကို မစဉ်းစားချင်။ ဦးနှောက်နှင့် ဆုံးဖြတ်တာမျိုးပဲ ဖြစ်သင့်သည်။

'ကိုယ် ညနေလာခေါ်မယ်၊ ရု နေလို့ဖြစ်တယ်မဟုတ် လား'





'ရပါတယ် ကိုညြရသ၊ ရု အတန်းနောက်ကျမယ်လို့ နှုန်းဆက်ပြောထားပါ့မယ်'

'ရု ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်းမပြောနိုင်ရတာလဲ၊ ကိုယ့်ကို ရွေးချယ်တာ ရု မမှားပါဘူးကွာ၊ သူတို့ စိတ်အေးပြီး ထမ်းသာရမှာ'

ကိုညြရသက မာမီဝေတို့မိသားစုကို ဝေဖန်ပြစ်တင်တာ မျိုး မနှစ်သက်မိ။ သူက နှုတ်ဆက်သွားတဲ့ ရုကို စောစောက ဘာတောင်းဆိုမလို့လဲ ပြောလေတဲ့။ ရုတောင်းဆိုမည့်စကားက ကိုညြရသအား အနှောင့်အယှက်စကားတွေပဲ ဖြစ်သွားနိုင်၏။ ရု ဆက်ပြီးမတောင်းဆိုချင်ပေ။ သူက အတင်းအကျပ်တောင်းဆို နေသည်။

'ရု ဘာဖြစ်ချင်တာလဲ၊ ကိုယ် လိုက်လျောမယ်။ ရုကို အရမ်းချစ်လို့ပါ၊ ပြောပါ ရုရယ်'

'ရု တောင်းဆိုမှာက မာမီဝေ့မြေးလေး ကောင်းစစ်ဦးကို ရု မွေးစားချင်ပါတယ်'

'ဘာပြောတယ် ရု'

'ရုဆန္ဒပါ၊ ကလေးကို အရမ်းသနားတယ်၊ ရုကိုလည်း အရမ်းသံယောဇဉ်တွယ်နေတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့မှာ အဖေရော အတွားရော ရှိနေတာပဲ၊ မင်း ဘာဖြစ်လို့ စိတ်ပူနေရတာလဲ ရှု၊ သူတို့က ချမ်းသာကြတယ်လေ'

ရှု ဆက်ပြီးရှင်းပြမနေချင်တော့ပေ။ ကိုသြရသကိုလည်း ရှု အပြစ်မတင်လိုတော့။ ဦးသွန်းစစ်ဦးလို ဖခင်တစ်ယောက်က တောင် ကိုယ့်ရင်သွေးကို မလိုလားတာပဲ။ အသိအမှတ်ပင် မပြုခဲ့။ ရှု တောင်းဆိုကြည့်တာပါ။ မဖြစ်နိုင်ပါဘူးလေဟု ရှု ပြောပြီး သင်တန်းတွေဆီကိုပဲ ရှု လှမ်းထွက်လာခဲ့သည်။

❧ ❧ ❧



(၂၀)

ငွေခရဆိုတဲ့ ကောင်မလေးက ပညာရော၊ ရုပ်ရည်ရော ဆိုးပေမယ့် မိမိကတော့ မျိုးရိုးကို မကြိုက်ပါဘူး။ သားသြရသ က ဖွတ်အတင်းတောင်းဆိုနေ၍သာ လက်ခံလိုက်ရခြင်းဖြစ်သည်။ သားက ငွေခရကို နှစ်သက်လွန်းနေကာ တယုတယလုပ်လွန်းနေ၍ စိတ်ပျက်မိသည်။

'မေမေ… ဒါ သားချစ်သူ ငွေခရပါ၊ ဆေးကျောင်း တက်နေပါတယ်၊ ရှု ဒါကိုယ့်မေမေ'

'ဟုတ်ကဲ့'

'သားက မင်းကို အရမ်းနှစ်သက်နေတယ်လေ၊ အန်တီ ကတော့ သားဆန္ဒက အန်တီ့ဆန္ဒပါပဲလေ'

ငွေခရကို ဒေါ်သော်တာချစ် မနှစ်သက်ပေ။ သမီးက သည်း လက်မခံ။ သားဆန္ဒကြောင့် အခြေအနေအရ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေရသည်။ မိမိ အဆင့်အတန်းမခွဲဘူးဆိုပေမယ့်လည်း ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့သားကိုတော့ ဂုဏ်ဒြပ်တွေပြည့်စုံတဲ့ မိန်းကလေးနှင့်ပဲ လက်ထပ်စေချင်သည်။ ကြည့်ပါဦး။ ငွေခရုတ ရပ်ကွက်လေးထဲက အဆုတ်ရောဂါဝေဒနာရှင် မိန်းမတစ်ယောက် ရဲ့သမီး။ ရုပ်ရှင်လက်မှတ်တွေ မှောင်ခိုရောင်းရင်း သားနဲ့တွေ့ တာတဲ့လေ။

ဒေါ်သော်တာချစ် ဒီလောက်အထိတော့ သားရဲ့လွတ်လပ် ခွင့်ကို ခွင့်မပြုနိုင်။ ဒါပေမဲ့ ဒေါ်သော်တာချစ် အဆင်ပြေအောင် အခြေအနေအရ သဘောကောင်းချင်ယောင်ဆောင်ပြီး ဆက်ဆံ နေရသည်။

'အန်တီကတော့ သားဖြစ်ချင်တာတွေကို ငယ်ငယ်လေး ကတည်းက ဖြည့်ဆည်းပေးတဲ့ အမေပါကွယ်၊ သားနှစ်သက်တဲ့ သူနဲ့ လက်ထပ်ဖို့ သဘောတူရမှာပေါ့လေ'

'တွေ့လား ရု၊ ကိုယ်ပြောသားပဲ၊ ကိုယ့်ဆန္ဒပါပဲ... ရုကို အမြန်ဆုံးဖြစ်အောင် စီစဉ်မယ်၊ ရုကို ပိုင်ဆိုင်ချင်ပြီကွာ'

ကိုသြရသရဲ့မေမေ ဒေါ်သော်တာချစ် မျက်ဝန်းအရိပ်တွေ က ရုနှင့်အကြည့်ချင်းဆုံမိစဉ် တင်းမာခက်ထန်နေသဖြင့် ရုစိတ် ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ ကိုသြရသအမေက သဘော





ဘူတာမှ ဟုတ်ရဲ့လား။ သားရှေ့မှာ ဟန်ဆောင်နေတာဆိုရင်တော့ ရု ကြောက်လာသည်။

'သမီး ဘာမှမပူပါနဲ့ကွယ်၊ သားချစ်တဲ့မိန်းကလေးကို အန်တီတို့လည်း ချစ်ရမှာပဲပေါ့'

ရု ပြန်ချင်နေသည်။ ကိုသြရသတို့ အိမ်မှာနေရတာ ရု စိတ်တွေ မလုံမလဲနှင့် စိတ်ကျဉ်းကျပ်နေ၏။ ရုကို လိုလိုလားလား ရှိရဲ့လား။

သူ့အမေရဲ့ ဖော်ရွေမှုက ကြောက်စရာကောင်းလွန်း သည်။

'ရု ပြန်ပါရစေ'

'ညစာစားပြီးမှ ပြန်ပါ ရု'

'ရု မစားတော့ပါဘူး၊ အိမ်ကလူတွေ စိတ်ပူနေမှာစိုး လို့ပါ'

'မင်းက မိဘတွေနဲ့နေတာလား ရု'

'မဟုတ်ပါဘူး၊ အဒေါ်နဲ့နေတာပါ၊ သူများအိမ်မှာနေရ တာမို့ ပြန်ပါရစေတော့'

'ရုအဒေါ်ပါ မေမေ၊ မြစိမ်းရောင်ကုမ္ပဏီကလေ'

'ဟိုလေ'



www.burmeseclassic.com

www.burmeseclassic.com



'ရု သွားကြမယ်၊ နောက်မှ မင်းအဒေါ်ကိုလည်း မေမေနဲ့ တွေ့ပေးရမယ်'

ရုလက်ကိုဆွဲပြီး ကိုသြရသက ဆွဲခေါ်လာသည်။

'ကိုသြရသမေမေက အဆင့်အတန်းမခွဲခြားဘူးဆို'

'လောလောဆယ်တော့ ကိုယ် ဘာမှမပြောပြချင်သေးဘူး ရုရယ်၊ ကိုယ် လက်ထပ်မယ့်မိန်းကလေးကို အထင်မသေးစေချင်တာပါ၊ မေမေတို့ သဘောမတူလည်း ကိုယ်က ရုကို လက်ထပ်မှာပဲ'

ရုလက်လေးကို သူ မြတ်နိုးစွာဆုပ်ကိုင်ထားသည်။ သူက လည်း နည်းနည်းကြီးကျယ်ချင်ပေမယ့် ရုကိုတွေ့တော့ အရိုးအမှုံးပဲ စွဲလမ်းနှစ်သက်သွား၏။ ရုကိုရဖို့ သူ ဘာလုပ်ရ လုပ်ရပါ။ ရုသူငယ်ချင်းဖြူစင်နှင့်ပင် ခင်မင်အောင်ပေါင်းပြီး အကူအညီတွေပေးခဲ့သည်။ ဂုဏ်ဒြပ်တွေထက် သူ့နှလုံးသားထဲ က ရုအား နက်ရှိုင်းစွာ ချစ်မြတ်နိုးမိသည်။

'ရု'

'ဟင်...'

'ကိုယ်ကတော့ ဘယ်လိုအကြောင်းနဲ့မှ ရုကိုစွန့်လွှတ်မှာမဟုတ်ဘူးနော်'





'ကိုသြရသ မေမေကိုလည်း စိတ်ချမ်းသာစေချင်ပါတယ်၊ သူ့သဘောတူညီမှုကလည်း အလိုအပ်ဆုံးလို့ထင်တယ်'

'ကိုယ့်မေမေက သဘောတူတာပဲ၊ ရုကို ဘယ်လောက် အရေးတယူဆက်ဆံလဲ၊ ကိုယ့်မေမေက ကိုယ်စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်ဘူး'

'ရုအဒေါ်က သူစိမ်းဆိုတာတော့ ရု ပြောပြချင်တယ်၊ လူကြီးတွေကို မလိမ်ချင်လို့ပါ'

'ကိုယ်သိနေတာပဲ ရုရယ်၊ ဘာမှမစိုးရိမ်ပါနဲ့၊ အရေးကြီး တာက လက်ထပ်ပွဲကျင်းပနိုင်ဖို့ပဲ၊ ကိုယ် ရုကို လက်လွှတ်ဆုံးရှုံးမှာ အရမ်းကြောက်နေတယ်၊ အဲဒီအိမ်မှာထားရတာ စိတ်မချတော့ဘူး၊ ကိုယ် ညတောင်အိပ်လို့မပျော်ဘူးကွာ'

ကိုသြရသက လူကောင်းတစ်ယောက်ပါ။ ဖြူစင်က အပြည့်အဝ ထောက်ခံနေသည်။ ရု ရွေးချယ်သင့်ပါတယ်တဲ့။ ရုကိုလည်း ချစ်မြတ်နိုးလွန်းပြီး တယုတယရှိ၏။ ကောင်းစစ်လေး ကို လက်မခံသေးတာတစ်ခုပဲ ရှိသည်။ ကိုသြရသက ရုကို အိုက်ပို့သည်။

'ရု'

'ဟင်...'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို လက်ထပ်ပါ၊ ကိုယ့်အပေါ် မစိမ်းပါနဲ့၊ ရှုံးသာလွဲရရင် ကိုယ့်ဘဝ ဘယ်လိုဖြစ်သွားမလဲတောင် မသိဘူး ရှုက ကိုယ်အရမ်းချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ'

ကိုသြရသရဲ့မေမေကတော့ ရှုကို အလွယ်တကူ သဘောတူလက်ခံမည် မဟုတ်ပေ။ မျက်ဝန်းအကြည့်တွေက မာထန်လွန်းသည်။ နှုတ်ခမ်းတွေကသာ အပြုံးတွေ တင်ထားတာပါ။ ရှုကို စိုက်ကြည့်လိုက်တာ အထင်သေးမလိုလားသော မျက်ဝန်းတွေပင် ဖြစ်နေသည်။

'ရှု ပြန်တော့မယ်၊ စိတ်ချပါ၊ ကိုသြရသမေမေက ကြည်ကြည်ဖြူဖြူ သဘောတူရင် ရှု ကိုသြရသကို လက်ထပ်ပါ့မယ်'

'ကိုယ့်ကို ရှု ချစ်ရဲ့လား၊ ပြောစမ်းပါဦး ရှုရယ်'

သူက အလောတကြီးမေးရင်း ရှုလက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားသည်။

လမ်းထိပ်မှာ ကားကိုထိုးရပ်ထားသဖြင့် ပတ်ဝန်းကျင်ကို ရှု အထိတ်တလန့်နှင့် ကြည့်မိသည်။

'ရှု ဘာကိုကြည့်နေတာလဲ၊ ဟိုအိမ်ကလူတွေကိုလား ပြေပါကွာ၊ ကိုယ့်ကိုချစ်တယ်မဟုတ်လား'



'ရှု လက်ထပ်ပါ့မယ်လို့ ပြောထားပြီးပြီပဲ၊ ကိုသြရသ ...ဲ ရွေးချယ်မှာပါ'

'ကိုယ့်ကို ချစ်ရဲ့လား ရှုရယ်၊ ဖြေစမ်းပါ'

ရှု စိတ်ရှုပ်သွားမိသည်။ ကိုသြရသကို စတွေ့ကာစက ...ာ့ ရှုရင်တွေခုန်ပြီး ချစ်သွားမိသလိုလိုရှိပေမယ့် ဦးသွန်းစစ်နှင့် ...ိသလောက် ပျော်ရွှင်လှုပ်ခါမှု ကင်းမဲ့နေသည်။ ချစ်တယ်ဆို ...ကားကို ဝန်ခံအဖြေပေးဖို့ ရှုစိတ်က ငြင်းပစ်ချင်နေ၏။ ရှု ...ချယ်သင့်လို့ ရွေးချယ်တာမျိုးပဲ ဖြစ်နေသည်။

'ရှု သွားတော့မယ်နော်၊ အရမ်းနောက်ကျနေပြီ၊ ရှုက ...များအိမ်မှာနေရတော့ စည်းကမ်းရှိဖို့လိုအပ်ပါတယ်'

ရှု ပြောပြီး ကားပေါ်ကနေ ဖွတ်ပဲဆင်းသည်။ ရှု ရှေ့ ...ဆက်လျှောက်လာတော့ ဦးသွန်းစစ်ဦးကားက နောက်မှလိုက်လာ ...။ ရှုကို အရေးပင်မလုပ်။ ကားကို ဆက်မောင်းသွားသည်။

'ရှင် သိပ်ကြီးကျယ်တဲ့လူကြီးပဲ၊ ရှုကိုများ စောင့်ကြည့် ...၊ ရှု ကိုသြရသကိုပဲ လက်ထပ်ပြမယ်'

ဦးသွန်းစစ် လုပ်သွားတဲ့ပုံစံက ရှုကို တစ်ကြိမ်တစ်ခါမှ ...တော်သက်ဖူးတဲ့ လူတစ်ယောက်လို စိမ်းကားလွန်းသည်။ ...င်းစစ်လေးကို လက်ခံခိုင်းတာနဲ့ပဲ ရှုကို မုန်းတီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခြံထဲဝင်လာတော့ သူက အပေါ်ထပ်သို့တက်သွားသည်။

'ရှလေး နောက်ကျလိုက်တာ၊ မာမီဝေ စိတ်ပူနေတာ သားကြီးနဲ့ အတူတူပြန်လာတာလား'

'ရှတစ်ယောက်တည်းပါ'

မာမီဝေနှင့်လည်း ရှ စကားတွေအကြာကြီးမပြောလို့ အပေါ်ထပ်ပဲ တက်လာခဲ့သည်။ ရှစိတ်တွေ လေးလံနေပြီး အိ ပေါ်သို့ ပစ်လှဲချလိုက်၏။ ကိုဩရသအချစ်တွေကို ရှ လ လိုက်မိပြီလား။ အချစ်ဆိုတာ ရှရင်ထဲမှာ ခါးသက်နေသည်။

'ဦးသွန်းစစ်… ရှင်ကြီးက ရှကို အထင်သေးတာလား ရှင့်ကို အမိဖမ်းမယ်ထင်နေလို့လား'

ရှရင်ထဲမှာ နာကျင်မှုတွေနှင့် ပြည့်နှက်နေသည်။ ဒေါ တွေလည်း ဖြစ်ရ၏။ ဦးသွန်းစစ်အပေါ် မကျေနပ်။ ရှ စေ မေတ္တာတွေကို စော်ကားနေသည်။ ဘယ်လိုလူလဲ။ ဒေါ် ဩရသက ရှကို ချစ်လွန်းသူ။ ဂရုတစိုက်ရှိလွန်းသူဖြစ်နေပေ ရှစိတ်က ငြင်းပယ်ချင်နေသည်။

'ကောင်းစစ်လေးကို တာဝန်ယူခွင့်ပေးပါ'

ကိုဩရသက ထိုအချက်ကို မလိုက်လျောချင်။ သူ အပြစ်မရှိပေမယ့် ရှနှလုံးသားတွေက ကောင်းစစ်လေးအ



ရောက်စက်လိုပေ။ ရှမျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နေသည်။

'ရှလေး ခဏလောက်ဆင်းခဲ့ပါဦးကွယ်၊ မာမီဝေ စကားနည်းနည်းပြောချင်လို့ပါ'

'ဟုတ်ကဲ့'

ရှ အခန်းဝမှာ မာမီဝေ လာရပ်ပြီး ပြောစရာရှိသည်ဟု ပြော၍ ပြန်ထွက်သွားသည်။ ဘာပြောမလို့လဲ။ ရှလည်း ဒေါက်တာဩရသနှင့် လက်ထပ်တော့မယ့်အကြောင်း ပြောပြမယ်။ ရှ ပြန်ထွက်လာခဲ့သည်။ ဧည့်ခန်းမှာ မာမီဝေ ထိုင်နေ မျက်နှာပေါ်မှာ စိတ်သောကတွေ ဖိစီးနေကြောင်း သိသာနေသည်။

'မာမီဝေ'

'ရှလေး'

'ပြောလေ မာမီဝေ'

'သားကြီးအခြေအနေ သိပ်မကောင်းဘူးလို့ ထင်တယ်ကွယ်'

'ဘာဖြစ်လို့လဲဟင်'

'နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားဖို့ စီစဉ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူတစ်ယောက်တည်းလား'

'ဟုတ်တယ် ရှ၊ မနေ့က မာမီ့ကို ပြောတယ်၊ သူ ဒီမှာ ဆက်မနေချင်တော့ဘူးတဲ့၊ သူ့ဘဝကို အရက်ထဲမှာ နစ်မွန်း မနေချင်လို့ပါတဲ့၊ အရက်ဖြတ်လိုက်ပြီတဲ့'

'ကောင်းပါတယ် မာမီဝေ၊ သူလုပ်ချင်တာ လုပ်ပါစေ အရက်ဖြတ်တာ ကောင်းတာပဲဟာ'

'ကျန်းမာရေးထိခိုက်နေတယ် ထင်တယ်၊ အစားသော့ လည်း သိပ်မစားဘူး၊ အရက်နာကျမှာ မာမီ စိတ်ပူနေတယ်'

'သူက ရှတို့ထက် အသက်အရွယ်ကြီးပါတယ်၊ ရှပြော လို့ အပိုပဲဖြစ်နေမှာပါ၊ ထားလိုက်ပါ မာမီဝေရယ်'

'ရှလေး'

'ရှင်...'

'သားနဲ့ လက်ထပ်ပါ'

'ရှင်...'

'သူငယ်ချင်းသော် ရှိစဉ်ကတည်းက မာမီဝေတို့ လူကြီး တွေ သဘောတူခဲ့ကြတာလေ၊ ဒီစာက ရှကို သော်က မသေခင် ရေးပေးထားခဲ့တာပါ၊ ဖတ်ကြည့်ပါဦး ရှ'

မေမေ့လက်ရေးနှင့် ရေးထားသောစာကို ထုတ်ပေး





သည်။ ရှအံ့သြနေ၏။ စာကိုဖတ်လိုက်တော့ မေမေက မာမီဝေ နှင့် မတွေ့ဆုံခင်ကတည်းက အဆုတ်ကင်ဆာဖြစ်နေပြီး မာမီက ပြုစုကုသပေးလို့ သက်သောင့်သက်သာ နေထိုင်ခဲ့ရကြောင်းနှင့် မာမီဝေ့ဆန္ဒအရ မောင်သွန်းစစ်ဦးနဲ့ လက်ထပ်ပါတဲ့။ မေမေလည်း စိတ်အေးရပါတယ်တဲ့။ ရှ ငိုမိသည်။

'ရှလေးက လက်မခံချင်ဘူးဆိုတာ သဘာဝကျပါတယ် ကွယ်၊ ဝမ်းမနည်းပါနဲ့၊ ရှလေး ငိုနေတာ မမြင်ချင်ပါဘူး၊ ဒါပေမဲ့ မြေးအတွက်ရော သားကြီးအတွက်ရော အသင့်တော်ဆုံးထင်လို့ ပါ'

'ဦးသွန်းစစ်က ရှကို လက်ထပ်ချင်တဲ့ဆန္ဒ မရှိပါဘူး မာမီဝေ၊ အတင်းအကျပ်စီစဉ်ရင် မာမီဝေပဲ ထပ်ပြီး စိတ်သောက တွေ ရောက်ရပါလိမ့်မယ်၊ ရှလည်း ဒေါက်တာသြရသကိုပဲ ရွေးချယ်လိုက်ပါပြီ'

'ဟင်... မာမီဝေက နောက်ကျသွားတာလား၊ အဲဒီလို ဖြစ်မှာကို အရမ်းကြောက်ခဲ့တာပါ ရှလေးရယ်၊ အင်းလေ... မာမီဝေလည်း အတင်းအကျပ်တော့ မစီစဉ်ချင်ပါဘူး၊ သားနဲ့ ရှလေးကို နီးစပ်စေချင်လို့ အတူတူထားခဲ့ပေမယ့် သားကိုယ်တိုင် က လက်မခံတာပဲလေ၊ ဒေါက်တာသြရသနဲ့ ရှလေး လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အကောင်းဆုံးရွေးချယ်မှုပါပဲ၊ မာမီဝေ အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်ကွယ်'

ရှာဆုံးဖြတ်ချက်တွေကို နောင်တရစွာ ပြန်၍မပြင်လိုတော့ သဖြင့် ဆုံးဖြတ်ချက်နိုင်နိုင်မာမာနှင့် မာမီဝေ့အနားကနေ ထလာခဲ့သည်။

❧ ❧ ❧



(၂၁)

သွန်းစစ်ကတော့ ရှကို ဒေါက်တာဩရသနှင့် ယှဉ်တွဲတွေ့နေရသည့်အတွက် သူ့နှလုံးသားတွေ နာကျင်နေရပေမယ့် ဆန္ဒကိုလည်း မတားချင်ပေ။ ကိုယ့်စိတ်တွေကို ထိန်းချုပ်ထားချင်တယ် ရှ။

မင်းကိုချစ်နေတာ ကိုယ်မတရားတာပဲ။ မင်းနဲ့တွေ့မှ ငြိမ်းတမ်းနေတဲ့ ကိုယ့်စိတ်တွေ နူးညံ့လာတာပါ။ မင်းကို ချစ်တယ်။

ကိုယ် နိုင်ငံခြားကို အပြီးအပိုင်သွားတော့မယ်။ မင်းနဲ့ တွေ့နေရရင် ကိုယ် စည်းကမ်းကျော်မိတော့မယ်။

ဒေါက်တာဩရသက ရှအတွက် အသင့်တော်ဆုံး ယောကျ်ားတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှု နောက်ဆံမတင်းဘဲ ရွေးချယ်လိုက်ပါ။

သူ့ အရက်သောက်ချင်တဲ့ဆန္ဒတွေကို ထိန်းချုပ်နေသည် ရှုပြောသလိုပဲ ယောကျ်ားတစ်ယောက်ဖြစ်ပြီး သတ္တိမရှိ ရှက်ဖို့ကောင်းတယ်။ သူ့အစားအစာတွေကို မစားချင်ဘဲ ဖြစ် သည်။

'ကိုသွန်းစစ်'

'မင်း… မင်း… မင်း ဘာလာလုပ်တာလဲ ထွေး ထွက်သွားပါ'

'အရက်ဖြတ်သွားတဲ့လူက အစားတွေတော့ ကောင်း ကောင်းစားရမယ်လေ'

သူမ စားသောက်စရာတွေကို ယူလာသည်။ ဦးသွန်း မနေ့ညက အပြင်ကပြန်လာပြီးကတည်းက ခွေအိပ်နေတာ အိပ် ကပင် မထပေ။ အရက်ဖြတ်ထားတာ နှစ်ရက်ရှိပြီတဲ့။ အစား အစာတွေလည်း ကောင်းကောင်းမစားဘူးဟု အလုပ်သမားတွေ ပြောသည်။

ရှု ဥပေက္ခာပြုမထားနိုင်။ စားစရာတွေ ယူလာခဲ့ ရှု ရောက်လာမှ အိပ်ရာမှ လူးလဲထသည်။

'မျက်နှာသစ်ပါ ဦးသွန်းစစ်၊ ရေချိုးလိုက်ရင် ပို





လန်းသွားမယ်၊ ကြက်စွပ်ပြုတ်သောက်ပါ၊ ပေါင်မုန့်လည်း စားရ မယ်၊ နေ့လယ်စာလည်း ထမင်းစားရမှာနော်'

'ကိုယ့်ကိစ္စတွေ မင်းနဲ့မဆိုင်ဘူး ရှု၊ ထားလိုက်ပါ'

'မထားနိုင်ဘူး၊ ဦးသွန်းစစ် အရက်ဖြတ်တာ ရှု ထောက်ခံတယ်၊ ရှု အားပေးတာပါ'

ကိုယ်လက်ထပ်မယ့် ဇနီးမယားဆိုတာ ရှုလို ယောကျ်ား ကို ယုယပြုစုပြီး တာဝန်ကျေတဲ့ မိန်းမတစ်ယောက်ဖြစ်စေချင် ခဲ့တာပါ။

မေဘယ်က ယောကျ်ားကို ပြုစုရတာ စိတ်မပါဘူး။ နေချင်သလို နေထိုင်တတ်တဲ့ မိန်းမကိုမှ လက်ထပ်မိသည်။

'ဦးသွန်းစစ် ရေချိုးပါ၊ ရှု အခန်းသန့်ရှင်းပေးထားမယ်၊ အစားအသောက်တွေလည်း ရှုရှေ့မှာ စားရမှာနော်'

သူက တစ်စုံတစ်ခုပြောဖို့ ပြင်လိုက်တာနှင့် ရှုကို ဘာမှ မပြောနဲ့။ ရေချိုးခန်းထဲဝင်ဟု အမိန့်ပေးပစ်လိုက်သည်။ သူ ဝင်သွား၏။

သူ့အိပ်ရာကို သန့်ရှင်းရင်း သူ့ဆံပင်အစအနတွေကို ရှု ယူထားလိုက်၏။ ကောင်းစစ်လေးနှင့် သွေးတူ မတူ DNA စစ်ဆေးဖို့ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တကယ့်ကို ရှုပ်ပွနေတာပဲ၊ ပေပေတေတေ နေတတ်တဲ့လူ'

အလုပ်သမားတွေကိုလည်း သူ့အခန်းထဲ တစ်ပတ်မှ တစ်ကြိမ်ဝင်ပြီး သန့်ရှင်းရေးလုပ်တာ ခွင့်ပြုသည်။ သူမ သန့်ရှင်းရေးလုပ်ပေးရင်း သူ့ခေါင်းအုံးအောက်မှ ဒိုင်ယာရီစာအုပ်လေး တစ်အုပ်ကို တွေ့လိုက်ရ၏။ မဖတ်သင့်ဘူးဆိုတာ သိပေမယ့် ဒိုင်ယာရီစာအုပ်လေးက ရေးလက်စလှန်ထား၍ ရှု ဖတ်ဖြစ်သွားရသည်။

ရှု

*မင်းကိုချစ်တယ်။ ကိုယ့်ရဲ့ ကြမ်းတမ်းနေတဲ့ နှလုံးသားတွေက မင်းကိုတွေ့မှ နူးညံ့သိမ်မွေ့သွားရတာပါ။ အရူးကတ်တွေ၊ ဂုဏ်သိက္ခာတွေ ဆင်ခြင်ဖို့အသိတွေက ကိုယ့်ခေါင်းထဲက အမှောင်တိုက်ကို ဖယ်ရှားပစ်လိုက်သလိုပါပဲ။ ဒါပေမဲ့ ရှုရယ်၊ မဖြစ်နိုင်ပါဘူး။ မင်းဘဝအတွက် ဒေါက်တာညြရသကို ရွေးချယ်သင့်လို့ ကိုယ် ခပ်စိမ်းစိမ်းပဲနေပစ်လိုက်ရတာပါ။ ကိုယ့်ရင်တွေ နာကျင်နေရတယ်။ ကိုယ် အရက်ဖြတ်ပြီ။ ရှုအတွက်ပဲ။ ရှုက ငယ်ပေမယ့် အသိဉာဏ်ရှိနေတယ်။ မင်းဖြစ်စေချင်တာက သားကောင်းစစ်လေးကို ကိုယ် လက်ခံချစ်ခင်ဖို့ မဟုတ်လား။ ကိုယ်ကြိုးစားမယ်။ ကောင်းစစ်လေးကို ကိုယ့်သားအဖြစ် လက်ခံရမှာလည်း ကိုယ် ရှောင်ဖယ်လို့မရတဲ့ အချက်ပါပဲ ရှု။ အရာအားလုံး ကိုယ် သဘောပေါက်ပါပြီကွာ။ ကိုယ် အရှုံးခံစားနေရတယ်။ ရှုကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်နေပါတယ်။*

*မဖြစ်နိုင်ဘူးထင်တယ်နော်။ ဒေါက်တာညြရသနဲ့ ရှုက ချစ်သူတွေတောင် ဖြစ်နေကြပြီပဲ။*

စာက တစ်ပိုင်းတစ်စနှင့် ရပ်နေသည်။ သူ့ရင်ထဲက ခံစားချက်တွေကို ရှု သိလိုက်ရတော့ သူ့ကို ပိုပြီးအထင်ကြီးလေးစားသွား၏။ ရှု ဘာဆက်လုပ်သင့်လဲ။ ကိုညြရသကို ရွေးချယ်ပြီးပြီ။ ဦးသွန်းစစ်ဆီက လိုလိုလားလားတောင်းဆိုမှုတွေ ရှိဘဲနဲ့ ရှုဘက်က ဘယ်လိုလုပ်ပြီး ချစ်သူအဖြစ် သတ်မှတ်လို့ရမလဲ။ ဦးသွန်းစစ်ပဲ ပြန်ရုပ်သိမ်းသွားခဲ့တာလေ။ ဘာပဲဖြစ်ဖြစ် ရှုက ကိုညြရသကို ရွေးချယ်ခဲ့ပြီးပြီလေ။ ပြင်လို့မရတော့ဘူး။

ရှု အခန်းတွေသန့်ရှင်းပြီးတော့ သူက ရေချိုးခန်းထဲက ထွက်လာသည်။

'ငွေခရု၊ မင်း အခန်းကို သန့်ရှင်းလိုက်တာပဲ၊ ကိုယ့်အိပ်ရာလည်း သန့်ရှင်းနေတယ်၊ မင်း… မင်း…'

'ရှုက ပိုင်ရှင်ခွင့်မပြုတဲ့အရာအားလုံး ဘယ်တော့မှ







www.burmeseclassic.com

www.burmeseclassic.com



ကိုင်မကြည့်တတ်ပါဘူး ဦးသွန်းစစ်၊ စိတ်မပူပါနဲ့၊ အဝတ်အစား လဲပါ'

'ရပါပြီ ရှ၊ မင်း ထွက်သွားပါ၊ ကိုယ် ဒီအစားအစာ တွေကို စားပါ့မယ်'

'မရဘူး'

'မင်း ကိုယ့်အနားမှာ မနေသင့်ဘူး ငွေခရူ'

ငွေခရူက သူရေးထားတဲ့ ဒိုင်ယာရီကို မဖတ်ဘူးတဲ့။ အင်းလေ… မင်းမသိတာပဲ ကောင်းပါတယ်။ မင်းက ဒေါက်တာ ဩရသကိုပဲ ချစ်မှာပါ။ မတန်မရာ မင်းကို မမှန်းရဲပါဘူး ငွေခရူ ရယ်။ သူမက ခေါင်းမာစွာဖြင့် သူ့အနားမှာ ရပ်စောင့်နေတာ စားစရာတွေကို သူမရှေ့မှာပင် စားသောက်စေသည်။

'အရက်မသောက်တာ ဦးသွန်းစစ် ဘဝအတွက် အကောင်းဆုံးရွေးချယ်တဲ့ ဆုံးဖြတ်ချက်ပဲ၊ အရမ်းတော်ပြီး ထက် မြက်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်နေလို့ပါ'

'မင်းက အရမ်းလာမြှောက်နေတာပဲ၊ မင်းလည်း တော် တယ်၊ မာကျောတယ်၊ ကိုယ့်စိတ်တွေကို ပြုပြင်တည့်မတ်ပေးနိုင် တယ်၊ ကောင်းစစ်လေးကိုလည်း ကိုယ် လက်ခံမှာပါ၊ ကိုယ့်သား ပဲလေ'





'အို… ရှ ဝမ်းသာလိုက်တာ၊ ကလေးမှာ အပြစ်မရှိ ပါဘူး ဦးသွန်းစစ်၊ လက်ခံပေးပါ၊ ရှတောင် သွေးမတော်သား ခေပ် ကောင်းစစ်လေးရှေ့ရေးအတွက် ပူပင်ပြီး ယောကျ်ားတစ် ယောက်ကို လက်ထပ်ယူဖို့တောင် နောက်ဆံတင်းပြီး ဝန်လေးနေ ခဲ့တယ်၊ သိလား'

'ရှ'

'ရှင်'

'မင်းနဲ့ ဒေါက်တာဩရသတို့ လက်ထပ်ကြဖို့အထိ ဆုံးဖြတ်လိုက်ကြပြီလား'

'ဟုတ်ကဲ့'

'ကောင်းပါတယ်ကွာ'

'လက်ထပ်ပါ၊ မင်းဘဝအတွက် အမှန်ကန်ဆုံးရွေးချယ် မှုပါ၊ ကိုယ် အကောင်းဆုံးလက်ဖွဲ့မယ်၊ ပြောလေ ဘာလိုအပ် သဲ'

'မလိုအပ်ပါဘူး၊ ကောင်းစစ်လေးအတွက်ပါပဲ၊ တာဝန် ယူပေးပါ၊ အဖေကို အရမ်းချစ်တယ်လေ၊ နွေးထွေးပေးပါ'

'စိတ်ချပါ ရှ၊ ကိုယ် လက်ခံမှာပါ၊ ရှချစ်တဲ့ ရှကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွယ်တာတဲ့ ကောင်းစစ်လေးက ကိုယ့်ဘဝအတွက် မရှိမဖြစ်လိုအပ်နေလို့လေ'

ဦးသွန်းစစ် ပြောနေတဲ့စကားတွေကို ရု နာကျင်နားလည်နေသည်။ သူ့ရင်ထဲမှာလည်း ရုရှိနေခဲ့တာပဲ။ ရုက ဒေါက်တာ ဩရသကို ချစ်နေမယ်လို့ထင်ရင် မှားမယ်။ ရု ရွေးချယ်သင့်လို့ပါ။ သူက ဘာမှဆက်မပြောတော့ဘဲ ရုအမိန့်ကို နာခံစွာ စားစရာတွေကို စားနေသည်။ အရင်ကလို အရက်တွေ အလွန်အကျွံ သောက်ပြီး ပြဿနာရှာမနေတော့တာပင် မာမီဝေ့အား အထူး အညီပေးရာရောက်သည်ဟု ရု ထင်သည်။

'မာမီဝေ့ကို စိတ်ချမ်းသာအောင်ထားပါနော်၊ အသက်ကြီးပါပြီ ဦးသွန်းစစ်၊ မိဘတွေ အများက သားသမီးတွေ ကောင်းစားရေး ပျော်ရွှင်ရေးပဲ အဓိကကျပြီး မှားယွင်းသွားကြရတာပါ နော်'

ရု မင်း ဘာဖြစ်လို့ ဒီလောက်အထိ အသိဉာဏ်ရှိပြီး အရွယ်နဲ့မလိုက်အောင် လိမ္မာရတာလဲ။ ကိုယ့်ရင်ထဲမှာ ရှင်းလင်းနေတယ်။ ရုကြောင့်ပါကွာ။ သူ စားစရာတွေ ကုန်သွားအောင် စားပစ်ပြီး ရုမျက်နှာလေးကို ခပ်စူးစူးလေးကြည့်မိသည်။

'စားပြီးရင်တော့ ရုသွားမယ်၊ ကျေးဇူးပဲ ဦးသွန်းစစ်





'ရုရယ်၊ ကိုယ့်ကို ဘယ်အချိန်အထိ ဦးသွန်းစစ်လို့ ခေါ်နေမှာလဲကွာ၊ စိတ်ဓာတ်ကျတယ်၊ အဘိုးကြီးဖြစ်သွားသလိုပဲ၊ အစ်ကိုတစ်ယောက်လို သဘောထားပြီး ကိုကိုလို့ခေါ်ပါလား'

'ဟာ… ရှက်စရာကြီး၊ ဦးသွန်းစစ်လို့ ခေါ်တာကမှ လေးစားမှုတွေရော စိတ်သန့်ရှင်းမှုတွေရော အားလုံးပါတယ်လေ'

'ကိုယ်လည်း ရုကို စိတ်သန့်သန့်နဲ့ ဆက်ဆံချင်တာပါ၊ ဒါပေမဲ့ ကိုကိုလို့တော့ ခေါ်ပါ၊ ကိုယ့်ဘက်က ပြန်တောင်းဆိုတာလေ၊ ရုဆန္ဒတွေအားလုံး ကိုယ်က ဖြည့်စွမ်းပေးမှာမို့ပါ ရု'

ကိုကိုဟုခေါ်ဖို့ ရု ရှက်နေသည်။ မျက်နှာတွေထူပူပြီး နှုတ်ခမ်းတွေက လှုပ်ရှားမရ။ ရယ်ပစ်လိုက်၏။ သူကျေနပ်အောင်တော့ ရု ခေါ်ပစ်ချင်သည်။ သူက တဟားဟားအော်ရယ်ရင်း ရုကို အတင်းအကျပ် ကိုကိုဟု ခေါ်ခိုင်းနေတော့။ လူတွေရှေ့မှာ ခေါ်ချင်ရင်တောင် နှစ်ယောက်တည်းရှိနေတုန်း ကိုကိုလို့ခေါ်ပါတဲ့။ ကိုယ်က ရုအစ်ကိုပဲတဲ့လေ။ သူ့စိတ်တွေကို ခွန်အားတွေ ပြည့်နေစေချင်၍ ကိုကိုလို့ ခပ်တိုးတိုးလျှလျှလေး ခေါ်မိသည်။

'ကိုကို'

'ရုရယ်… ကိုကို့ညီမလေး ရုရယ်'

သူ့လက်တွေက ရုလက်လေးကို ခပ်တင်းတင်းဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးမှ ပြန်လွှတ်သည်။ Sorry နော်လို့ပြောပြီး ရယ်မောနေ၏။ ရှလည်း ရယ်ပစ်မိသည်။

'ရှကို ကျောင်းလိုက်မပို့တော့ဘူးလား ကိုကို'

'မပို့တော့ပါဘူး ရှ၊ ညီမလေးတို့ ချစ်သူနှစ်ယောက်ကြားမှာ ကိုကိုက ရှုပ်နေသလိုဖြစ်နေပေမယ့် ရှ အားပေးတယ်နော်'

ရှ ဘာမှဖြေရှင်းမနေတော့ဘဲ သူ့အခန်းထဲကနေ ကျောခိုင်းထွက်ခဲ့သည်။ ရှ ငိုချင်လာတာလား။ ရင်ထဲမှာ ဆို့နစ်ကြေကွဲစွာ နာကျင်နေ၏။ ရှလည်း ကိုဩရသကို လက်ထပ်ဖို့အထိ ရွေးချယ်ခဲ့ပြီးပါပြီ။ ဖူးစာပဲလေ။ မျက်ရည်တွေက ကျချင်ချင်ဖြစ်လာ၍ ရှ ကျောင်းသွားဖို့ အိတ်တွေ၊ စာအုပ်တွေ ကောက်ဆွဲယူကာ အောက်ထပ်သို့ဆင်းလာသည်။

'ရှ ကားယူသွားလေ၊ သားရော စားစရာတွေ အကုန်စားတယ်ဆို'

'ဟုတ်ကဲ့'

'ရှရယ်… ကျေးဇူးတင်လိုက်တာ၊ မာမီဝေ အရမ်းစိတ်ချမ်းသာတာပဲ၊ စောစောကလေ မြေးကောင်းစစ်လေးကိုလည်း သူ့အခန်းပို့ခိုင်းတယ်'





'ဟင်… ဟုတ်လား'

ရှ ကျောင်းသွားဖို့ ပြင်ဆင်နေတုန်း ကိုကိုက သားကောင်းစစ်ကို အပို့ခိုင်းကြောင်း သိလိုက်ရ၍ ရှစိတ်တွေ ပျော်သွားသည်။ ကိုဩရသနှင့် လက်ထပ်ရင်တောင် ကောင်းစစ်လေးအတွက် ရှ နောက်ဆံတင်းနေတာပါ။

မာမီဝေ့မျက်နှာလေးလည်း ရွှင်လန်းတက်ကြွပြီး ပျော်နေသည်။ ရှ တာဝန်ကျေပါတယ်နော် မေမေ၊ ဦးသွန်းစစ်ဦးနဲ့ လက်မထပ်ဖြစ်တာတစ်ခုပဲ မေမေ့ဆန္ဒကို မဖြည့်စွမ်းပေးနိုင်ခဲ့ဘူးပါ။ မထင်မှတ်ဘဲ ရှနှလုံးသားထဲမှာ ချစ်သွားမိတာ ကိုကိုဖြစ်နေ၏။ ဒါပေမဲ့ ရှ လက်ထပ်ဖြစ်မှာက ကိုဩရသပါပဲ။ ချစ်နှင့်မသက်ဆိုင်တဲ့ အကောင်းဆုံးရွေးချယ်မှုလို့ ထင်တယ်လေ။

သူမ ကျောင်းကို အငှားကားနဲ့ပဲ ထွက်လာသည်။

'ဟဲ့… ရှ'

'ဟင်… ဖြူစင်'

ရှ ကားပေါ်မှဆင်းလိုက်သည်နှင့် ဩရသကို မတွေ့ရဘဲ ဖြူစင်ကို တွေ့ရသည်။ ကိုဩရသ ဘာဖြစ်လို့များ မလာသလဲ။ ရှကို စောင့်နေကျနေရာမှာ ဖြူစင်ပဲ ရှိနေ၏။ ကိုဩရသ



www.burmeseclassic.com

www.burmeseclassic.com



အား အရိပ်အယောင်ပင် မတွေ့ရ။ သူ့စိတ်ထဲမှာ ထူးဆန်းနေ သည်ဟုတော့ ထင်သည်။

'ကိုသြရသက ရကို ဒီနေ့ လာမတွေ့နိုင်တော့ဘူးလို့ လာပြောတယ်၊ ရကို သေသေချာချာပြောပြပါတဲ့'

'သူ ဖုန်းဆက်ပြောလို့လည်း ရသားပဲဟာ'

'ဖုန်းမဆက်တာက အကြောင်းရှိတယ်တဲ့၊ သူ့အမေ ကြောင့် ထင်တယ်၊ သူ အခု လေယာဉ်ကွင်းမှာ နိုင်ငံခြားကနေ ပြန်လာမယ့် သူ့အချစ်ဟောင်းကို သွားကြိုတာ၊ အဲဒါ ကိုသြရသ အမေက ဖြူစင့်ကို ပြောပြတာလေ'

'ကိုသြရသအမေနဲ့ ဖြူစင် သိလို့လား'

'သိတယ်၊ ဖြူစင့်အိမ်ကို ရောက်လာတာ၊ ရ အရင်က နေခဲ့တဲ့ အိမ်စုတ်လေးလားတဲ့၊ ရအကြောင်းတွေလည်း အစ် အောက်မေးသွားတယ်၊ သားရဲ့ဆန္ဒကို မလွန်ဆန်နိုင်လို့သာ ရကို ဟန်ဆောင်တွေ့တာ ဖြစ်မယ်'

'ဘာပြောတယ် ဖြူစင်'

'သိပ်သဘောတူပုံ မရဘူးဟ၊ ကိုသြရသကတော့ လူကောင်းပါ၊ နင့်ကိုလည်း အရမ်းချစ်တယ်၊ နင့်ဘဝကိုလည်း





သက်ခံတယ်၊ ဒါပေမဲ့ သူ့အမေနဲ့ ညီမက မလွယ်ဘူး၊ ကိုကို့ အနာဂတ်ကို ဖျက်ဆီးမယ့်ဟာမတဲ့'

ဖြူစင်ကလည်း ရကို မပြောမဖြစ်၍ ပြောပြလိုက်ရ သည်။ ရအတွက်ပါ။ ကိုသြရသရဲ့ အနာဂတ်ကို မဖျက်ဆီးပစ် ဖို့ တောင်းပန်တာပါတဲ့။ ဖြူစင်အား ရကို နောက်ဆုတ်ဖို့ပြောခိုင်း နေ၏။ ဖြူစင် မလွှဲမရှောင်သာရတော့ဘဲ သူငယ်ချင်းရအား ပြောပြလိုက်ရသည်။ ရက ကျေးဇူးပဲဖြူစင်ဟု ပြောကာ သူ့ အခန်းရှိရာသို့ လျှောက်လှမ်းသွား၏။ ဖြူစင်ကတော့ ကိုသြရသ နှင့် ရကို သဘောတူပေမယ့် ရစိတ်ဆင်းရဲရမှာလည်း စိတ်ပူပြီး သုံးစားဆင်ခြင်သင့်ကြောင်း အချစ်ဆုံးသူငယ်ချင်းအပေါ် တာဝန် ယူရခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

ရှ သင်တန်းတွေပြီးတော့ ရှကိုတွေ့ဖို့ စောင့်နေသူဟာ ဒေါက်တာသြရသမဟုတ်ဘဲ ဒေါ်သော်တာချစ်တို့သားအမိ ဖြစ်နေသည်။ ရှကို ကားနှင့် ခဏလိုက်ခဲ့ပါဟု ပြောပြီး လူရှင်းသည့် စားသောက်ဆိုင် သီးသန့်အခန်းတွင် တွေ့ဆုံခဲ့၏။ ရှထင်ထားတဲ့ အတိုင်းပင် ရှကို သဘောမတူနိုင်ကြောင်း ပြောသည်။

'အန်တီ့သားရဲ့ အနာဂတ်ကို မဖျက်ဆီးပစ်ချင်ပါနဲ့ ငွေခရု၊ အန်တီ တောင်းပန်တာပါ၊ မင်းရဲ့ရုပ်ရည် ပညာကို လက်ခံနိုင်ပေမယ့် မင်းဖြတ်သန်းနေထိုင်တဲ့ ပတ်ဝန်းကျင်အသိုင်း အဝိုင်းကိုတော့ လုံးဝလက်မခံနိုင်လို့ပါ၊ တစ်ချိန်တုန်းက လက်မှတ်မှောင်ခိုရောင်းပြီး အသက်မွေးဝမ်းကျောင်းခဲ့ရတာကို သားဘဝရှေ့ရေးအတွက် အဲဒီအမည်းစက်ကြီးနဲ့ မင်းကို လက် မထပ်စေချင်ဘူး ငွေခရု'





'ရှင်...'

'မေမေကလည်း ပြတ်ပြတ်သားသားပဲ ပြောပါ၊ ကိုကို နဲ့ မတန်ဘူး၊ ညည်း အေးအေးဆေးဆေး နောက်ဆုတ်ပေးပါ၊ မိန်းကလေးဘက်က လက်မခံရင် ကိုကို ဘာလုပ်လို့ရမှာလဲ၊ ပြီးတော့ နင်နဲ့အတူနေတဲ့ ကလေးအဖေနဲ့က...'

'ဟဲ့... သမီး'

'မေမေ အသာနေစမ်းပါ၊ သမီးပဲ ပြောမယ်၊ ကိုကို့ အတွက် မေမေ လိုက်လိုက်လျောလျောပြောနေရင် ကိုကို အထိ နာမှာ၊ ဒေါက်တာသြရသ လက်ထပ်မယ့်မိန်းမက ဂုဏ်ဒြပ်တွေ မပြည့်စုံရင်တောင် ဒီလိုရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းစားရတဲ့ မိန်းမတော့ လုံးဝမဖြစ်သင့်ပါဘူး'

'သားက... သားက သူ့ကို အရမ်းချစ်နေတာဟဲ့၊ မေမေ သေချင်တယ်၊ မဖြစ်မနေအရယူမှာတဲ့၊ မင်းဘက်ကပဲ နောက် ဆုတ်ပေးပါ ငွေခရု၊ ငါ တောင်းပန်တာပါ၊ နင့်ဘက်ကပဲ ငြင်း ဆယ်ပေးပါ'

'သူ့လို မိန်းမမျိုးက ကိုကို့ကို အလွယ်တကူစွန့်လွှတ် ပေးပါ့မလား မေမေရာ၊ ရှုပ်တယ်၊ ကိုကို့နဲ့ နန္ဒာ့ကို အမြင်း



www.burmeseclassic.com

www.burmeseclassic.com



အကျပ်စေ့စပ်ပစ်၊ သမီး စီစဉ်မယ်၊ ဟဲ့… နင့်ကို ပြောထားပြီး ပြီနော်၊ ငါ့အစ်ကိုနဲ့ မတန်ဘူးလို့၊ သဘောပေါက်လား'

သူတို့ဟာ သူတို့ ရှိုင်းရှိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း တွေပြောပြီး ထပြန်သွားသည်။ ရှုတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ဖြူစင်ပြောသလိုပါပဲလား။ ကိုသြရသက ရှုကိုချစ်တာမှန် ပေမယ့် သူ့အသိုင်းအဝိုင်းမှာတော့ ရှု မဝင်ဆံ့နိုင်ပါလား။ ဘာ သွေးမတော်သားမစပ်တဲ့ မာမီဝေ့ရဲ့ တူမအရင်းအဖြစ် ဟန်ဆောင် နေစေချင်တဲ့ ကိုသြရသရဲ့ ဆန္ဒကိုလည်း ရှု လက်မခံနိုင်ပါဘူး ရှုပဲ ဘဝတစ်လျှောက်လုံး စိတ်သောကတွေ၊ ကဲ့ရဲ့ရှုတ်ချမှုတွေ စိတ်ဆင်းရဲဒုက္ခတွေ ရင်ဆိုင်သွားရတော့မှာပဲ ဖြစ်သည်။ စိတ်ချ ပါ ဒေါ်သော်တာချစ်။ ရှုဘက်က ပြတ်ပြတ်သားသားငြင်းပယ် မှာပါ။

ဒေါက်တာသြရသဘက်က ဘယ်လောက်ပဲဆန္ဒပြင်းပြ ပါစေ ရှု လက်မခံတော့ပါဘူး။ ဒေါက်တာသြရသကိုလည်း ရှုနှလုံးသားတွေထဲအထိ တိုးဝင်ချစ်မြတ်နိုးခြင်း မရှိပေ။ ညနေ အတန်းတွေပြီးသွားတော့ ကိုသြရသက ရှုအား စောင့်ကြိုနေ သည်။





'ရှု'

'ကိုသြရသ'

'ရှုကို ဖြူစင် လာပြောတယ်မဟုတ်လား၊ ကိုယ်မအား ဘူးလေ'

'ပြောပါတယ်'

'ကိုယ့်ငယ်သူငယ်ချင်းတစ်ယောက်ပါ၊ နိုင်ငံခြားက ပြန်လာလို့လေ၊ ကိုယ့်စိတ်တွေက ရှုဆီပဲရောက်နေတာ၊ မနက် ဖြန်တော့ ကိုယ်တို့မေမေနဲ့ ရှုအဒေါ်ကို တွေ့ပေးမယ်၊ အချိန် စောင့်ချင်ဘူးကွာ၊ ကိုယ် ရှုနဲ့အမြန်ဆုံးလက်ထပ်မယ်၊ စီစဉ် တော့မယ်'

'မာမီဝေက ရှုအဒေါ်အရင်းမှ မဟုတ်တာပဲ ကိုသြရသ၊ ယိမ်ချင်ဘူး၊ ရှုရဲ့ ဘဝအမှန်ကိုပဲ ပြောပြထားချင်တယ်'

'မဖြစ်နိုင်ဘူးကွာ… ခဏလေးပဲ လိမ်ထားရမှာပါ၊ လက်ထပ်ပြီးရင် ကိုယ်က ရှုနဲ့ သီးခြားနေမှာ၊ မေမေတို့ သိသွား လည်း ဘာမှမဖြစ်တော့ဘူး၊ မင်းဘဝအမှန်က ဘယ်လောက် ခမ်းနားနေလို့ ဖွင့်ပြောပြချင်နေရတာလဲ ရှု၊ အမှန်သိဖို့မှ မလို ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပြောလိုက်တာလဲ ကိုသြရသ၊ ရှာဘဝအမှန်ေ မခမ်းနားလို့ ပြောပြထားချင်တာပါ၊ ရှမပြောလည်း ရှင့်အေ လာစုံစမ်းထားလို့ သိပြီးပြီလေ'

'ဘာပြောတယ် ရှ'

'ပြန်သွားပြီး မေးကြည့်ပါဦး ကိုသြရသ၊ ဘယ်လော ပဲ ချမ်းသာပြီး ကြီးကျယ်ခမ်းနားတဲ့ယောက်ျား ဖြစ်နေပါေ သူများအိမ်မှာကပ်နေရတဲ့ဘဝကို လိမ်ညာဖုံးကွယ်ပြီး လက်ထေ နိုင်ပါဘူး'

ဘာတွေဖြစ်သွားရတာလဲ။ မေမေက ရှနှင့် သူ့ သဘောတူပါသည်ဟု ပြောထားပြီးသားပဲ။ ညီမလေးကြော လား။

ရှနှင့် လက်ထပ်ဖို့ကို အပြင်းအထန်ကန့်ကွက်နေသည် ရှကို အရမ်းချစ်တဲ့အတွက် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ လက်ထပ် ဆုံးဖြတ်ထားပြီးသားပါ။ သူ ရှကို မစွန့်လွှတ်နိုင်ပါ။ ရှလက်ေ ကို ဆတ်ခနဲဆုပ်ကိုင်လိုက်သည်။

'ရှ ပြတ်ပြတ်သားသားပဲ ငြင်းပါရစေ ကိုသြရသ၊ ချ ချင်းကြီး ရှ လက်မထပ်နိုင်တော့ပါဘူး'





'ဘာပြောတယ် ရှ'

'ရှာဘဝမှာ ဘာမှလည်း အဆင်သင့်မဖြစ်သေးပါဘူး၊ ကိုသြရသ သေသေချာချာ ပြန်စဉ်းစားပါဦး၊ ကိုသြရသရဲ့ အနာဂတ်မှာ ဂုဏ်သိက္ခာတွေ ကျဆင်းစရာဖြစ်သွားရင် ရှတို့ အိမ်ထောင်ရေးက စိတ်သောကတွေနဲ့ အဆင်မပြေနိုင်လို့ပါ၊ ကိုသြရသရဲ့ မိခင်နဲ့ ညီမတို့ လက်ခံတဲ့အထိတော့ စောင့်ပေးစေ ချင်ပါတယ်'

မေမေကလည်း ရှကို သိပ်သဘောမကျကြောင်း၊ အဆင့် အတန်းနိမ့်ကျလွန်း၍ ညီမလေးကလည်း လက်မခံနိုင်ဖြစ်နေတာ ဟု ပြောခဲ့သည်။

ငွေခရက အသက်ကလည်း ငယ်သေးတယ်။ သားရဲ့ အသိုင်းအဝိုင်းထဲ ဘယ်လိုမှမဝင်ဆံ့နိုင်ပါဘူးတဲ့။ မေမေ့စကား တွေက သူ့နားထဲ မဝင်ပေ။

ရှကိုချစ်တဲ့စိတ်တွေပဲ ဖုံးလွှမ်းနေသဖြင့် ရှတ်အတင်း လက်ထပ်ယူဖို့ပဲ ကြိုးစားချင်သည်။

'ဒါဆိုလည်း ကိုယ် ကြိုးစားမယ် ရှ၊ ကိုယ်ကတော့ ရှကို ပိုင်ဆိုင်နိုင်အောင်ကြိုးစားမှာပဲ၊ မင်းဘက်က စောင့်ပေးပါ၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးသွန်းစစ်ဦးကို ချစ်ပြီး ကိုယ့်ကို ငြင်းပစ်တာတော့ မဟုတ်ပါဘူးနော် ရှ'

'အချိန်ကာလတွေက သက်သေပြသွားမှာပါ၊ ရှကတိပေးပါတယ်၊ ကိုသြရသရဲ့ အသိုင်းအဝိုင်းတွေက ရှကို ကြည်ကြည်ဖြူဖြူ လက်ခံလာတဲ့အချိန်ကာလအထိ ရှ စောင့်နေပါ့မယ်'

'ကောင်းပြီနော် ရှ'

'မေမေက ကိုယ့်ဆန္ဒပါပဲ၊ မင်း ကိုယ့်ချစ်သူအဖြစ်ပဲ သတ်မှတ်တယ်နော်၊ မင်းကို အမြန်ဆုံးလက်ထပ်နိုင်အောင် ကိုယ်ကြိုးစားမယ်'

ကိုသြရသက ရှကို ချစ်ခင်နှစ်သက်မြတ်နိုးပေမယ့် တချို့နေရာတွေတွင် အတ္တကြီးတတ်သည်။ သူ့ကိန်းခန်းကြီးသည့် အကျင့်စရိုက်တွေက ရှကိုချစ်တဲ့စိတ်နှင့် ဟန်ဆောင်ဖုံးကွယ်ထားတတ်သူပင်။ သူ့အချစ်တွေကို လေးစားသည့်အနေနှင့်တော့ ရှကတိအတိုင်း သူ့ချစ်သူအဖြစ် စောင့်ဆိုင်းပြီး နေပေးဖို့ ဆုံးဖြတ်ထားသည်။

ကိုသြရသရဲ့ ကြိုးစားမှုက အောင်မြင်မှု ရှိမရှိတော့ မသိပါဘူး။ ရှတို့ မတွေ့ဖြစ်ကြတာ တစ်လအကြာမှာတော့





ကိုသြရသနှင့် မနန္ဒာတို့ စေ့စပ်ကြောင်းလမ်းခြင်းသတင်းက သတင်းစာထဲတွင် ပါလာသည်။ သူအလုပ်ဝင်နေသည့် ဆေးခန်းသို့ ရှ ရောက်လာခဲ့၏။

သူ့မျက်ဝန်းတွေက တိုးလျှိုးတောင်းပန်နေတဲ့ အရိပ်အငွေ့တွေ လွှမ်းနေသည်။

'ကိုယ့်မေမေ နေမကောင်းဘူး ရှ၊ ကိုယ့်ကြောင့် နှလုံးရောဂါရနေတယ်၊ ဒါကြောင့်ပဲ ကိုယ် ရှကိုစွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ရတာပါ'

'ဒါဆို ရှတာဝန်တွေကျေသွားပြီနော်၊ ကတိလည်း ဆက်တည်စရာမလိုတော့ဘူးပေါ့၊ ကောင်းပါတယ်၊ လူ့ဘဝက တိုတိုလေးပါနော်၊ စိတ်ညစ်စရာတွေ စိတ်ရှုပ်ထွေးမှုတွေနဲ့ မဖြတ်သန်းပါနဲ့၊ ရှကို ဘာမှအားနာနေစရာမလိုပါဘူး ကိုသြရသ'

ရှ အပြုံးတွေနှင့်ပဲ နှုတ်ဆက်လမ်းခွဲခဲ့သည်။ တကယ်ပါပဲ။ ဘယ်လိုပြောရမှန်းမသိအောင်ပင် ရှစိတ်တွေ ပေါ့ပါးလန်းဆန်းသွားခဲ့သည်။

ရှ အပြန်မှာတော့ ကိုကိုနှင့် ကောင်းစစ်လေးတို့ရဲ့ သွေးသားတော်စပ်မှုကို စစ်ဆေးထားတဲ့ DNA ဆေးစစ်ချက်အဖြေကို



www.burmeseclassic.com

www.burmeseclassic.com



သွားယူလာခဲ့၏။ အဖြေက သားအဖတော်စပ်သည်တဲ့။ မာမီဝေ ဘယ်လောက်အထိ ဝမ်းသာမလဲ။ ကောင်းစစ်လေးအတွက် အပျော်တွေသယ်ဆောင်ပြီး ရှု ပြန်လာခဲ့သည်။

'ရှု ဒီနေ့ သတင်းစာထဲမှာ ဒေါက်တာသြရသနဲ့ မနှော တို့ စေ့စပ်တဲ့သတင်း ပါလာတယ်နော်၊ ဘယ်လိုဖြစ်ရတာလဲ ရှုလေးရယ်'

မာမီဝေက ရှုကို ဆီးကြို၍ စိတ်မကောင်းစွာဖြင့် မေး သည်။

BURMESE CLASSIC .com

ရှု ●မဖြေပေ။

ကိုကိုရောဟု မေးလိုက်တော့ မာမီဝေက နားမလည် သလို ကြောင်ပြီးကြည့်၏။ ရှုက လူကွယ်ရာမှာပဲ ကိုကိုလို့ခေါ် တာပါ။ သူ့ကားလည်း ခြံထဲမှာရှိနေ၍ ရှု တွေတွေထူးထူး ရှင်းပြ မနေတော့ဘဲ သူရှိနေတဲ့ အပေါ်ထပ်ကိုပဲ တက်လာခဲ့သည်။ ရှုကို တွေ့လိုက်ရတော့ သူလည်း ကိုသြရသ စေ့စပ်တဲ့သတင်း ကို သိထားပုံရနေ၏။ ရှု့ ရယ်ရယ်မောမောပင် သူ့ရှေ့မှာ ခြေခ် ရပ်မိသည်။

'ကိုကို'





'ရှု… မင်း…'

'ရှုလေ ကိုကို့အတွက် လက်ဆောင်လာပေးတာပါ'

'ဘာများလဲ ရှု၊ ကိုကိုလည်း ပြောပြစရာရှိတယ်၊ လောကကြီးထဲမှာ ဖြစ်ပျက်တတ်တဲ့ သဘာဝအကြောင်းပဲလေ ရှု'

'ဘာလဲ… ကိုသြရသ စေ့စပ်သွားတဲ့သတင်းလား၊ ရှု သိပြီးပါပြီ၊ ဒါက ရှုအစောကြီးကတည်းက သိထားတာပါ'

'ရှုရယ်… ကိုကို စိတ်ပူနေတာပါ၊ ရှုကို ဘယ်လို ဖြေသိမ့်ရမလဲ စဉ်းစားနေတာလေ၊ ရှုကိုကြည့်ရတာ ဘာမှမခံစား ရသလိုပါပဲလား၊ ဟန်ဆောင်နေတာလား ရှုရယ်'

'မဟုတ်ပါဘူး၊ ရှု အဲဒီအကြောင်းတွေ ဆက်မဆွေးနွေး ချင်တော့ပါဘူး ကိုကို၊ အရေးကြီးတာ ကိုကို့ကို လက်ဆောင် ပေးဖို့ပဲ၊ ရော့…'

'ဘာလဲ ရှု'

'ဖတ်ကြည့်လေ'

ရှုလှမ်းပေးတဲ့ စာရွက်လေးကို ဖတ်ကြည့်တော့ သွန်းစစ် ချက်ဝန်းတွေ ရွှန်းလက်တောက်ပ ပျော်ရွှင်သွားရသည်။ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



သားကောင်းစစ်တို့ရဲ့ DNA စစ်ဆေးချက်အဖြေက သွေးတူပြီး သားအဖအရင်းဖြစ်ကြောင်း အဖြေဖြစ်နေသည်။

'ရှ… ဒါ… ဒါ… ကိုယ် အရမ်းဝမ်းသာတာပဲ ရှရယ် အခုမှ ကိုယ့်ရင်ထဲမှာ ပေါ့ပါးလွတ်လပ်သွားတော့တယ်၊ ကိုကို နောင်တတွေလည်း ရတယ်၊ ကိုယ့်သားအရင်းအပေါ် ဒီလောက်ထိ ရက်စက်ခဲ့တာပဲ၊ တောင်းပန်ပါတယ် ရှ၊ ကျေးဇူးလည်း တင်ပါတယ်၊ ရှကြောင့် အမှန်တရားဆိုတာ အချိန်တိုအတွင်းမှာ ပေါ်ပေါက်လာလို့'

ရှမျက်နှာချောချောလေးကို စေ့စေ့ကြည့်ပြီး သူ့စိတ်တွေ ထိန်းချုပ်မှုဘောင်အတွင်းမှ ထွက်သွားရသည်။ ရှပခုံးလေး နှစ်ဖက်ကို သူ့လက်တွေနှင့် ဆုပ်ကိုင်ကာ သူ့ရင်ခွင်ထဲသို့ ရှ ခန္ဓာကိုယ်လေးအား ဆွဲယူပွေ့ဖက်ထားမိသည်။

'ကိုကို့ဘဝအတွက် ရှမရှိလို့ လုံးဝမဖြစ်တော့ဘူးကွာ အရမ်းချစ်တယ် ရှရယ်၊ ရှ ဆရာဝန်မကြီးဖြစ်တဲ့အထိ ကိုကို စောင့်ရှောက်မယ်၊ သားလေးကောင်းစစ်အတွက် ရှပဲ မိခင်တစ်ယောက်လို စောင့်ရှောက်ပေးနိုင်မှာပါ၊ ကိုကိုတို့ သာယာအေးချမ်းတဲ့မိသားစုဘဝလေးကို တည်ဆောက်ကြမယ်နော်'





'အင်း…'

'ရှရယ်'

ရှခန္ဓာကိုယ်လေးအား သူ့ရင်ခွင်မှာအပ်ပြီး အနမ်းလေး ပေးမည်ဟု ပြင်လိုက်စဉ် မာမီနှင့် သားကောင်းစစ်လေးက ရောက်လာပြီး ရှလေးမေးတဲ့ ကိုကိုဆိုတာ ဘယ်သူလဲလို့ သိုက်မေးတာတဲ့။ ပူးကပ်နေရင်းက ရုတ်ရုတ်နှင့် လူချင်းခွာပစ်လိုက်သည်။

'ရှလေးမေးတဲ့ ကိုကိုဆိုတာ သားကိုး၊ ဒီလိုတရင်းတနှီး ခေါ်ရတော့ ဝမ်းသာလိုက်တာကွယ်'

'အားလုံးအတွက် ဝမ်းသာစရာအကောင်းဆုံးက သားကောင်းစစ်လေးနဲ့ ကိုကိုတို့က သားအဖအရင်းဖြစ်ကြောင်း DNA စစ်ဆေးချက်အဖြေ ထွက်လာတာပဲ မာမီဝေ'

'ဟင်… ဟုတ်လား၊ အမလေး… ဝမ်းသာလိုက်တာ၊ သားသွန်းစစ်နဲ့ မြေးလေးအတွက် အခုမှပဲ စိတ်ချမ်းသာရတော့တယ် ရှလေးရယ်၊ မာမီဝေ အရမ်းပျော်သွားပြီ၊ စိတ်အေးရပါပြီကွယ်'

'ဖေဖေ… မေမေ…'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစစ်လေးက နားလည်သိတတ်လွန်းတဲ့ကလေး ဖြစ်၍ ဖေဖေ၊ မေမေဟုခေါ်ကာ ဝမ်းသာအားရ ဖက်လိုက်သည်။

ကိုကိုနှင့် ရကလည်း သားလေးကို ပြန်၍ပွေ့ဖက်ထားကာ မိသားစုတွေ ပျော်ရွှင်ရယ်မောနေကြလေသည်။

**သင်းမြတ်နိုး**



www.burmeseclassic.com